www.burmeseclassic.com

TWO CATS PUBLICATION

# နိုကိုရဲ့ သူရာ ထောင့်မှ အလွဲများ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကိုနှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက် သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC .com


စာမူခွင့်ပြုချက်အမှတ်
၅၀၁၃၇၄၁၂၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၂၈၅၀၁၁၁

**ထုတ်ဝေသူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

**ပုံနှိပ်သူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

**ထုတ်ဝေခြင်း**
ပထမအကြိမ် ၂၀၁၁ ခုနှစ်
အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်

သူရာထောင့်မှအလွဲများ/နီကိုရဲ။ -ရန်ကုန်၊ ၈၉၅.၈၃
ကြောင်နှစ်ကောင်စာပေ၊ ၂၀၁၁။ ၁၈.၅ x ၁၃.၅ စင်တီ။
၁၈၀-စာ (၁)သူရာထောင့်မှအလွဲများ


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | အဖွင့်စကား | ၅ |
| ၂။ | စဉ့်အိုးနှင့်ယောက္ခမ | ၁၀ |
| ၃။ | လေလွင့်သူ | ၂၉ |
| ၄။ | ကန်စွန်းဥပြုတ်နဲ့ ကဗျာဆရာကောင်းဘွိုင် | ၅၃ |
| ၅။ | ဖိနပ် | ၈၅ |
| ၆။ | ကိုရွှေထူး (ပြည်) ၏ နည်း | ၁၀၄ |
| ၇။ | မမူးတဲ့ပင်လယ် | ၁၂၂ |
| ၈။ | "ခဲ" ကလေး | ၁၃၁ |
| ၉။ | လူငတ်သော "နေ့" | ၁၄၈ |
| ၁၀။ | ကားဆရာ. . . "မိန်းမ" | ၁၆၈ |




BURMESE CLASSIC .com

# အဖွင့်စကား

ကျွန်တော် အရက်သောက်ခဲ့စဉ်တုန်းက လွဲခဲ့သည့်အကြောင်းများကို ရေးရမည်ဆိုလျှင်တော့ တော်တော်ကလေးကိုများပါသည်။ ခေါင်းစဉ်ကလေးတွေနှင့် အကြောင်းအရာလေးတွေကို ပြန်ထုတ်ကြည့်တော့ အကြောင်းအရာ (၂၀) နီးပါးလောက်ရှိမည်။ ကျွန်တော် ဖြတ်သန်းခဲ့ရသော စာပေနယ် မိတ်ဆွေနယ်က မိတ်ဆွေတွေ၏ ချစ်စရာကောင်းသောအဖြစ်ကလေးတွေနှင့်ဆိုလျှင်တော့ (၃၀)ဆယ်ကျော်ကျော်လောက် အကြောင်းအရာကလေးတွေ ရနိုင်ပါသည်။

ပထမဦးဆုံးတစ်ခု ပြောချင်တာကတော့ ကျွန်တော် ထိုအကြောင်းအရာများကို ပြန်ရေးရန် ရည်ရွယ်ချက်နှင့် လုပ်ခဲ့ခြင်းလုံးဝ မဟုတ်ခြင်းနှင့် ရေးသည့်အခါတွင်လည်း ကျွန်တော်အပါအဝင် ကျွန်တော့်မိတ်ဆွေများ၏ လူမှုရေးထက် အရက်ကြောင့် မရှုနိုင်မကယ်နိုင်ဖြစ်ရခြင်းကိုသာ အရက်ကြောင့် ထင်မှတ်မထားသည့်ကိစ္စများကို ဦးတည်ပြီးရေးခြင်းဖြစ်ပါသည်. . . ဆိုတာကို ပြောချင်ပါသည်။

ဒီလိုဆိုရင်တော့ ကျွန်တော်နှင့် အရက်အတူတူတွဲသောက်ခဲ့ကြဖူးသူများ ထိတ်လန့်ကုန်ကြမည်လား။ လန့်စရာမလိုကြောင်း ကတိပေးချင်ပါသည်။ဘယ်ကိစ္စကလေးကတော့ဖြင့် ရယ်လည်းရယ်ဖို့ကောင်း သတိထားဖို့လည်းကောင်းသည်။ ဘယ်ကိစ္စကလေးကတော့ ကသိက



www.burmeseclassic.com

www.burmeseclassic.com

အောင့်နှင့် စိတ်ညစ်ခဲ့ရပြီးမှ ရယ်မောကြရသည်။ ဘယ်ကိစ္စကလေးကတော့ ချစ်စရာကောင်းသော အမှတ်တရကလေးဖြစ်သည်ဆိုတာကို ကျွန်တော်ကိုယ်တိုင်က ရွေးချယ်ပါသည်။ (တစ်ချို့ဆရာများကတော့ ထိုသို့ပြောသည့်အခါ. . . "မင်း. . . ဟိုဟာကလေး မှတ်မိသေးလား၊ ဒါကတော့ ပါအောင်ရေးကွ၊ ဖိုးချွဲအကြောင်းကတော့ အကောင်းဆုံးပေါ့ကွာ" "ကိုခင်ဇော်အကြောင်းလေးက ငါတို့ ခုထိ ပြောပြောရယ်ကြတုန်း. . . ကိုတင်ကိုအောင်အကြောင်းတော့ သတိထားရေးကွ၊ သူက ငယ်ငယ်က ဂျူဒိုလား၊ ကရာတေးလား. . . ကစားဖူးတယ်" "အော်ပီကျယ်ကတော့ စံပဲပေါ့. . ." . . . စသည်ဖြင့် သူတို့ပါ၊ပါဝင်သော အကြောင်းအရာကလေးတွေကို ကျွန်တော်မမေ့အောင် သတိပေးသွားတတ်ကြပါသည်။)

ကျွန်တော်ရွေးချယ်ပြီးသော ကိစ္စအပေါ်မှာကြည့်၍ သူတို့ နာမည်ရင်းကို ထည့်သင့်မထည့်သင့်ဆိုတာကိုတော့ ဒုတိယ ဆုံးဖြတ်ချက်နှင့် ကျွန်တော် ရွေးချယ်ပါသည်။ တစ်ချို့ကိစ္စတွေကျတော့ နာမည်အကြောင်းအရာက ရယ်ရလေလေ. . . ကာယကံရှင် ဒုက္ခတွေ့လေလေ ဖြစ်မှာစိုး၍ ကျွန်တော် မရေးတော့ပါ။ သူတို့ကို ခွင့်ပြုချက်တောင်းပြီး ရေးပါလား. . . ဟု ပြောစရာရှိပါသည်။ သို့သော်. . . ထိုအကြောင်းအရာများကို သူတို့က ခွင့်ပြုကြမှာမဟုတ်ပါ။ တစ်ယောက်တစ်လေကို ပြောကြည့်တော့ ခွင့်မပြုသည့်အပြင် ထိုကိစ္စ လုံးဝမဖြစ်ခဲ့ကြောင်း၊ ဖြစ်ခဲ့လျှင်လည်း မူးနေတာဆိုတော့ အမှတ်မှားတာပါဟု ဖွတ်ငြင်းကြပါသည်။

ထို့ကြောင့် အရက်လောကတွင် ဥပမာအသစ်. . . စကားလုံးအသစ်. . . ပြောစမှတ်အသစ်ကလေးသုံးလေးခုလောက်တော့ ဆုံးရှုံးခဲ့ရပါသည်။

နောက်ဆုံး ကျွန်တော် တောင်းပန်ချင်တာကတော့ သူတို့၏ အိမ်သူသက်ထား ဇနီးမယားများကိုပင်ဖြစ်ပါသည်။ တစ်ချို့က တစ်လမ်းလုံး နလန်မထူနိုင်၊ မတွဲနိုင်လောက်အောင်မူးလာပြီး အိမ်ကမိန်းမ





ရှေ့ကိုရောက်တော့ လုံးလုံးမမူးသည့်ပုဂ္ဂိုလ်များ၏ ဇနီးများက သူတို့ ခင်ပွန်းကြီး ဒီလိုဖြစ်တယ်ဆိုတာသိရလျှင် ကျွန်တော့်ကိုသာ မေတ္တာပွားစရာရှိပါသည်။ တစ်ချို့ဇနီးတွေကို ပြောပြတော့ ရေးဖို့အားပေးသည့်အပြင် ကျွန်တော်ရေးမည့်ကိစ္စထက် ပို၍ကောင်းသောဇာတ်ကွက်ကိုပင် ချီးမြှင့်လိုက်သေးသည့်အတွက် ထိုကဲ့သို့ ကိုယ့်ယောကျ်ားအကြောင်းကို အမြတ်တနိုး သိမ်းထားလေ့ မှတ်သားထားလေ့ရှိပြီး အားလုံး မျှဝေခံစားစေလိုသည့် စေတနာရှိ ဇနီးမယားများအား ကြိုဆိုလိုက်ပါသည်။

အမှန်တော့. . . ကျွန်တော် ထိုကိစ္စတွေကို ကြိုမရေးချင်ပါ။

ကိုယ်တိုင်ရေး. . . ကိုယ်တိုင်ဖြစ်. . . ကိုယ်တိုင်ခံဟုသာ ခံယူသင့်ပါသည်။ အနုပညာကို ဝါသနာပါသူသည် သူနှင့် အနီးကပ်ဆုံးသော ပတ်ဝန်းကျင်ကို ဘယ်တော့မှ မေ့ထားလေ့မရှိကြဘူးမဟုတ်လား။ ဒီတော့. . . ကျွန်တော်လည်း ကျွန်တော် ခပ်ကြာကြာဝင်နားဖြစ်သော "သူရာထောင့်မှအလွဲများ" ကို အမှတ်တရ မှတ်တမ်းကလေးအဖြစ် ရေးခြင်းဖြစ်ပါသည်။

ဆရာကြီးရွှေဥဒေါင်း၊ ဆရာကြီးသော်တာဆွေ. . . ဆရာ(ကြီး) မင်းလူတို့က သူတို့ပတ်ဝန်းကျင်က အရက်သောက်သူများ၊ အရက်အကြောင်း. . .၊ အရက်၏ဆိုးဝါးမှုများ သံဝေဂရဖွယ်များ ရယ်စရာများကို ရေးခဲ့ကြပြီးဖြစ်ပါသည်။ အခု ကျွန်တော်ကလည်း ရေးမိပါပြီ။

ဆရာကြီးရွှေဥဒေါင်းလေနှင့် ပြောရမည်ဆိုလျှင်. . "ကျွန်ုပ် အရက်သောက်ခဲ့စဉ်က တွေ့ကြုံခဲ့ရသောဖြစ်ရပ်များကို ပြန်ပြောင်းစဉ်းစားရင်း စိတ်ထဲတွင် အစွဲကြီးစွဲနေသောကိစ္စများကို ပြန်ရေးမည်ဆိုလျှင် အကြောင်းအရာပိုင်းမှာ ရှေးယခင်က ရေးခဲ့ပြီးဖြစ်သော ဆရာကြီးအားလုံးကို ယှဉ်ပြိုင်ဝံ့ပြီး သူတို့ရေးသကဲ့သို့ ဖတ်၍မကောင်းဟုဆိုလျှင် ကျွန်ုပ် နီကိုရဲ၏ လျှော်ချက်တစ်ချက်သာလျှင် ဖြစ်ပါကြောင်း. . .။

■



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## စဉ့်အိုး နှင့် ယောက္ခမ

BURMESE CLASSIC .com

ထိုနေ့မှာ. . .

နေ့လည်မိုးရန့်ကလေးသင်းနေပြီး ကမ်းနားလေအေးကလေး တိုက်ခတ်နေသော လေထန်ကုန်း၏ စနေနေ့ညနေခင်းကလေး ဖြစ်လေသည်။

လေထန်ကုန်းဆိုင်ပိုင်ရှင် ကိုမျိုးသိမ်းက အပေါ်ယံအကာတွေ ကျွတ်ကျပြုတ်ထွက်ကုန်ပြီဖြစ်သော ပဲမုန့်ပန်းကန်ထဲမှ ပဲမုန့်များကို ရွှေထည်ကိုင်သလို ရှရှလေးကိုင်၍ မုန့်ဘီဒိုထဲသို့ ဂရုတစိုက်ပြန်ထည့်ပြီဆိုလျှင်သော်လည်းကောင်း. . . .၊ ပွဲတွေ့လျှင် ကဗျာရွတ်ရမည်ဆိုသော ကျွန်တော်တို့၏ ကဗျာဆရာက ဆရာကြီးဒဂုံတာရာ၏ ဆောင်းပါးတစ်ပုဒ်ကို ကိုးခေါက်ခန့်လောက်ချိုးကျုံးပြီးပြီဆိုလျှင်လည်းကောင်း. . လေထန်ကုန်းထဲသို့ ဝင်လာသမျှလူတွေကို ဟာသလုပ်လုပ်ပစ်နေသော ကာတွန်းဆရာအုပ်စု. . . ငြိမ်သက်သွားပြီဆိုလျှင်လည်းကောင်း. . .၊ ဆရာမ မိုချကာ သူမ၏ရှစ်လိပ်မြောက်စီးကရက်ကို ထိုးချေချလိုက်ပြီး ပေါင်ပေါ်မှာတင်ထားသော လွယ်အိတ်ကို ကောက်လွယ်လိုက်ပြီဆိုလျှင်လည်း ကောင်း. . . ၃၃-လမ်းထဲရှိ ဆိုင်မျိုးစုံမှ မှာယူစားသောက်ထားသော ပန်းကန်ခွက်ယောက်များကိုသိမ်းရင်း





လည်ပင်းကရွှေကြိုးကြုတ်ကို ကိုငယ်လေး တစ်လှုပ်လှုပ်လုပ်ပြီဆိုလျှင်လည်းကောင်း. . . ဆရာဦးရန်ပိုင် ထပြန်ပြီ ဆိုလျှင်လည်းကောင်း. . . လေထန်ကုန်းသည် နိမိတ်စုံ၍ ဤနေ့အဖို့ သက်တမ်းကုန်ပြီဖြစ်လေသည်။

သက်တမ်းကုန်သော လေထန်ကုန်းတွင် ကျင်လည်ကျက်စားကြကုန်သော ကျွန်တော်တို့စာရေးဆရာ၊ ပန်းချီဆရာ၊ ဆောင်းပါးဆရာ၊ သတင်း၊ အတင်း၊ မီဒီယာ၊ ကွန်ပျူတာ. . .စသော ဆရာများမှာ နေ့တွင်ခံ၍ ညတွင်စံကြရေးအတွက် အချင်းချင်းနှုတ်ဆက်ပြီး မိမိတို့ဘုံဗိမ္မာန်သို့ လစ်ကြပြီဖြစ်သည်။

ဒီနေ့ နေ့လည် မိုးကြိကလေးကျထားသဖြင့် ညနေခင်းသည် စိတ်ထဲမှာ ချိန်ကြည့်လျှင်ပင် လေးနေသည်ဟုထင်ရသည်။ "ရာသီဥတုက ကိုယ့်ဘက်ပါတယ်. . ." ဆိုသော ခပ်ကြမ်းကြမ်းစကားမျိုးနှင့် သိပ်မလိုက်ဘဲ. . . ရည်းစားက "တွေ့မှပြောမယ်. . ." ဟု အချိန်းထားခံရသူလိုစိတ်မျိုးနှင့် ကိုယ့်အသူရာထောင့်ကို ကိုယ်ချီတက်ကြသည်ဟု ဆိုချင်သည်။ (ထိုသို့ချီတက်ရာတွင် အထာကလေးတွေရှိကြောင်း နောင်မှ ရေးပါဦးမည်. . .။)

တော်တော်များများ ထ,သွားပြီးသည်အထိ ကျွန်တော်တို့ ခုံကမထ,ဖြစ်သေးတာက ပိဋကတ်သုံးပုံ ကုသိုလ်ပြုကာတွန်းဆရာကို ကုသိုလ်ယူလိုက် အရက်သောက်လိုက်နှင့်ဟု သွားစကာ စ,မိလိုက်သည့်အခါ ကျမ်းကိုးကျမ်းကားများစွာဖြင့် အရက်သောက်ခြင်းအကုသိုလ်နှင့် ပိဋကတ်သုံးပုံ ကုသိုလ်တို့မှာ အချင်းချင်း ရောယှက်သွားခြင်းမရှိကြောင်း၊ အကျိုးပေးတစ်ခုစီဖြစ်ကြောင်းကို ငြင်းသလို ပုံစံမျိုးနှင့် ပထမစ,၍ နောက်တရားဟောသည့်ပုံစံသို့ တဖြည်းဖြည်းပြောင်းလာလေသည်။ ကာတွန်းဆရာတို့မည်သည် ဥပမာပေးကောင်းတတ်သည်။ ဥပမာရှာလည်း သိပ်လွယ်ကြသည်။ အခု. . . ကာတွန်းဆရာရှာသော ဥပမာကို ကာတွန်းဆရာတွေက ဝိုင်းဖျက်ပြီး ပြန်ဥပမာရှာနေကြတာမို့ ဝိုင်းက တော်တော်လေးကောင်းနေသည်။ သို့သော် သိပ်မမြူးလှ။ ပီကာ



www.burmeseclassic.com

www.burmeseclassic.com

နှင့် ကြေးအိုးစွတ်ရန်မရသေး။ Rum နှင့် ကြက်ဥမွှေကြော်ရန်မပါသေး။ ထိုရန့်များနှင့်ဆိုလျှင် ထိုစကားဝိုင်းသည် အား ချက်ချင်းထ,ကောင်းပြီး တစ်ယောက်တစ်ခွန်းဝိုင်းပြောရင်း ပြောစရာမရှိတော့သဖြင့် နောက် ခေါင်းစဉ်တစ်ခုလောက် ပြောင်းသွားလောက်ပြီဖြစ်သည်။

ကိုမျိုးသိမ်းက လက်ထဲမှာ ကားစပါယ်ယာတွေကိုင်သလို ကိုင်ထားသော ပိုက်ဆံတွေကို ရေတွက်နေသည်။ ကျွန်တော်တို့ရှင်းငွေကို ကိုမျိုးသိမ်းက ကားစပါယ်ယာတွေကိုင်သလို ကိုင်ထားတာ သဘာဝကျပါသည်။ ကျွန်တော်တို့သည် လေထန်ကုန်းကားကြီးကိုစီး၍ စာပေခရီးကိုသွားကြသည်။ မောင်းသူကလည်းသူ စီးသူတွေကလည်း ကျွန်တော်တို့. . .။ ဒါပေမဲ့ သူ့လေထန်ကုန်းကားကြီးကလည်း ထွက်မြို့ ဒီဥပမာက ရိုးလွန်းသည်ဟု စာဖတ်နာသူများက ဆိုကြမည်။

ဒီလိုဆိုရင်လည်း လေထန်ကုန်းကို ကိုချောနွယ်အကြိုက် ဘားတစ်ခုလို့ ဆိုကြပါစို့။ ကိုယ့်အသင်းဝင်ကဒ်နဲ့ကိုယ် လာရတဲ့ဘား။ အမောအားကောင်းကောင်းနဲ့ စကားလုံးတွေကို ချောင်းမြောင်းလုပ်ကြဖို့ ရောက်လာရတဲ့ဘား. . .။ သွေးထားတဲ့ဓါးကို အားအပြည့်ထည့်ပြီး ယူလာခွင့်ရှိတဲ့ ဘား. . .။ ညနေခင်းနဲ့တွဲကဖို့ စကားလုံးကလေးတစ်လုံးနှစ်လုံးကို ကြေးစားခေါ်ခေါ်လာတဲ့ ဘား. . .။ အိမ်က ကလေးတွေနဲ့ မိန်းမကို အမေ့ခံပြီး ကိုယ်တတ်တဲ့ဘာသာစကားနဲ့ကိုယ် လူတွေအပေါ် အပျော်ကြံနေတဲ့ဘား. . .။ ညနေရီမှာ ငွေအားနဲ့လူအား ဘယ်အားရဲ့ ဆွဲအားဘက်ကို လဲကျသွားမလဲဆိုတာ မသိသေးတဲ့ ဘား. . .။

ထားပါ။

ကိုမျိုးသိမ်းတပည့်ကလေး. . . ရေနွေးအိုးထဲက လက်ဖက်ခြောက်အနွမ်းတွေ သွန်နေပါပြီ။ ညအထွက်ခရီးဆက်မယ့် ဆိုင်တွေဆီက မီးပွင့်တွေ့ရပါပြီ။ နောက်ဖေးလမ်းကြားလည်း စိတ်ကူးစစ်ရည်အနံ့နဲ့ စိုစွတ်နေပါပြီ။

"DVD City ဝင်ဦးမှာမဟုတ်လား"

ဖိုးစောက ထရပ်ရင်းမေးသည်။





"ဟင်. . . မသွားသေးဘူးလား"

"အောင်မာ. . . ဘာလဲ နင်က နင့်ယောကျ်ားကို မြန်မြန်တိုက်ချင်နေပြီလား"

နံဘေးမှာ ကိုရွှေထူးက ကျွန်တော့်ဇနီးလေဒီချပ်ပြားကို စ,သည်။ ကျွန်တော့်ဇနီးသည် ကျွန်တော် ညနေဘက်ထွက်လေ့ရှိသော လေထန်ကုန်းသို့ လိုက်လာတတ်လေ့ရှိသည်။ ပထမတော့ မိန်းမပီပီ ဘားလမ်းကို မျက်စောင်းထိုးချင်၍ဖြစ်ကောင်းဖြစ်မည်။ GIORDANO ဆိုင်က ကောင်မလေးတွေနှင့် ရင်းနှီးချင်တာဖြစ်ကောင်းဖြစ်မည်။ ဘားလမ်းပေါ် ချထားတဲ့ပစ္စည်းတွေကို အံ့သြပြီး ပိုင်ဆိုင်ချင်စိတ်ရှိချင်တာလည်းဖြစ်ချင်ဖြစ်မည်။

ဒါပေမဲ့ တကယ်ဖြစ်သွားတာကတော့ ၃၈-လမ်း "ဝေလမင်း" ဆိုင်က တရုတ်ကြီး ကိုဒွေးဝင်းနှင့် မောင်နှမတွေလိုဖြစ်သွားတယ်။ ကိုဒွေးဝင်းဆိုင်က စားပွဲထိုးကလေးတွေနှင့် ငယ်ပေါင်းတွေလိုဖြစ်ကုန်သည်။ လေဒီချပ်ပြားသည်. . . ညနေစောင်း၍ ကျွန်တော် မြို့ထဲတက်လျှင် သူလည်း မလိုက်ရမနေနိုင်ဖြစ်လာသည်။ ကျွန်တော်တို့ရယ်ကြမောကြ၊ ဆူကြည်ကြ၊ အော်ကြငြင်းကြတဲ့နေရာမှာ သူကလည်း ကြေးအိုးသောက်လိုက်၊ အမြည်းစားလိုက်လုပ်ရင်း ကျွန်တော်တို့က အရက်စွဲ သူက အမြည်းစားစွဲလာသည်။ တနင်္ဂနွေနေ့ ကျွန်တော်တို့မဆုံကြသည့်နေ့ဆိုလျှင် ညနေစောင်းလျှင် လေဒီချပ်ပြား ဟိုဟာစားချင်၊ ဒီဟာကိုက်ချင်ဖြစ်နေတတ်သည်။ တစ်ခါတစ်လေ. . . ကျွန်တော် မြို့ထဲမတက်သည့်ရက်များဆိုလျှင် လေဒီချပ်ပြားက အိမ်မှနေ၍ ကိုရွှေထူးတို့ ဖိုးစောတို့၏ ဖြစ်နိုင်ချေကို ခန့်မှန်းနေတတ်၏။ ခုလောက်ဆို ကြေးအိုးစွပ်တော့ကုန်ပြီ၊ ဝက်နံရိုးနုပြောင်ပြီ. . . စသည်ဖြင့်ဖြစ်သည်။ ကျွန်တော်တို့က အရက်ကို တမ်းတပြီး သူက. . . လူကိုတမ်းတသည်။

အရက်မူးရင်း ကျွန်တော်တို့ပြောတတ်သည့် ရယ်စရာတွေ၊ အိုက်တင်တွေကို သူက ပြန်ပြောပြသည်။ ထို့ကြောင့် ကျွန်တော်တို့ဝိုင်းထဲတွင် မိန်းကလေးတစ်ယောက်ပါနေခြင်းကို ဆိုင်ရှင်ရော ပုံမှန်လာ



www.burmeseclassic.com

www.burmeseclassic.com

ရောက်သောက်စားကြသူတွေကပါ မထူးဆန်းကြ။ ကျွန်တော်တို့ Rum တစ်ပုလင်းနှင့် တစ်ပိုင်းကုန်ပြီးနောက် တစ်ပိုင်းထပ်ယူလိုက်ကြသည် ဆိုလျှင်ပင် အားလုံးက ကျွန်တော့်ဇနီး လေဒီချပ်ပြားခေါ် အီတွန့်ပွန် ကို "အစာပိတ်" ဟု ဝိုင်းအော်တတ်ကြပြီး လေဒီချပ်ပြားက ၃၈-လမ်း ဈေးသို့ဆင်းသွားပြီး လက်ဖက်နှင့်အကြော်စုံကို ဝယ်လာသည်။ ပြီးတော့ ကိုဌေးဝင်းဆိုင်က ဆီ၊ ဆား၊ အချိုမှုန့်တို့ကိုယူ၍ ပန်းကန်တစ်ပန်းကန် အပြည့်သုပ်ပြီး အစားပိတ်သောက်ကြ၏။

ဝိုင်းနီးပါးနီးမှ ခင်မင်နေသူများ၊ စာပေဘော်ဒါများကိုလည်း အစာပိတ်လက်ဖက် ဝေငှတတ်သေး၏။ ကျွန်တော်တို့အရက်သောက်ပုံ မှာ ဆိုင်မှာသောက်နေသည်နှင့်မတူဘဲ အရက်ကို အလှူလုပ်၍သောက် နေသလို ဖြစ်နေ၏။ ကိုယ့်စားစရာတွေ ဟိုဘက်ပေးလိုက်၊ ဟိုဘက်က ပစ္စည်းတွေ ဒီဘက်ရွှေ့လိုက်နှင့် ရှုပ်ယှက်ခတ်နေတတ်ကြသည်။

ဒီလိုဖြစ်နေကြတာကို ဆိုင်ရှင် ကိုဌေးဝင်းက မကန့်ကွက်သလို ဘေးလူများကလည်း ဖိမ်ပျက်တယ် သဘောမထားကြပါ။ ထိုစဉ်က ကျွန်တော်တို့ဝိုင်းနားမှာရှိသည့် လူတွေကလည်း ကိုယ့်လူတွေချည်းဖြစ် သည်။ ဘေးနားမှာ ကိုကျော်ကျော် (ရွှင်ပြုံး) အဖွဲ့ရှိချင်ရှိမည်။ ဆရာ လင်းဝေမြိုင်တို့အဖွဲ့ ရောက်ချင်ရောက်နေမည်။ ကိုရဲဌေးကိုလည်း တွေ့ ရတတ်၏။ တစ်ဝိုင်းကျော်တွင် ဒီဇိုင်းကိုဆန်းနှင့်ညီများ (San & Brothers) အဖွဲ့ ရှိချင်ရှိမည်။ (ထိုအထဲတွင် အကြည်တော်လောင်းလျာ ဗိုလ်ကြည် ပါသည်။) သူက အဲဒီတုန်းက စာမရေးသေး. . . ရေးစရာတွေစုနေပုံရ သည်။

အရက်သောက်တုန်းကအကြောင်းရေးတာ မိန်းမကို ဆည့် ကြွားနေရသလားဟု ဆိုသူတွေဆိုကြမည်။ အခုကိစ္စမှာ ကျွန်တော့်ဇနီး က အမိကမို့ရေးရခြင်းဟု သည်းခံပေးကြစေလိုသည်။

"သူက တိုက်လည်းသောက်မှာပဲ၊ မတိုက်လည်းသောက်မှာပဲ၊ သမီးက ဗိုက်ဆာနေလို့ကို ရွှေထူးကိုမေးတာ. . ."

"ဩော်. . . အဲဒါဆို ကိုရဲတို့ သွားနှင့်ကြလေ. . .၊ ကျွန်တော်





အခွေဆိုင်သွားဦးမှာ"

"ကျွန်တော်လည်း သွားမှာပဲ၊ ကိုစိုးစံဝင်းတို့က ဆိုင်တန်းသွား မှာလား"

"ကျွန်တော်တို့က ရွှင်ပြုံးခဏဝင်ဦးမှာ. . ."

"လာပါဟာ. . . နင်သိပ်ဆာနေရင် ငါတို့ စောသွားကြတာပေါ့ . . . လာ"

လေဒီချပ်ပြားက ကိုရွှေထူးနှင့်ပါသွား၏။ ကျွန်တော်တို့အုပ်စု က လေထန်ကုန်းကို ထိုင်ပြီး သွားစရာရှိတာ လုပ်စရာရှိတာတွေကို လုပ်ကြသေးသည်။ ပြီးလျှင် ၃၄-လမ်းက မိုးကျော်၏အခန်းတွင် စုမည်။ Computer Game ကစားချင်ကစား၊ စကားပြောလျှင်ပြော။ ပြီးတော့မှ မိုးကျော်အခန်းမှ လူစု၍ ဝေလမင်းသို့ ချီတက်လေ့ရှိကြသည်။ တစ်ချို့ နေ့တွေလည်း ဝေလမင်းကို မရောက်တော့ဘဲ မိုးကျော်အခန်းတွင်ပင် Seven Store မှ ပုလင်းဝယ်ကာ ကြိတ်ချင်ကြိတ်ကြ၏။

ဒီနေ့ကတော့ ကိုယ့်အစီအစဉ်နှင့်ကိုယ်သွားကြပြီး ဝေလမင်း တွင် ပြန်ဆုံကြမည်ဖြစ်သည်။ ပိန္နကတ်သုံးပုံကာတွန်းဆရာ၊ စောမင်းဝေ နှင့် ကျွန်တော်တို့ ၃၄-လမ်းထဲတွင်ရှိသော DVD City သို့သွားကြရင်း ကာတွန်းဆရာနှစ်ယောက်က ဒိုင်နိုဆော Animation အကြောင်း ပြော လာကြ၏။

"လိုက်ဖို့တော့ တော်တော်ကြီးကို မလွယ်တော့တာပါဗျာ၊ အဲဒီ ကားက ငွေအားရော၊ လူအားရော၊ အချိန်အားရော အကုန်ပေးပြီး သေသေချာချာလုပ်ထားတယ်ဆိုတာကို Screen တစ်ခုလုံးကို အသေး စိတ် ကြည့်တာနဲ့ကို မြင်တယ်၊ သိသာတယ်။ သတ္တိရှိရှိ မပြနိုင်တာက လည်း ရှက်စရာကောင်းတဲ့အထဲမှာ တစ်ချက်ပေါ့ဗျာ"

ကာတွန်းဆရာက Walt Disney ကို မကျေမနပ်ဖြစ်နေသည့် Subject တော့တင်နေပြီ။ ဝေလမင်းမှာ ကြေးအိုးစွပ်မသောက်ဘဲ ဒိုင်နို ဆောစွပ်တွေ သောက်ပစ်ချင်ပစ်နေမှာဟု တွေးမိ၏။ DVD ဆိုင်က ဆင်းတော့ မိုးကျော်အခန်းကို ရောက်သေးသည်။ ပြီးတော့ ရွှင်ပြုံး. . .



www.burmeseclassic.com

www.burmeseclassic.com

ပင်နီစာအုပ်တိုက် အဲဒီဘက်တွေ အကုန်လျှောက်ဝင်တော့. . . ဝေလမင်းမှန်းသိနေကြသည့် ဘော်ဒါတွေ ထပ်တိုးပါလာခဲ့သည်။ နေ့စဉ်ပါလာနေကျမို့ ဘယ်သူတွေလည်းဆိုတာ အထူးတလည် မမှတ်မိတော့. . .။

ဝေလမင်းကိုရောက်တော့ လေဒီချပ်ပြား ကြေးအိုးသောက်ထားသည်ကလွဲ၍ ဘယ်သူမှ ဘာမှမလုပ်ကြရသေးပါ။ ဘာမှလည်းမမှာရသေးပါ။ လူစုံပြီဆိုမှ Rum ပထမတစ်ပုလင်းကို မှာလိုက်ကြသည်။ ကြေးအိုးစွပ်နှင့် ပန်းဂေါ်ဖီကြက်ဥရောကြော်၊ နံရိုးကြွပ်. . . ရေသန့်ဘူး။

ဖန်ခွက်တွေတန်းစီပြီး ဖိုးစောက တန်းစီပြီးထည့်သည်။ ကိုယ်ကြိုက်တဲ့ခွက်ကိုဆွဲ။ မများစေရ. . . မနည်းစေရ. . . ရေကတော့ ကိုယ့်သဘောသာဖြစ်သည်။ ပိန္နကတ်သုံးပုံ ကာတွန်းဆရာကြီးကတော့ ရေမရော. . . ဒီအတိုင်းသောက်၏။ အင်္ဂလန်ကိုသွားလိုက်တာ ပြန်လာတော့ ပြောင်းလဲလာတာဆိုလို့ အရက်-၂ပတ်လောက်ကို ရေမရောဘဲ စွတ်ကယ်စွတ်ကယ် သောက်တတ်လာတာပဲရှိ၏။ ထို နိ ၂-ခွက်ဆိုလျှင် ကျွန်တော်တို့ ကာတွန်းဆရာကြီးက ဆက်မသောက်တော့။

"အဲဒီလိုသောက်ရတာ နိပ်တယ်ကိုရဲရ၊ အဝင်မကောင်းတော့ သိပ်မသောက်ဖြစ်တော့ဘူး၊ ထိန်းပြီးသားလိုဖြစ်သွားရော"

"အစ်ကိုကြီးသောက်ပုံက သူတို့ဆီက အရက်မျိုးနဲ့မှ ကောင်းမှာပါ အစ်ကိုကြီးရာ၊ Rum လို အရက်မျိုး ဘာမှမရောဘဲသောက်ရတော့ သေရောပေါ့"

"ကျွန်တော်ကလည်း ထိန်းချင်တာကိုးဗျ"

သွေးမနွေးခင် ကိုယ့်အနားကလူနှင့် ကိုယ် ထွေရာလေးပါး စကားလေးတွေနှင့် စ,ကြရသည်။ လေကြောင်းကျရာ စကားကလေးနှင့် သွားကြရသည်။ အူကမရွှင်သေး။ အမြည်းရော အရက်ပါ သိပ်ခရီးမသွားကြသေး။ သွေးနွေးတုန်း. . . လေညှိကြတုန်း. . . အာရုံခေါ်ကြတုန်း။ ဝိညာဉ်စုကြတုန်းပဲရှိသေး၏။ ညှိတာ၊ ခေါ်တာ၊ စုတာတွေ





အားလုံးစုံပြီး ကိုယ့်နေရာကိုယ်ရောက်ကြပြီဆိုလျှင်တော့ အာရုံဟောင်းအညောင်းဆန့်ပွဲကြီးသည် ဘယ်မှာ ပြီးမည်ဆိုတာကို ဘယ်အနာဂါတ်ကြည့် ဝိဇ္ဇာမှမသိနိုင်တော့ပြီ။

"မိုးကျော်ကြီးက (၇)နာရီလောက်မှ လိုက်လာမယ်တဲ့. . ."

"ကိုစိုးစံဝင်းကို မှာလိုက်လို့လား"

"သူက အခုလိုက်တော့မလို့၊ ကျွန်တော်နဲ့နေတုန်းမှာ တောင်ကြီးက Phone ဝင်လာလို့ကျန်ခဲ့တာ၊ လာမှာကျိန်းသေတယ်"

ကျွန်တော်က တစ်ခြားကြောင့်မေးခြင်းမဟုတ်။ မိုးကျော်က ကျွန်တော်တို့ တစ်လုံးခွဲလောက်ကုန်ချိန်ကျမှ ရောက်လာမည်။ သူက နောက်တစ်လုံးထပ်မှာပြီး အမီလိုက်မည်။ ကျွန်တော်တို့က တက်နေသောစိတ်နှင့် လိုက်သောက်တော့ မှောက်ချင်ချင်တွေဖြစ်ကုန်ကြမည်။

ဒီနေ့ ဒီလိုအဖြစ်ခံလို့မရ။ ညကျလျှင် စာရေးစရာတွေရှိသေးသည်။ ကျွန်တော် ရေးလက်စလုံးချင်းကို ပြတ်ချင်လှပြီ။ သူ့ကိုထမ်းထားရသည့်ဝန်က မလေးလှသည့်တိုင်အောင် နောက်အလုပ်တွေအတွက် ခရီးမတွင်ဖြစ်နေသည်။ ဒီမှ ရသလောက် သူ့ကိုဖြတ်မည်ဟုစိတ်ကူးထားသည်။ ဒီတော့ အခု အသောက်ကိုနှေးထားမှဟု သတိထားရသည်။

"နေမကောင်းဘူးလား"

လေဒီချပ်ပြားက ကျွန်တော် လက်ကိုင်နှေးသဖြင့် စိုးရိမ်စိတ်ကလေးနှင့် မေး၏။

"ဒီနေ့. . . လျှော့မလားလို့"

"အို. . . ကောင်းတာပေါ့"

နောက်နှစ်ခွက်လောက်လှည့်ပြီးတော့ ဖိုးစောတို့ ကိုရွှေထူးတို့ ပွဲကောင်းစပြုလာကြပြီဖြစ်သည်။ စကားပြောသံ ဆူညံလာကြပြီဖြစ်သည်။ အကြောင်းအရာတစ်ခုတည်းကို သူက သူ့ထက်ရယ်ရအောင်လုပ်ပြောလာပြီဖြစ်သည်။ အရှိန်ရကာစ သွေးထဲတွင် စကားလုံးအသစ်တွေက တွေးတိုင်းရဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်သည် အရက်စ,သောက်၍ကောင်းသော အချိန်လည်းဖြစ်သည်။ ကျွန်တော်က တစ်ခွက်နောက်ကျနေသဖြင့် ထိုနေရာသို့ မရောက်သေး။ ကျွန်တော်ဝင်ပြောသော်လည်း ရေချိန်မကိုက်သေးသော ကျွန်တော့်စကားတွေက အရက်ရာမဝင်သေး. . .။ အရက်တောထဲတိုးနိုင်သည့် အသံအင်အား မရှိလှသေး. . .။

တကယ် အရက်တောထဲတိုးနိုင်ပြီဆိုလျှင် အရက်တောတိုးသံကြီးနှင့် ကိုယ့်စကား လူနားထောင်တာမထောင်တာ မသိတော့။ ထိုစကားကို အပြီးထိရောက်အောင်တော့ ပြောတော့သည်။ လူနားထောင်တာမထောင်တာ၊ မှန်တာမမှန်တာ၊ နားလည်တာမလည်တာ အဲဒီအချိန်မှာ အရေးမကြီး။ ပြောချင်တာကို အပြီးထိပြောထည့်လိုက်ရသော အရသာကိုက တော်တော်ကြီးကိုရှိနေပြီ။

ဒီလိုအသံမျိုးကြီး ရှိနေပြီဆိုလျှင်လည်း တစ်ဝိုင်းလုံးက ရှောင်ပေးပြီး အပြီးထိ ပြောခွင့်ပြုကြတာပဲဖြစ်သည်။ ယခု ကျွန်တော့်ဆီမှာ အရက်တောတိုးသည့်အသံ မရသေး။ ကျွန်တော့်အသံက အရက်ရာမဝင်သေး။ ထို့ကြောင့် ကာတွန်းနှင့်လူပေါင်း၍ ရုပ်ရှင်ရိုက်ကူးရန် ကိစ္စမှာ မလွယ်ကူသေးကြောင်း ကျွန်တော့်စကားကို ဘယ်သူမှ ဆုံးအောင်နားမထောင်ကြ။ အရက်တောတိုးကာစအသံတွေ နောက်သို့သာ မျက်နှာတွေက ပါ,ပါသွားကြ၏။

ကျွန်တော် ခပ်ပြင်းပြင်း တစ်ခွက်စပ်လိုက်သည်။ ပြီးလျှင် ကိုက်မည့်နံရိုးကို အသေချာရွေးထားလိုက်သည်။ ထို့နောက် ကျွန်တော် ညင်ညင်သာသာပင် တစ်ခွက်လုံးကို မျှင်း၍သောက်သည်။ တစ်ခွက်ကို ထုံးစံအတိုင်း ၂-ကြိမ်နား သုံးခါမော့မလုပ်တော့။ ကြွေးကျန်တစ်ခွက်ကို လိုလိုချင်ချင် ဖြည့်ဆည်းပစ်လိုက်သည်။ ဝက်နံရိုးသည် ပါးစပ်ဖျားမှ အရက်အရသာအကြွင်းအကျန်နှင့် တော်တော်ကလေး အဆင်ပြေလျှက်ရှိလေသည်။

အဲဒီနေ့က မိုးကျော် တော်တော်လေးနောက်ကျမှ ရောက်လာခဲ့သည်။





အားလုံးက မိုးကျော်ကို နောက်ကျသည့်အတွက် ဂရုတစိုက်ဝိုင်းအပြစ်တင်လိုက်ကြသည်။ မိုးကျော်ကြီးက အပြစ်တင်သံတွေအားလုံးကို ကျေနပ်ပီတိစိတ်နှင့် တောင်းပန်သည်။ ကိုယ့်ရှေ့မှကျနေသည့် ပြောစရာစကားတွေကိုတောင် အကုန်မပြောနိုင်ကြတာ Subject အသစ်ကို ဘယ်သူမှ မတင်မိကြ။ ဒါပေမဲ့ ရောက်လာတော့ ဂရုတစိုက် အပြစ်လှလှတင်ကြ၏။

မိုးကျော်ကလည်း ပါးပါသည်။ သူနှင့် အလုပ်ကိစ္စစကားပြောကြသော ပုဂ္ဂိုလ်တို့ဆိုင်တစ်ဆိုင်မှာ ထိုင်ခဲ့ကြပြီးပြီဖြစ်၏။ မိုးကျော်ကွမ်းဝါးသော နှုတ်ခမ်းလှုပ်ပုံကိုကြည့်လျှင် သူ ဘယ်လောက်ရောက်ပြီဆိုတာကို ကျွန်တော်တို့အားလုံး သိကြသည်။ သို့သော် မိုးကျော်က ထုံးစံအတိုင်း တစ်လုံးလုပ်၏။

"မများဘူးလား"

ဆိုသော တာဝန်ကျေစကားလေး တစ်ခွန်းစ,တော့ ကြားလိုက်ရ၏။ ဘယ်သူပြောချလိုက်မှန်းမသိ. . . ဘယ်သူကမှလည်း ထိုစကားနောက်သို့ မလိုက်ကြ။ ဒီတစ်လုံးထဲက အများဆုံးနှစ်ခွက်ပဲဟု ကျွန်တော်တွေးပြီး စိတ်ထဲကဖြတ်နေမိသည်။ အဲဒီအချိန်မှာ လေဒီချပ်ပြားက အနားကပ် တွတ်ထိုး၏။

"စောစောပြန်ရအောင်နော်"

"ဘယ်လိုဖြစ်ရပြန်ပြီလဲ"

"အမေ နေမကောင်းလို့၊ အဲဒါ အပြန်ဝင်မေးမလို့"

"ဟာ. . . မင်းက အဲဒါ စောစောက ဘာဖြစ်လို့မပြောတာလဲ"

"ရပါတယ်. . . အိမ်ကို လိုက်မနေနဲ့လေ၊ လမ်းထိပ်မှာပဲချပေးခဲ့ပေါ့၊ ရတာပဲ"

ကျွန်တော် နာရီကိုကြည့်တော့ ကိုးနာရီခွဲ၊ ကားငှားလျှင် ၁၀-နာရီကို သယ်န်းကျွန်းသို့ရောက်။ လေဒီချပ်ပြားကို လမ်းထိပ်မှာချပေးမည်ဆိုလျှင် ဒီထက်နောက်ကျ၍မဖြစ်တော့။ ကျွန်တော် ထမှရတော့



www.burmeseclassic.com

www.burmeseclassic.com



မည်။ ကျွန်တော် လက်ကျန်ခွက်ကို သပ်ပစ်လိုက်၏။

"ခဏနေရင် ကျွန်တော်ပြန်မယ်. . . ဗျာ. . ."

"ဟာ. . . မင်းက ဘာဖြစ်တာလဲကွ၊ အေးဆေးလုပ်စမ်းပါ"

"ကျွန်တော်က အေးဆေးပါ၊ ဒီမှာ အစ်ကိုကြီးရဲ့ညီမက သူ့အမေ နေမကောင်းလို့ အိမ်ဝင်ချင်တာတဲ့၊ စောစောလည်း ပြောတာမဟုတ်ဘူး"

"အမလေး. . . နင်. . . ဒီအချိန် အမေနေမကောင်းတာ သွားမေးရမယ့်အချိန်မှ မဟုတ်တော့တာ၊ နာရီကိုလည်းကြည့်ပါဦး၊ ဟိုရောက်ရင် ၁၀-နာရီပဲကျော်နေပြီ၊ ဘာလဲ အိပ်နေတဲ့ နင့်အမေကိုနှိုးပြီး နေကောင်းရဲ့လားလို့ သွားမေးမလို့လား"

"အမလေး. . အမေ. . . !! အမေနေကောင်းရဲ့လား၊ သမီးက စိတ်ပူလိုက်ရတာ၊ ဆိုင်က မနည်းထလာရတာ၊ အမေနေကောင်းတယ်နော်၊ နေကောင်းရင် ပြန်အိပ်တော့နော်. . . အိပ်. . ."

ကိုစိုးစံဝင်းက မိန်းမအသံ မိန်းမအိုက်တင်ဖြင့် အနားမှာရှိသော မိုးကျော်နဖူးကိုစမ်းလိုက် စကားပြောလိုက်လုပ်၏။ ကျန်လူတွေက ဝိုင်းရယ်ကြသည်။

"မင်းတို့ကလည်း နိုင်နိုင်ဝင်းက သူ့အမေ နေမကောင်းဘူးလို့ ပြောတာကို မယုံလို့ ညဆယ့်နှစ်နာရီမှာ အမေ့ရဲ့ခြင်ထောင်ကို ရုတ်တရက် အနုကြမ်းဝင်စီးပြီး. . . ဟုတ်မဟုတ်စစ်မှာ. . ."

"နေစမ်းပါဦး၊ နင့်အမေနေမကောင်းတာကို ဘယ်တုန်းက နင်သိတာလဲ"

"မနက်တုန်းက"

"အဲဒါ. . . နေ့လည်နေ့ခင်းမသွားဘဲနဲ့ ဘာလုပ်နေတာလဲ"

"အဲဒါ ညနေကျမှသွားမလို့ဟာ၊ ညနေရောက်တော့လည်း သူက ဒီလာမယ်ဆိုတော့ လိုက်လာပြီး အပြန်ကျမှဝင်မယ်လို့"

"ဒီကိုလိုက်လာရင် နောက်ကျမယ်ဆိုတာ နင်သိရဲ့သားနဲ့၊ စောစောတော့ သွားဖို့မလုပ်ဘူး၊ ခုချိန်ကြမှ သွားမနေနဲ့တော့"





ဖိုးစောက ရယ်ရယ်မောမောဝင်ပြောလိုက်၏။ ကျွန်တော့်မိန်းမက အူသည်ဆိုတာ သူတို့ အပွဲပွဲနွှဲခဲ့ကြပြီးသားဖြစ်သည်။

"ဟုတ်တယ်။ ဒီမှာတောင်မေ့နေတာ။ ခုနက ကိုမိုးကျော်ကြီးကို ကြည့်ရင်းနဲ့မှ အမေ့ကို သတိရတာနဲ့. . ."

လေဒီချပ်ပြား၏စကားပင် မဆုံးလိုက် တက်ကြွရဲရင့်သော စကားလုံးတွေ အပြုံလိုက် မိုးကျော်ထံ ပြေးဝင်သွားကြ၏။

မိုးကျော်ကြီး ဘာတစ်ခွန်းမှ မခုခံနိုင် အမှတ်တမဲ့မို့ ဘာမှ ပြင်ဆင်ထားတာမရှိ။

"နင်ကလည်းဟာ ငါ့မြင်မှများ နင့်အမေနေမကောင်းတာ သတိရရတယ်လို့၊ ဘာဆိုင်လို့လဲဟ"

ဟုသာ ငြီးနိုင်တော့၏။

"အင်း. . ကျွန်တော်တောင် မိုးကျော်မျက်နှာမြင်ပြီး ယောက္ခမကို သတိရ၊ ငွေတွေဘာတွေချေးရမလားဆိုတဲ့ အတွေးတွေဘာတွေ ရလာပြီ"

"နင့်အမေက မိုးကျော်မျက်နှာနဲ့ ဆင်တယ်ဆိုရင်တော့ သွားပြီပေါ့ဟ၊ တော်တော်ရုပ်ဆိုးမှာ၊ မိုးကျော်တောင် ဒီရုပ်က ယောကျ်ားလေးမို့ နည်းနည်းခံသာတာ၊ နင့်အမေက မိန်းကလေးဆိုတော့. . . ဟား. . . ဟား. . . ဟား. . ."

လက်ဖက်ဝိုင်းသိမ်းလို့ ထဖို့ပြင်တော့ ၁၁-နာရီပင်ကျော်နေပြီ။ ကားပေါ်ရောက်တော့ ကျွန်တော်မိန်းရင်း လိုက်လာခဲ့သည်။

"ဘီအိုစီဘက်က ပတ်မောင်းပေးနော်အစ်ကို"

လေဒီချပ်ပြားကားဆရာကို ပြောသံကြားရတော့မှ ဒီကောင်မလေး သူ့အိမ်ဝင်ဦးမှာလားဆိုသောအသိက ပြန်ဝင်လာသည်။

"မင်း. . . ဝင်ဦးမလို့လား"

"အင်း. . . ဝင်ချင်တယ်၊ စိတ်မှာလေးနေလို့၊ အိပ်နေရင်လည်း အိပ်ပေါ့၊ ရပါတယ်. . . ကလေးကို လိုက်ပို့မနေပါနဲ့ ဘီအိုစီ ထိပ်ကသာ ချပေးထားခဲ့ပါ"



www.burmeseclassic.com

www.burmeseclassic.com

"မနက်မှသွားကွာ. . ."

"စိတ်ကြီးကလေးနေလို့ပါဆို"

"သွားကွာ. . . သွားသွား. . . အဲဒါဆိုလည်း သွား၊ စောစောစီးစီး အချိန်ရှိတုန်းကကျတော့ မသွားဘူး. . .၊ မင်းက လုပ်လိုက်ရင် အမြဲတမ်း အူကြောင်ကြောင်နဲ့ မပြောချင်တော့ဘူး"

ကျွန်တော့်ဒေါသသံကို လေဒီချပ်ပြားက ပြန်မပြောဘဲ ငြိမ်နေ၏။ သူမှားသည့်အတွက် မပြောတော့တာလည်း ဖြစ်နိုင်ပါသည်။

ကျွန်တော်တို့ရောက်သွားတော့ မိတ်ထားသောမီးတွေကို ဖွင့်လိုက်ရခြင်း၊ ကျွန်တော်ဗိုက်ဆာသည့်အတွက် အိမ်အောက်ထပ်မှာ ရှိတဲ့ဟင်းအကျန် ငပိရည်ဖျော်ဆမ်း၊ ပဲခြမ်းတွေထည့်၊ ကြက်သွန်နီတွေ လှီးထည့်. . . ညနေစာအကျန်စားလို့ရတာတွေ အကုန်ရောထည့်ပြီး နယ်ဖတ်စားကြသည့်အသံတွေက ဆူညံခြင်းတို့ကြောင်း နိုင်နိုင်ဝင်းအမေ နိုးလာသည်။ သားအမိနှစ်ယောက် စကားပြောကြ၏။ ယောက္ခမအထီးကြီးလည် နိုးလာသည်။ အရက်နံ့ကလေးနှင့် ကျွန်တော့်ကို တစ်ချက်တော့ကြည့်သည်။

ကျွန်တော် အရက်သောက်လာသည်ကို တစ်အိမ်လုံးကသိကြပါသည်။ သို့သော်. . . ကျွန်တော့်ခယ်မတွေ၊ မရီးတွေ၊ ယောက်ဖတွေက မကန့်ကွက်ကြပါ။ မူးမူးနှင့် ကျွန်တော်ပြောသည့်ရယ်စရာတွေကိုပင် အမြဲနားထောင်ပြီး ရယ်မောတတ်ကြလေ့ရှိသည်။

ဒီညလည်း မူးလာမှန်းသိပါသည်။ ထမင်းစားပြီး ပြန်မယ်လုပ်တော့ အကုန်ဝိုင်းတားကြ၏။ ဒီမှာအိပ်ပြီး မနက်မှပြန်တော့ဟု ဆိုကြသည်။ အရက်ကလည်း Limit ပြည့်သောက်လာ. . . ဘာမှမပါဘဲ ထမင်းထုလည်း စားလို့ကောင်းလိုက်သဖြင့် ကျွန်တော်လည်း မျက်စေ့မှိတ်ပြီးဇိမ်ယူချင်နေတာနှင့် သဘောတူလိုက်၏။ ကျွန်တော့်ကို အိမ်ပေါ်မှာခြင်ထောင်ထောင်ပေးကြသည်။ ယောက္ခမထီးကြီးကတော့ အိပ်ယာဝင်သွားပြီဖြစ်သည်။

ကျွန်တော်ရော နိုင်နိုင်ဝင်းတို့သားအမိရောက ဘုရားစင်ရှေ့





အိမ်ဦးခန်းမှာ ခြင်ထောင်နှင့်အိပ်ကြသည်။ အိပ်ခန်းထဲမှာ အိမ်သူတွေရော၊ ဘုရားစင်ရှေ့မှာ ကျွန်တော်တို့လို တန်းစီအိပ်ကြသော ခယ်မတွေမရီးတွေရောရှိကြ၏။ နိုင်နိုင်ဝင်းတို့အမေက သဘာကောင်းတာတော့ ပြောမနေနဲ့တော့။ ကလေးက ဆယ့်တစ်ယောက်မွေးတယ်။ နိုင်နိုင်ဝင်းက ရှစ်ယောက်မြောက်ဖြစ်၏။ ဒီတော့ အိမ်ဦးခန်းမှာ လူတွေစုံခြင်းဖြစ်လေသည်။

ကျွန်တော်မှတ်မိသလောက်ဆိုလျှင် ကျွန်တော် ခဏကလေးနှင့် အိပ်ပျော်သွားခြင်းဖြစ်သည်။ ခေါင်းချလိုက်သည်နှင့် အရက်အရှိန်သည် ဇိမ်ကလေးတစ်မျိုးနှင့် ကျွန်တော့်အတွင်းထဲ တိုးဝင်လာတာကို ငြိမ်ငြိမ်ကလေးခံစားရင်း ကျွန်တော် အိပ်ပျော်သွားခြင်းဖြစ်လေသည်။

ကျွန်တော် အိပ်ယာကနိုးနိုးလာချင်း ခံစားရသောဝေဒနာမှာ လည်ချောင်းတစ်လျှောက် လုံးပူကျွမ်း၍ ခြောက်သွေ့ကာ ရေအကြီးအကျယ်ဆာခြင်းနှင့် ဆီးအရမ်းသွားချင်ခြင်းတို့ပင် ဖြစ်သည်။ ထိုဝေဒနာနှစ်မျိုးမှာ အရက်သမားတိုင်း တစ်ရေးနိုးခံစားရလေ့ရှိသည့် ဝေဒနာမျိုးသာဖြစ်သည်။

ထိုဝေဒနာနှင့်အတူ နောက်ထပ်ခံစားရသော စိတ်အသိကအထိအတွေ့၏စိမ်းကားခြင်းဖြစ်သည်။ အရက်သမားတို့၏ထုံးစံအတိုင်း လွန်ခဲ့သော လေးငါးနာရီလောက်ကအဖြစ်အပျက်ကို အတော်ကြာခဲ့ပြီဖြစ်သော အတိတ်တစ်ခုအား ပြန်စဉ်းစားရသလို သူစိမ်းဆန်စွာ ပြန်စဉ်းစားရ၏။

ကျွန်တော်သည် အိမ်ကအိပ်ယာထဲမှာမဟုတ်။ နိုင်နိုင်ဝင်းတို့အိမ်က ခြင်ထောင်ထဲမှာဖြစ်သည်။ နိုင်နိုင်ဝင်းအမေ နေမကောင်းသဖြင့် လိုက်ပို့ရင်း ကျွန်တော်ပါလိုက်အိပ်သည်။ ကျွန်တော် အိပ်ချင်မူးတူးအသိဖြင့် ခြင်ထောင်ထဲမှထွက်၍ ငုတ်တုတ်ထိုင်နေမိသည်။ ရေကတော်လှပြီ။ ရေအိုးရှိသည့်နေရာကို စဉ်းစားကြည့်တော့ အောက်ထပ်မှာဖြစ်ကြောင်း သတိရသည်။ ဆီးကလည်း သွားချင်လွန်းလို့ တောင့်ခံမထားနိုင်တော့လောက်အောင် တိုးဝှေ့နေပြီ။ ကျွန်တော် ခြင်ထောင်



www.burmeseclassic.com

www.burmeseclassic.com

ဘေးမှ ကုံးကုံးကလေးရပ်ပြီး လှေကားရှိရာလာရသည်။ (ဆီးအိမ်တင်းလွန်းသဖြင့် မတ်တပ်ရပ်၍မရ)

ထုံးစံအတိုင်း မီးကမလာသဖြင့် အိမ်အပြင်ဘက်တွင်ရှိသော ညအလင်းကလေးဖြင့် အနိမ့်အမြင့်အနေအထားကို မှန်းပြီး တဖြည်းဖြည်းလာရသည်။ ဘယ်နေရာမှာဘာရှိသည်ဆိုတာကို သိနေသော်လည်း အနိမ့်အမြင့်အထိအတွေ့က ရင်းနှီးမှုမရှိသဖြင့် သတိထား၍သွားရသည်။ ဘုရားစင်ရှေ့မှာ စောင်ခြုံပြီးအိပ်နေသူ သုံးလေးဦးကိုလည်း တွေ့ရ၏။

လှေကားကဆင်းပြီးတော့ ကျွန်တော် နောက်ဖေးဘက်သို့ထွက်ရန် တံခါးကိုဖွင့်ရသည်။ ပြဿနာက မင်းတုံးလား၊ ဂျလက်လား၊ မြောက်လက်လားမှန်းမသိ။ သတိလည်းမထားမိခဲ့သောကြောင့် တောင်စမ်းမြောက်စမ်းဖြင့် အသံနည်းနည်းထွက်ပြီး အချိန်နည်းနည်းကြာသွားသည်။ တံခါးပွင့်သွားတော့ နောက်ဖေးရေကပြင်နှင့် လရောင်ကို တွေ့ရ၏။

ကျွန်တော် အိမ်အောက်ကိုဆင်းပြီး လှမ်းမြင်နေရသော အိမ်သာဆီသို့မသွားတော့။ (သွား၍လည်းမရတော့) အသိစိတ်လွှတ်လိုက်သဖြင့် ဆီးသွားချင်စိတ်က ဆိုးဝါးပြင်းထန်စွာ တိုးဝှေ့နေသောကြောင့် ခါးပါတ်ကိုဖြုတ်၊ ဇစ်ကိုဖွင့်. . .။

ကျွန်တော် ရေကပြင်အစပ်မှာ ငုတ်တုတ်ကလေးထိုင်လိုက်သည်။ ညသည်လရောင်ဖြင့် လျှို့ဝှက်မှုတစ်ခုခုကို ဖုံးကွယ်ထားသလို ငြိမ်သက်၍နေသည်။ မှုးယစ်ခြင်းအရသာသည် စိတ်ထဲမှာ ဖိမ်တစ်ခုလို ခံစားရှိနေပြီး အိပ်ချင်စိတ်တစ်ဝက်နှင့်ပေါင်း၍ အရသာတစ်မျိုးရှိနေ၏။

ကျွန်တော် ဆီးသွားနေရင်း နံဘေးနားမှာရှိနေသော စဥ့်အိုးကလေးနှုတ်ခမ်းကို လှမ်းဆွဲအကိုင်မှာ ပြဿနာက စ,လေသည်။

ကျွန်တော်က စဥ့်အိုးကလေးထဲမှာ "ရေအတန်သင့်ရှိနေ" ဆိုသည့် စိတ်အထင်နှင့် ပုံမှန်အားထည့်၍ ကိုင်လိုက်မိခြင်းဖြစ်သော်





လည်း စဥ့်အိုးကလေးထဲကရေကို တစ်နေကုန်သုံးပြီး ပြန်ထည့်ထားကြပုံမရ။ စဥ့်အိုးလေးထဲမှာ ရေက ဖင်ကပ်သာရှိသောကြောင့် ကျွန်တော်လှမ်းဆွဲလိုက်သည့်အရှိန်ကို စဥ့်အိုးကလေးက မခံနိုင်ဘဲ ကျွန်တော့်ဘက်သို့ စောင်းလျှက်လဲကျလာသည်။

ကျွန်တော်လည်း လန့်ဖြန့်ပြီး စဥ့်အိုးလေးကိုဖက်ထားရသည်။ စဥ့်အိုးကလေးက အမြင့်တစ်ပေခွဲလောက်သာရှိပြီး ကျွန်တော့်လက်နှစ်ဖက်ဖြင့် ကောင်းကောင်းဖက်၍ရသည်။ ကျွန်တော် ဇိမ်ပျက်သွားသည်ကတစ်ကြောင်း၊ ရှေ့တည့်တည့် ငုတ်တုတ်ဆီးသွားရင်း ဘယ်ဘက်ကစဥ့်အိုးလေးကို ခန္ဓာကိုယ်လိမ်၍ ဖက်ထားဖေးထား၍မရသဖြင့် တစ်ကြောင်း ဆီးသွားခြင်းအမှုကို ခဏရပ်ပြီး စဥ့်အိုးကလေးကို လက်နှစ်ဖက်ဖြင့်ဖက်၍ လေးလုံးဆိုင်ထားသော အုပ်ခဲဖိုခနောက်ပေါ်သို့ မ,တင်သည်။

အဲဒီတော့မှ စဥ့်အိုးကလေးက ရေအပြည့်ရှိမနေသော်လည်း အောက်ခြေတွင် ရေအတန်ငယ်ရှိနေခြင်း၊ ဇစ်ဖြုတ်ထားသော ဂျင်းဘောင်းဘီကို ပြန်မတင်ဘဲ စိတ်မြန်လက်မြန်ဖြင့် ကောက်မလိုက်ခြင်းတို့ကြောင့် အားရှိသလောက် ခါးကို ဆန့်၍မရခြင်းတို့အပြင် စိတ်ရှိသမျှနှင့် ကောက်မ,ထားသော စဥ့်အိုးကလေးကို ထိမ်းပြီး ပြန်မချပါက အရှိန်ဖြင့် ဆောင့်ချလိုက်သလိုဖြစ်ပြီး ကွဲသွားမည်စိုးသောကြောင့် ကျွန်တော့်မှာ စဥ့်အိုးကို ခါးကုံးပွေ့ဖက်ထားပြီး ဘောင်းဘီချွတ်ထားသော ပေါင်နှစ်ချောင်းဖြင့် ထိမ်းညှပ်၍ အုတ်ခဲဖိုခနောင့်ပေါ် ပြန်တင်ရန် အားထုတ်နေတုန်းမှာပင်. . .

"ချောက်"

မီးခလုတ်ဖွင့်သံနှင့်အတူ ရေကပြင်တစ်ခုလုံး လင်းထိန်သွားပြီး ကျွန်တော့်ကို မျက်လုံးကြီးပြူး၍ တအံ့တဩကြည့်နေသော ယောက္ခမအထီးကြီးကို တွေ့ရလေသည်။ ယောက္ခမထီးကြီးလက်ထဲမှာ နှစ်တစ်လက်မဒုတ်ကြီးကိုလည်း ကိုင်၍ထား၏။ သူ့ဘက်က မြင်ရမည့်မြင်ကွင်းမှာ ဂျင်းဘောင်းဘီချွတ်၊ စဥ့်အိုးပေါင်ညှပ်၊ အတင်းအကြပ်၊ လုံးထပ်



www.burmeseclassic.com

www.burmeseclassic.com

ပွေထား. . . ထိုလူသားသည်. . . . ။

"ဟာ. . . မဟုတ်ဘူးဦး. . . မဟုတ်ဘူး. . . မဟုတ်ပါဘူး"

"ဘာမဟုတ်တာလဲကွ. . . ဘာမဟုတ်တာလဲ"

"မဟုတ်ဘူးဦး. . . စဉ့်အိုးကလေး. . . အဲဒါ. . . ဟိုလဲကျတာနဲ့"

ယောက္ခမကြီးက ဘာစကားမှမပြောတော့ပြီ။ ကျွန်တော့်ကို မျက်နှာအိုကြီးနှင့်တစ်ချက်လှမ်းကြည့်ပြီး နှစ်တစ်လက်မတုတ်ကြီးကို ဆကာ ဆကာဖြင့် အိမ်ထဲပြန်ဝင်သွား၏။ ကျွန်တော် စဉ့်အိုးကိုလွှတ်ချပစ်လိုက်သည်။ ဒီတော့ ကိုယ်တော်မြတ်က ယိမ်းယိုင်ခြင်းမရှိဘဲ ပကတိတည်ငြိမ်တော်မူသည်။

ကျွန်တော်. . . ဘောင်းဘီကို အတင်းပြန်ဝတ်ရသည်။ ဘောင်းဘီဝတ်ပြီးသွားတော့ မီးရောင်တွေလင်းနေသော ရေကပြင်ကြီးမှာ ကျွန်တော်တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။ ကျွန်တော့်ဆီမှာ အရက်၏ လွှင့်လွှင့်မောမော ဖီလင်ကလေးလည်းမရှိတော့။ အိပ်ချင်မူးတူး ထူဆန်းသောဇိမ်ကလေးလည်း မရှိတော့. . . ။ သွားပြီ။ သွားကိုသွားပြီ။

ကျွန်တော့်ကို ကျွန်တော့်ယောက္ခမထီးကြီးက မည်ကဲ့သို့ထင်မည်နည်း။ သူမြင်သွားပုံနှင့်ပတ်သက်၍ မည်ကဲ့သို့ ကောက်ချက်တွေချမည်နည်း။

ထိုသို့မမြင်ရလေအောင် အစအဆုံးဖြစ်စဉ်ကိုရော ကျွန်တော်က မည်သည့်မျက်နှာပေးမျိုးနှင့် ရှင်းပြရမည်နည်း. . . ။ ရှင်းပြလျှင်ရော ယုံနိုင်ပါမည်လား. . . ။ သူ့သမီး ကျွန်တော့်ဇနီးနှင့် ရှင်းပြ. . . ။

ကျွန်တော် ချွေးတွေပျံလာသည်။

အိမ်ထဲကို ဝင်၍လည်းမရ။ အမှောင်ထဲကို ထွက်ပြေးချင်လို့လည်းမရ။ ဘဝပျက်တယ်ဆိုတာ ဒါမျိုးထင်ပါရဲ့။ ကျွန်တော်တစ်ယောက်တည်း မီးလင်းနေသော ရေကပြင်ပေါ်မှာ ဟိုဘက်ဒီဘက်လမ်းလျှောက်နေခဲ့သည်။ စိတ်ထဲမှာ ဘာတစ်ခုမျှ တွေး၍မရ။

နောက်ဆုံး ကျွန်တော် ဒီအိမ်ထဲက ထွက်မှကိုဖြစ်တော့မည်





ဟု ဆုံးဖြတ်ချက်ချလိုက်သည်။ နို့မဟုတ် မနက်ကျလျှင် ဒီယောက္ခမကြီးမျက်နှာကို ကျွန်တော် ဘယ်လိုလုပ်ကြည့်ရမည်နည်း။ သူကရော ကျွန်တော့်ကိုကြည့်သောအကြည့်ကိုရော ကျွန်တော် ဘယ်လိုရင်ဆိုင်ရမည်နည်း။

"နိုင်နိုင်ဝင်း. . . နိုင်နိုင်ဝင်း. . . "

"ဟင်. . . ဘာ. . . ဘာလဲ. . . "

"နိုင်နိုင်ဝင်း. . . ငါပါ. . . ဟို. . . ငါ. . . ငါပြန်တော့ မယ်"

"ဟင်. . . ပြန်တော့မယ်၊ ဘယ်အချိန်ရှိသေးလို့လဲ၊ ဟာ. . . မှောင်နေတုန်းကြီးဟာကို"

"ရပါတယ်၊ ဒီမှာ နေလို့မရ၊ အဲ. . . အိပ်လို့မရလို့ဟ၊ မိုးလင်းဆိုက်ကားတွေရှိပါတယ်၊ ပြန်တော့မယ်"

"အမိပ္ပါယ်မရှိတာ၊ ဘယ်နှစ်နာရီရှိသေးလို့လဲ၊ ဟင်. . . နှစ်နာရီကျော်ကျော်ပဲ ရှိသေးတဲ့ဟာကို၊ ကယောင်ကတန်းနဲ့ ဘာတွေဖြစ်နေတာလဲ"

လေဒီချပ်ပြားက အိပ်ချင်မူးတူးမျက်နှာပေါ်မှာ စိတ်ရှုပ်ထွေးစွာဖြင့်ငြင်းသည်။ ပြီးတော့ နိုးသွားပြီဖြစ်သည်အတွက် အပေါ့အပါးသွားဖို့ အိမ်အောက်သို့ဆင်းသည့်အခါ ကျွန်တော့်မှာ စိတ်မချသလို နောက်မှ ဆင်းလိုက်ရသည်။

"ဟင်. . . ရေကပြင်မီးကြီးကလည်း ပွင့်လို့ပါလား"

ကျွန်တော် လန့်ဖြန့်ပြီးလှမ်းကြည့်တော့ စဉ့်အိုးက တည်တည်ငြိမ်ငြိမ်ပင်ရှိပါသည်။

"ဒီအချိန်ဆို ဆိုက်ကားသမားတွေ ရှိပါသေးတယ်ဟ"

"အို. . . အမိပ္ပါယ်မရှိတာ၊ မနက်ကျတော့မှပြန်ပါ၊ ဘာတွေဖြစ်နေတာလဲ"

ကျွန်တော် ဘာမှပြန်မပြောတော့။ အိပ်ယာထဲဝင်ပြီး အပြင်ကားလမ်းမဆီမှ လူသံကားသံတွေကိုသာ မျှော်နေမိသည်။ ပြန်ပြန်တွေးမိတိုင်း ကျွန်တော့်မျက်နှာသည် မှောင်ကြီးထဲတွင်တောင်မှ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com


တွေဖြစ်ဖြစ်ကုန်သည်မသိ။ အနေရ အလွန်ကိုခက်လေသည်။

ကောင်းကင်မှာ အလင်းကလေးစို့ရုံ၊ ကားသံကလေးကြားရုံမျှ ဖြင့် ကျွန်တော် ပြန်အိပ်မောကျသွားပြီဖြစ်သော လေဒီချပ်ပြားကို မနိုးတော့ဘဲ ထ,လစ်ခဲ့ရလေသည်။

နောက်ပိုင်း ကျွန်တော် အရက်တွေတော်တော်သောက်သည်ဆိုတော့ ကျွန်တော့်ယောက္ခမကြီးက "သောက်တော့သောက်ပေါ့ကွာ၊ အသိတော့မလွတ်စေနဲ့၊ ကိုယ်ဘာလုပ်နေတယ်၊ ဘာဖြစ်နေတယ်ဆိုတာလောက်တော့ သိအောင် ချန်သောက်ပေါ့" ဟု ဆုံးမ၏။ ကျွန်တော် ဘာမှပြန်မပြောလိုက်ပါ။ ပြောစရာစကားလည်းမရှိပါ။ ယောက္ခမကြီးကတော့ သူ့စဉ်အိုးကိုမြင်တိုင်း ကျွန်တော့်ကို သတိရနေလိမ့်မည်ထင်ပါသည်။

အမှန်တော့ အဲဒီအချိန်တုန်းက ကျွန်တော် အရက်မူးမနေတော့ပါ။ ကျွန်တော့်ကိုယ်တွေ့အသိအရဆိုရလျှင် "အရက်" မှာ အပြစ်မရှိပါ။

လွဲတတ်သော ကျွန်တော်က သောက်ခြင်းကိုခံလိုက်ရသဖြင့် "အရက်"ခမျာ သိက္ခာထိခိုက်ရပါကြောင်း မှတ်တမ်းကလေးတစ်ခု ထားခဲ့ချင်ပါသည်. . . ။

ကိုယ့်ဆရာများ အရက်သောက်လျှင် "ရေကပြင်မှာ ဆီးမသွားဖို့" ကို သတိပေးလိုက်ရပါသည်ခင်ဗျား. . . ။

■



# လေလွင့်သူ


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

မျက်စေ့တစ်ဆုံး ကြည့်၍မဆုံးနိုင်လောက်သော သမုဒ္ဒရာပေါ်မှအသံထက် မြန်သော လေယာဉ်ကိုစီးရင်း ထိုလေယာဉ်ပေါ်မှာ ပစ်ချလိုက်သောခဲလုံးကို မည်သည့်နေရာလောက်တွင် ကျသွားနိုင်သည်ဟု နောက်မှ လေယာဉ်ဖြင့်လိုက်ကြည့်ပြီး မှတ်ထားသည့် ခန့်မှန်းမှုမျိုးက မှန်ချင်မှန်လိမ့်ဦးမည်။ အရက်သမားတစ်ယောက် ဒီနေ့ ဘယ်သူနှင့်သောက်၍ ဘယ်သူနှင့်ပါသွားပြီး ဘယ်အချိန် အိမ်ကို ပြန်ရောက်မည်ဆိုတာကို ခန့်မှန်းချက်ကတော့ မှန်ဖို့တော်တော်လေး ခက်ခဲလိမ့်မည်ဟု ကျွန်တော် ဆိုချင်ပါသည်။

အရက်သမားသည် သောက်နေကျဆိုင်ကို ရောက်သည်ဆိုလျှင် ပထမအချက် ကံကောင်းသည်ဟုဆိုနိုင်သည်။ ပြီးတော့ သောက်နေကျအပေါင်းအသင်းနှင့်တွေ့ပြီဆိုလျှင် ဒုတိယအချက် ကံကောင်းပြန်သည်။ နောက်တစ်ချက်က သောက်နေကျလောက်ပဲသောက်သည်ဆိုလျှင် တတိယအချက် ကံကောင်းပြန်ပြီးနောက် ပြန်နေကျအချိန်ကို ပြန်သည်ဆိုလျှင် ထိုအရက်သမားကို အရက်သမားကောင်းဟုပင် ဂုဏ်ပြုသင့်သည်ဟု ကျွန်တော်ထင်သည်။

သောက်ဂုဏ်ကြီးလေးခုနှင့် ပြည့်စုံသည်ဟုလည်း ဆိုနိုင်ပါသည်။





ကျွန်တော့်ဘဝတွင် ထိုကဲ့သို့ ဂုဏ်နှင့်ပြည့်နှင့် အရက်သောက်ခဲ့ဖူးသောကာလလည်း ရှိခဲ့ဖူးပါသည်။ ထိုကာလသည် နှစ်အတော်ရှည်ကြာခဲ့သည်ဟု ဆိုနိုင်သည်။ ထို့ကြောင့်သာ ကျွန်တော် အခုချိန်ထိ စာရေးနေနိုင်သည်ဟုလည်း ပြောနိုင်ပါသည်။

ကံ၊ စိတ်၊ ဥတု၊ အာဟာရသည် လူတိုင်းအတွက် အရေးကြီးသည်ဆိုခြင်းထက် အရက်သမားအတွက် ပို၍အရေးကြီးသည်ဟု ကျွန်တော်က ဆိုချင်ပါသည်။ ဤနေရာတွင် ကံဆိုသောစကားလုံးကို အရက်မသောက်ခင်ကံနှင့် အရက်သောက်ပြီးကံဟု ကျွန်တော်က ၂-ပိုင်းခွဲချင်ပါသည်။

အရက်မသောက်ခင် ကံကို ငွေရှိခြင်းဟု ကျွန်တော်ကရည်ညွှန်းလိုပြီး အရက်သောက်ပြီး မူးသွားချိန်ကံကို ကလျာဏမိတ္တ (မိတ်ကောင်းဆွေကောင်း) နှင့် တွေ့ခြင်းဟု ကျွန်တော်က ယူချင်ပါသည်။

စိတ်ကတော့ အရက်မသောက်ခင်၌ အရက်သောက်ရန် ဦးတည်သော ပထမစိတ် အရက်သောက်စဉ် ပြောဆိုဆွေးနွေးသည့် အကြောင်းအရာနှင့် ထိုအကြောင်းအရာပေါ်ထားသော စိတ်၊ ကိုယ်နှင့်အတူသောက်ဖော်များ၏ စိတ် စသည်ဖြင့် များလှသည်။

အာဟာရကတော့ အရက်သောက်ရင်း စားသောအစာဖြစ်သည်။ ၎င်းသည် ပထမအချက်ကံပေါ်တွင် မူတည်သည်။ ကျွန်တော်ကတော့ အရက်သောက်ချိန်တွင် အစားများများစားသင့်သည်ဟု ယူဆသည်။ ထိုအချက်ကိုလည်း အမြဲတမ်းနီးပါး လိုက်နာခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် အရက်မူးသွားလျှင် စားဖြစ်မစားဖြစ် မသေချာတော့သောကြောင့် ဖြစ်သည်။

ဥတုကတော့ အလွန်သတိထားရသောကိစ္စ ဖြစ်သည်။

ရာသီဥတု ကိုယ့်ဘက်ကရှိတယ်. . . ဆိုသော အရက်သမားတိုင်းသိ၊ အရက်သောက်သူတိုင်းသိသော စကားတစ်ခွန်းရှိသည်။ အလွန်ကြောက်ဖို့ကောင်းသောစကားတစ်ခွန်း ဖြစ်သည်။ အရက်သမားအတွက် မိုးရာသီသည် သောက်၍အကောင်းဆုံး၊ ကြောက်၍အကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဆုံးရာသီလည်းဖြစ်သည်။ ကျွန်တော့်ဘော်ဒါတော်တော်များများတို့သည် ရာသီဥတုက သူတို့ဘက်ကပါရုံတင်မက ခေါ်ပင် အခေါ်ခံလိုက်ကြရသည်မှာ မိုးရာသီပင်ဖြစ်သည်။

မိုးကလေး တသိမ့်သိမ့်နှင့်ဆိုလျှင် အရက်သောက်၍ကောင်းသည်ကို အရက်နည်းနည်းသောက်တတ်သူများပင် သိကြသည်။ ဝုန်းဝုန်းဒိုင်းဒိုင်းရွာသောမိုးထက် အေးအေးဆေးဆေးရွာသောမိုးကို အရက်သမားက ပို၍ကြိုက်သည်။

ကျွန်တော့်မိတ်ဆွေတစ်ယောက်ဆိုလျှင် အဲဒီလိုမိုးရာသီမျိုးဆိုလျှင် အရက်ဆိုင်ထောင့်ကလေးမှာ ဆေးပေါ့လိပ်လေးတစ်လိပ်နှင့် ငြိမ်ငြိမ်သက်သက် အရက်သောက်တတ်သည်။

မျက်နှာက တည်တည်ငြိမ်ငြိမ်နှင့် တသိမ့်သိမ့်ရွာသောမိုးကို ရီဝေဝေငေးပြီး အရက်ကိုသောက်တတ်သည်။

"ကိုယ့်ဆရာ အမြည်းမမှာဘူးလား"

"ဟိုမှာ မိုးရှိတယ်လေဗျာ"

သူက ဒီလို အပြင်မှာရွာမိုးကို မေးငေါ့တတ်သည်။ သူသည် သူ့စိတ်ကြိုက်မိုးကိုတွေ့လျှင် တစ်ကယ် အမြည်းမမှာဘဲသောက်တတ်သူဖြစ်သည်။

မိုးရာသီ ကြောက်ဖို့ကောင်းသည်က အရက်များများဝင်သောကြောင့်လည်း ဖြစ်သည်။

ကျွန်တော်တို့ အရက်သောက်သူ တော်တော်များများကလည်း ထီးမကိုင်တတ်ကြသူတွေများသည် မဟုတ်လား။ ထီးမကိုင်ကြတာကလည်း ကိုင်သောထီးက မူးမူးနှင့် ကျန်လိုကျန်၊ ဘယ်မှာချမိမှန်းမသိလို့ ပျောက်လိုပျောက်ဆိုတော့ အိမ်ကို အားနာပြီး မကိုင်တတ်ကြတာလည်းပါလေသည်။

မိုးက တဝုန်းဝုန်းထိုးရွာတော့ မိုးရေစိုမှာစိုး၍ ဆိုင်ထဲပြေးဝင်ပြီး ဝမ်းတူပက်ကြသည့် ကိုယ့်ဆရာများသည် ရာသီဥတုနှင့် မိတ်ဆွေဖြစ်၍ အတော်နှံ့ပြီးသည့်အခါ တဝုန်းဝုန်းရွာနေသော မိုးရေထဲ ပျော်ရွှင်စွာ ဆင်းသွားတတ်ကြပြီး အဆင်မသင့်သည့်အခါ ရပ်ကွက်က သူ့မိတ်ဆွေတွေကိုပါ မိုးရေစိုအောင်လုပ်သွားတတ်ကြသည်။

ဤသို့ဖြင့် မိုးရာသီတွင် လေးဘက်လေးတန်အကာမရှိသော အကြော်တဲ၊ မုန့်ဟင်းခါးဆိုင်ထဲတွင်လည်းကောင်း၊ ဂုံးတံတားအောက် တိုက်လှေကားအောက်များတွင်လည်းကောင်း၊ ကုက္ကိုလ်ပင်လို ညောင်ပင်လို အပင်ကြီးများအောက်တွင်လည်းကောင်း၊ စောင်းဆောင်းတစ်မျိုး၊ ပက်လက်တစ်ဖုံ၊ ကွေးလျှက်တစ်ချို့၊ လန်လျှက်တစ်ခါ တွေ့ကြရသည်မှာ မဆန်းတော့ပါ။

ထို့ကြောင့် မိုးရာသီတွင် အရက်သမားများ ကြောက်စရာကောင်းသည်ဟု ကျွန်တော် ဆိုခြင်းဖြစ်ပါသည်။

အခု ကျွန်တော်ကြုံခဲ့ဖူးသော မိုးရာသီတစ်ခုထဲမှ ညတစ်ညအကြောင်းကို ပြောပြချင်ပါသည်။ ကျွန်တော့်လို ကြုံဖူးသူများရှိမလားဟု အဖော်ရှာခြင်းလည်း ဖြစ်ပါသည်။

●

ထိုနေ့က မနက်ခင်းကတည်းက ကောင်းကင်ပေါ်ရှိ မိုးက အုံ့နေပြီး လေအေးကလေးက တသုန်သုန်တိုက်နေသောနေ့ ဖြစ်သည်။ မနက်မိုးလင်းကတည်းက အလင်းရောင်ကိုသာတွေ့ရပြီး နေရောင်ကို မတွေ့ရသောကြောင့် လူတွေ၏ ပုံမှန်လှုပ်ရှားမှုတွင် တစ်စုံတစ်ခုသော လေးလံမှုပါနေသည်ဟု ထင်ရလေသည်။

ကောင်းကင်ကိုမော့ကြည့်လိုက်လျှင် မိုးတိမ်မျှင် မိုးတိမ်ထုကို တွေ့ကြရမည်မဟုတ်ဘဲ ကောင်းကင်သည် ခဲသားရောင်ပါးပါးကလေး ချယ်ထားသလိုဖြစ်နေသည်ကို တွေ့ရမည်ဖြစ်ပြီး နေမင်းရှိသည်ဟု ထင်ရသော နေရာမှာ အနည်းငယ်ဖြူလျှက်ရှိသည်။ ကျီးကန်းတွေ ဓါတ်ကြိုးပေါ်မှာ ငုတ်တုတ်ကလေးတွေထိုင်နေကြပြီး အိမ်ထဲကထွက်လာကြသည့် လူတိုင်း စိတ်မပါလက်မပါဘဲ ထွက်လာကြသည့်ပုံစံမျိုးဖြစ်အောင် ရှယ်သိ





www.burmeseclassic.com

www.burmeseclassic.com

ဥတုက လုပ်ထားလေသည်။

ဒီလိုနေ့မျိုးဆိုတာက အိမ်ကအိပ်ယာသည်သာလျှင် အသင့်တော်ဆုံးဆိုတာကို ကျွန်တော်လည်းသိပါသည်။ သို့သော် အိမ်အမိုးသွပ်ပြားပေါ်က စန္ဒယားလက်ကွက်စမ်းသလို မိုးရေစက်တွေကို ပက်လက်ကလေး ကုတင်ပေါ်ကခံစားရသည့်ဇိမ်ထက် တပ်မက်စရာကောင်းသော အရာတစ်ခုကဖမ်းစားသဖြင့် စနစ်တကျရေစိုချထားပြီးသားအပြင် လောကကို ခိုထီးကလေးတစ်ချောင်းနှင့် မရဲတရဲ ကျွန်တော်ထွက်လာခဲ့သည်။

အိမ်ရှေ့တံစက်မြိတ်ကနေအထွက် မိုးရေစက်နုကလေးတွေနဲ့လေက လှမ်းပက်တော့ ကျွန်တော် တစ်ချက်တွန့်၍သွားသည်။ ရေစိုပြီးအိနေသည့် မြေကြီးပေါ်ကိုနင်းချလိုက်သော ရေမစိုသေးသည့် ပိန်းတန်းဖိနပ်ကလေးထံမှလည်း မိုးရာသီ၏ရနံ့ကို ကျွန်တော် ရလိုက်သည်။

မိုးရေစီးနေသဖြင့် မြင်ကွင်းတွေမှုန်ဝါးနေသော ဒေဝူးကားမှန်ချပ်ကြီးတွေနောက်မှာ ရပ်ရင်း ကျွန်တော် လိုက်လာခဲ့သည်။ မိုး၏စိုစွတ်ထိုင်းမှိုင်းမှုသည် ကားထဲမှာလည်း ဘယ်သူ့ကိုမှ ဘာအသံမှမထွက်နိုင်အောင် လုပ်၍ထားလေသည်။

ကျွန်တော်သွားရမည့်ငွေကြေးကိစ္စက လူကို ခဏစောင့်ရသည်။ ကျွန်တော်စောင့်နေသည့် Company ကလူများက ကျွန်တော့်ကို ထိုဗီဒီယိုကားအတွက် ပထမဦးဆုံး စတင်အလုပ်လုပ်ရမည့်သူဟု မထင်ကြ။ စောင့်ရတာကြာသဖြင့် ဂျာနယ်တစ်စောင်ဆွဲယူ၍ ဖတ်သည်ကို ကျေနပ်ပုံမရ။

ခဏကြာတော့ ငွေရှင်ဆိုသည့်အမျိုးသမီး ရောက်လာသည်။ အပြုံးတုတွေကို အရင်ပေးသည်။ ရှေ့မှာရောက်ပြီးစောင့်နေသောလူထက် သူ့လက်ကိုင်ဖုန်းထဲက လူက ပိုအရေးကြီးနေတာသေချာသည်။ ရှိစေတော့. . .။ သူ့ကိုယ်ရေးကိုယ်တာကိစ္စနှင့် ဝန်ထမ်းများ အပေါ်မြည်တွန်တောက်တီးခြင်းကို ခဏစောင့်ရသည်။

ပြီးတော့ ထိုငွေရှင်အန်တီသည် စိတ်ပျက်အားရော့နေသော





စကားများကိုပြောပြီး ကျွန်တော့်ကိုဈေးဆစ်သည်။ ကျွန်တော်ရသောငွေကြေးမှာ ထိုကားတွင်ပါဝင်သော မင်းသားရရှိသည့်ငွေကြေး၏ ၃၀% သာ ရှိသည်။ သို့သော် ကျွန်တော် ဈေးဆစ်ခံနေရသည်။ သူပြောပုံက ယခု ကျွန်တော်ရရှိနေသော အခွင့်အရေးသည်ပင်လျှင် ဒုလ္လဘတရားတစ်ခုလို ဖြစ်နေသည်။

“အမလေး. . . ဇာတ်ဆရာတို့က ကိုယ့်အိမ်ကိုယ့်ထိုင်ပြီး အေးအေးဆေးဆေးရေးရတာ ဒီလောက်ရတာတော်ရောပေါ့. . .”

သူသည် အနုပညာဆိုတာကို နည်းနည်းမှ နားမလည်ဘဲ အနုပညာလုပ်ငန်းကို လုပ်နေသူတစ်ဦးဆိုတာ သေချာသည်။ ကျွန်တော်သူ့ကို စိတ်မဆိုးပါ။ အနုပညာကို မသိသူသာ အနုပညာကို ရောင်းစား၍ရကြောင်း ကျွန်တော်နားလည်သည်။

နောက်ဆုံး ကျွန်တော် သူဌေးတစ်ယောက်နှင့် အဆင်မပြေမှုချင်း မပြိုင်ချင်တော့သဖြင့် ကျွန်တော် ဈေးအဆစ်ခံလိုက်သည်။ ကျွန်တော်သည် အတော်ဆုံးဇာတ်ညွှန်းရေးဆရာတစ်ယောက် ဖြစ်သွားသည်။

ကျွန်တော် ပြန်ထွက်လာတော့ မိုးကစဲသွားပြီ။ နေရောင်ကပို၍ တောက်ပနေ၏။ “မိုးစဲနေ”ဆိုသော သီချင်းခွေနာမည်ကလေးကို သတိရသည်။ ကျွန်တော်က ကျွန်တော့်ကိုယ်ကျွန်တော် တစ်ချက်ဆဲလိုက်သည်။

ယခုပြောပြမည့်ပြဿနာ၏အစသည် အခုမှပင် စသည်ဟုပြောလျှင် ရပါသည်။ ခုနက ရှေ့မှာဖတ်ခဲ့ရသော အကြောင်းအရာများသည် ကျွန်တော် အခုရေးရမည့်ကိစ္စနှင့် တိုက်ရိုက်အားဖြင့် မပတ်သက်သော်လည်း သွယ်ဝိုက်၍ပတ်သက်နေသည်ဟုတော့ ကျွန်တော်ထင်ပါသည်။

အခု ကျွန်တော့်လွယ်အိတ်ထဲတွင် ကျွန်တော်ရထိုက်သည့် အနုပညာကြေးထက် လျော့နည်းနေသောပိုက်ဆံ ရှိနေပြီး ကျွန်တော်စီးလာသော ၃၈-ဒိုင်နာကားက ပုဇွန်တောင်ဈေးတွင်ထိုးရပ်သွားသော အခြိမ်



www.burmeseclassic.com

www.burmeseclassic.com



အပျက်မှနေ၍ ဒီဇာတ်လမ်းကို စတင်လိုက်ပါသည်။

သစ်ပင်ကြီးတွေက သူတို့ကိုယ်ပေါ်မှာ ရေစက်များကို ခါချနေကြသည်။ ညနေရီနေရောင်က ဝင်ကာစကိုရောက်မှ ထွန်းလင်းခွင့်ရသဖြင့် ဖြန့်ကျက်ခွင့်ရသမျှ နေရာပေါင်းစုံကို အင်နှင့်အားနှင့် ဖိကပ်ထားသလို ဝင်းပစွာ ထွန်းလင်းနေသည်။ ပုဇွန်တောင်ကားလမ်းမပေါ်မှာ ရေစီးအားကကောင်းတုန်း. . .။ လမ်းဘေးရေမြောင်းကြီးထဲ ထိုးကျနေသည့် ရေကျသံက ကြောက်မက်ဖွယ်ကောင်းတုန်း. . .။ လူတွေ ရုတ်ရုတ်သုတ်သုတ်လုပ်လို့အကောင်းဆုံးအချိန်မှာ ကျွန်တော်တို့ ကားက ပျက်သွားခြင်းဖြစ်သည်။

ကားဘီးပေါက်တာမဟုတ်လျှင် ကား. . . ဘာကြောင့်ပျက်သည်ဆိုတာကို ကျွန်တော်မသိတော့. . .။ ဒါပေမဲ့ ကားခေါင်းကို ဟိုလှန်ဒီနိုက်လုပ်နေသည့် ကားဆရာ၂ယောက်အနားမှာတော့ ရပ်နေမိသေးသည်။ သို့သော် အချင်းချင်းပင် စကားကျယ်ကျယ်မပြောတော့သော ကားဆရာ၂ယောက်ကိုကြည့်ကာ အခြေအနေကို ကျွန်တော် သဘောပေါက်သွားပြီး ပုဇွန်တောင်ဈေးမှတ်တိုင်ရှိရာသို့ ကျွန်တော် လျှောက်လာခဲ့သည်။

လမ်းလျှောက်လာရင်း Company ရုံးခန်းမှာကတည်းက ကိုယ့်ကိုယ်ကို မကျေနပ်သောဒေါသက အညှောင့်ကလေးထွက်လာသည်။ သေသေချာချာပြန်စဉ်းစားတော့ ကျွန်တော်သည် ဘာတစ်ခုမှ အဆင်မပြေခဲ့တာ မရှိပါ။ ကျွန်တော် ပိုက်ဆံ ထိုက်သင့်သလောက် ရလာခဲ့သည်။ သို့သော်. . . ကျွန်တော်ပြောခဲ့ရသည့်စကားတွေနှင့် ခံစားခဲ့ရသော နာကျင်မှုက အနာဟောင်းကို ဆွပေးခဲ့သလို ဖြစ်နေသည်။ ကျွန်တော်က အဲဒီစိတ်ခံစားမှုကို ချက်ချင်း အမေ့ခံပစ်လိုက်သည်။ အာရုံပြောင်းပစ်ခဲ့သည်။ သို့သော် ကားပျက်သည့်အခါကျတော့ ထိုခံစားမှုသည် ခုနက အမေ့ခံထားခဲ့တာထက် နှစ်ဆလောက် ပို၍ တက်လာသည်။

ထိုအခိုက်တွင် ကျွန်တော့်အာရုံခံစားမှုတွေအားလုံးက ဘာမှ အဓိပ္ပါယ်မရှိတော့သလို ဖြစ်သွားသည်။ လောကကြီးသည် အဓိပ္ပါယ်မရှိ ဖြစ်သွားသည်။

ပုဇွန်တောင်ဈေးမှတ်တိုင်ကို ရောက်တော့ ကားရပ်စောင့်ရင်း လမ်းဘေးပလက်ဖောင်းပေါ်က ညနေရီနေအမြုံးမှာ ဦးဦးဖျားဖျား ခင်းစပြုနေသော ထင်းရှူးသေတ္တာပုံးဆိုင်ကလေးကို သတိထားမိသည်။

ဆိုင်ကိုခင်းနေသော မိန်းကလေးမှာ ကားလမ်းမကိုကျောပေး၍ ပလက်ဖောင်းကိုမျက်နှာမူထားသဖြင့် မတ်တပ်ရပ်နေသော ကျွန်တော့်နေရာမှဆိုလျှင် သူ့ကို တစောင်းအနေအထားဖြင့်မြင်ရသည်။ ထင်းရှူးသေတ္တာပုံးကလေးပေါ်သို့ သူတင်နေသောပစ္စည်းများမှာ လက်ဖက်သုပ်အတွက် အကြော်စုံပုလင်းကလေးတွေဖြစ်သည်။ ပုလင်းကလေးတွေက မိုးစဲနေထဲမှာ တောက်ပနေကြသည်။ သပ်သပ်ရပ်ရပ်ကလေးဖြစ်နေသည်။ သူက ခပ်ကြပ်ကြပ်ပိတ်ထားဟန်ရှိသော ပုလင်းအဖုံးကလေးတွေကို ဖွင့်ရလွယ်အောင် အနည်းငယ်စီဟ,၍ ဟ,၍ ပေးပြီးမှ ညီညာအောင်စီသည်။

သူသည် အသားညိုစင်းစင်းရှိသည်။ အပွင့်စိပ်စိပ်ရိုက်ထားသော နိုင်လွန်အကျီနှင့် အနက်ခံမှာ စိမ်းနုရောင်ထဘီကို ဝတ်ထားသည်။ စိတ်ရှည်လက်ရှည်လိမ်းထားဟန်တူသော သနပ်ခါးသည် ညို၍စင်းသော လက်မောင်းသားမှ လက်ကောက်ဝတ်ဖျားအထိ မွတ်၍နေသည်။ ဆံပင်ကို သပ်သပ်ရပ်ရပ်ဖြီးသင်ထားပြီး ဝက်ဝံရုပ်ခေါင်းစည်းကြိုးကလေးဖြင့် စီး၍ထားသည်။

သူသည် စိမ်း၍သန်သော မြင်းခွာရွက်ကြီးများနှင့် အဝါဘက်လုနေသော ခရမ်းချဉ်သီးများကို ရေဆေးပြီး ဇကာကလေးထဲထည့်သည်။ ကြွေပန်းကန်ကိုဖုံးထားသော ဒန်အိုးဖုံးကလေးကို လှန်လိုက်တော့ ရဲနေအောင်ကြော်ထားသည့် ပဲပြားနှင့် ညိုတိုတိုပဲသွေးတို့ကို တွေ့ရသည်။ ပြီးတော့ ၃ ပေ ၁ လက်မ (လက်တစ်ထွာ) ခန့်ရှိသော သစ်သားတုံးကလေးနှင့် ထက်လှသော လွကျိုးဓားကိုချသည်။ သစ်သားတုံးကလေးမှာ ဆိုင်၏သက်တမ်းကို ခလယ်ခေါင်ချိုင့်နေသည့်ဒဏ်ရာ





www.burmeseclassic.com

www.burmeseclassic.com


ဒဏ်ချက်များဖြင့် ဖော်ပြလျက်ရှိသည်။

သူ. . . ကြိမ်ခြင်းကြီးထဲမှ နောက်ဆုံး ဂရုတစိုက်ထုတ်လိုက်သော ဒန်ဇလုံထဲမှာ ချင်း၊ ပဲငံပြာရည်၊ ကြက်သွန်ဖြူနီတို့နှင့် ပြုတ်ထားသော ဘဲခေါင်းအမြည်းပင်ဖြစ်လေသည်။ ဘဲခေါင်းများသည် မျက်လုံးကလေးတွေဖွင့်ရင်း မိုးစဲသွားသောကောင်းကင်ကို ပြုံး၍ ဒန်ဇလုံထဲမှ ကြည့်နေကြသည်။

ဘေးနားမှာ နံနံပင်နှင့် ငရုတ်သီးစိမ်းတွေ တင်ရုံသာတင်ထားပြီး မမွှေရသေးသည့် အချဉ်ခွက်ကြီးနှင့် ကောင်းကင်ကြည့်ဘဲခေါင်းများသည် ကျွန်တော့်စိတ်ကို မှားစွာ ပြောင်းလဲစေသည်။ ကျွန်တော် တံတွေးတစ်ချက်မြိုချလိုက်သည်။

သူက. . . သခွားသီးခပ်ဖြောင့်ဖြောင့်တစ်လုံးကို ခေါင်းကလေးငုံ့၍ ရေစင်အောင်ဆေးနေသည်။ သူ့နဖူးပေါ်မှာ ဆံစကလေးတွေကို တမင်တကာ ချ၍ထားသည်။ သူသည် နှာတံသိပ်ပေါ်ပုံမရပါ။ နှုတ်ခမ်းနှင့်မျက်ဝန်းတွေကတော့ အပြည့်မမြင်ရ ရိပ်ခနဲ ရိပ်ခနဲသာ တွေ့တွေ့နေရသဖြင့် သူ့ကို ပုံဖော်ရတာခက်နေသည်။

သစ်သားခွေးခြေကလေးပေါ်မှာထိုင်နေသည့် သူ့ကိုယ်ဟန်က သွဲ့သွဲ့နွဲ့နွဲ့မဟုတ်။ အဆစ်အချိုးကောက်ကြောင်း ဟိုက်သည်။ ကာတွန်းဆရာတွေထဲကဆိုလျှင် ကျွန်တော်တို့၏ စောမင်းဝေအကြိုက်ခါးမျိုး။ ကျွေးရရ ကိုယ့်ကိုလှည့်စားသွားနိုင်မည့် ခါးမျိုးဖြစ်သည်ဟု ကျွန်တော်ထင်သည်။

(ကျွန်တော်သည် မိန်းကလေးတွေ၏ခါးကို သိပ်ကျွမ်းကျွမ်းကျင်ကျင် မခန့်မှန်းတတ်ပါ။ ထိုင်နေတုန်းကမှန်းချေသည် ထ,သွားလျှင် အမြဲလွဲတတ်လေ့ရှိပါသည်။)

သူက စိတ်ချလက်ချရေဆေးပြီးသွားသော သခွားသီးကို သစ်သားတုံးကလေးပေါ်တင်ပြီး လွကျိုးဓားနှင့် ခလယ်မှ ပိုင်းချလိုက်သည်။

ကျွန်တော့်ခံစားချက်နှင့် အာရုံတို့သည် ခုနကထက်စာလျှင် ပေါ့ပါးရွှင်မြူးလာသည်ဟု ထင်ရသည်။ တိတ်ဆိတ်ငြိမ်သက်နေသော တောအုပ်ကြီးထဲသို့ ထုထည်အင်အားကောင်းလှသော လေပြေကအားနှင့် ဝင်တိုးလိုက်သည့်အခါ လှုပ်ရှားခွင့်ရသော အရာအားလုံးဝုန်းခနဲ လှုပ်ရှားပြီး မြင်ကွင်းကြီးတစ်ခုလုံး ပြောင်းလဲသွားသလိုကို ပြောင်းလဲသွားခြင်းဖြစ်သည်။

အရက်သောက်ချင်စိတ်သည် ကျွန်တော့်ရင်ထဲကို တာဝန်ကျေမဟုတ်ဘဲ လိုလိုလားလားကြီးကို ရောက်ချလာသည်။ အရက်သောက်ချင်စိတ်သည် လျှာဖျားနှင့် ကျွန်တော့်ဝိညာဉ်ကသာသိသော နေရာတစ်နေရာမှာ ကျွန်တော့်ကို စောင့်၍နေသည်။

ကျွန်တော် စဉ်းစားနေတာက အချက်အလက်သိပ်မကျန်ချင်တော့ ကျွန်တော်တစ်ယောက်တည်း ဖြစ်နေခြင်းနှင့် ပုဇွန်တောင် ထင်းရှူးပုံတန်းမှာ ကျွန်တော်မထိုင်ဖူးသေးခြင်း. . . စသည့်အချက် ၂ချက်သာ ရှိတော့သည်။ (ပုဇွန်တောင် ထင်းရှူးတန်းမှာ ယခုမရှိတော့ပါ)

ကားတစ်စင်း ထိုးဆိုက်လာ၍ မော့ကြည့်လိုက်တော့ ကျွန်တော်စီးရမည့်ကားမဟုတ်။ ထိုအချက်နှင့်ပင် ကျွန်တော် ထင်းရှူးသစ္စာပုံးရှေ့သို့ ရောက်သွားလေသည်။ ခုနကအချက်နှစ်ချက်ကိုလည်း မေ့လျော့သွားပြီဖြစ်လေသည်။

ကျွန်တော်ဝင်ထိုင်လိုက်တော့ သူက သခွားသီးလှီးနေရာမှ မော့ကြည့်ပြီး အနည်းငယ်ထူးခြားသော ခံစားမှုတစ်ခု သူ့မျက်နှာပေါ်မှာ ဖြတ်ပြေးသွားသည်။ ကျွန်တော့်စိတ်ထင်တော့ သူသိနေကျ ဖေါက်သည်မဟုတ်ဘဲ မျက်နှာစိမ်းတစ်ယောက်ဖြစ်နေသောကြောင့်ဟု ထင်ပါသည်။

သူသည် ဟိုဟာလုပ်ရမလို၊ ဒါကိုင်ရမလိုဖြစ်၍နေသည်။ ကျွန်တော့်ကိုမော့၍ မျက်ဝန်းလှန်၍ တစ်ချက်နှစ်ချက်ကြည့်ရင်းဖြစ်သည်။ ကျွန်တော် ဘာလုပ်ပြီး ဘာကို ဘယ်လောက်သောက်မည်ဆိုတာကို သူမသိသောကြောင့် ဖြစ်လိမ့်မည်ထင်သည်။

"တစ်စိတ်ပဲလုပ်ပါ"

သူက ခေါင်းတစ်ချက်ညိတ်ပြီး သူ့ကျွမ်းကျင်မှုကို စသည်။



www.burmeseclassic.com

www.burmeseclassic.com

"လစ်ပိုရောဦးမလားဟင်"

သူ့လက်က လစ်ပိုပုလင်းလေးကို ထိထားပြီးသားဖြစ်နေသဖြင့် ကျွန်တော့်ထံမှခွင့်ပြုမိန့်ကို ချိတ်ထားသော မျက်ဝန်းများကိုလည်း အားနာသဖြင့် ခေါင်းကိုညိတ်လိုက်ရ၏။ အမှန်မှာ ကျွန်တော်က အရက်ထဲကို ဘာအချိုရည်ရောတာမှ မကြိုက်ပါ။

ခဏချင်းပင် ကျွန်တော့်ရှေ့သို့ အရက်တစ်စိတ် ကြွေထည်မြေထည်ဖန်ခွက်၊ အရောင်တော်တော်လေးမှိန်နေသော ရေသန့်တစ်ပုလင်းတို့ ရောက်လာကြသည်။

"ဘာမြည်းမလဲဟင်"

ဖြစ်နိုင်လျှင်တော့ ကျွန်တော် ခုနကမြင်ထားတာတွေအားလုံးကို တီးပစ်လိုက်ချင်သည်။ သို့သော် မဖြစ်သေး. . .။ ဘဲခေါင်းလိုအမြည်းမျိုးက အရှိန်လေးနည်းနည်းရမှ ကိုက်၍ကောင်းမှန်း ကျွန်တော်သိသည်။

"ပဲပြားကို ချဉ်ငံစပ်ကလေးသုပ်ပေးပါလား"

"ဟုတ်ကဲ့. . . သခွားသီး ထည့်မလားဟင်"

"ဟုတ်ကဲ့. . ."

သူက မချောပါ။

သပ်သပ်ရပ်ရပ်နှင့် စနစ်တကျရှိနေတာတစ်ခုပဲရှိသည်။ ကျွန်တော် အရက်တစ်ခွက်ကိုငှဲ့ပြီး ရေသင့်ရုံရောပြီး မော့ချလိုက်သည်။ ဒီနေ့အတွက် ပထမဦးဆုံး အရက်နံ့ကိုရသည်။ နောက်ခွက်တွေဆိုလျှင် ရတော့မည်မဟုတ်။ အရက်က တော်တော်လေးကိုပေါ့သည်။ သူက သခွားသီးလှီးနေရာမှ ရှေ့တွင်ချထားသော ပုလင်းလေးထဲမှ မြေပဲလက်တစ်ဆုပ်ကို ကမန်းကတမ်းနှိုက်ပြီး ဒန်ခွက်ကလေးနှင့် လှမ်းပေးသည်။

ကျွန်တော် ပထမဦးဆုံးခွက်ကို သောက်စဉ်က သူခိုးကြည့်တာကို ကျွန်တော်သိပါသည်။ ရောင်းသူနှင့်ဝယ်သူသည် ရင်းနှီးမှုမရှိလျှင် ဒီလိုပဲ စူးစမ်းတတ်ကြမြဲဖြစ်သည်။ တခြားကိစ္စမပါ။





ကျွန်တော် စီးကရက်ဘူးထုတ်ပြီး မီးညှိဖွာရှိုက်ရင်း နောက်တစ်ခွက်ကို ရေနည်းနည်းနှင့် ကစ်ပစ်လိုက်သည်။ ကျွန်တော့်ပတ်ဝန်းကျင်ကြီးတစ်ခုလုံးသည် ယန္တရားကြီးတစ်ခု လည်ပတ်နေသလိုကို လည်ပတ်နေသည်ဟု ကျွန်တော် ထင်လာသည်။

ကားဟွန်းသံ၊ စပါယ်ယာကားခေါ်သံ၊ ဈေးအော်သံ၊ စကားပြောသံ၊ ခေါ်သံ၊ ရွှေ့သံ၊ ကားစက်နှိုးသံ. . . ပြီးတော့ သက်ရှိသတ္တဝါတွေ လှုပ်ရှားနေကြသည်ဆိုသော စိတ်ကသိနေသည့် အသိ။ ထိုအသံသည် ကြားရသောအသံမဟုတ်ပါ။ ကြားရသောအသိသာဖြစ်ပါသည်။

ကျွန်တော့်ရှေ့တွင် ထိုးရပ်လိုက်သော သစ်သားဘတ်(စ်)ကားကြီးထဲမှ လူတစ်ချို့က ကျွန်တော့်ကို လှမ်းမြင်သွားကြသည်။ ကျွန်တော်ကတော့ သူတို့ကို ကြည့်ခြင်းဖြစ်ပါသည်။ ထိုဆုံတွေ့မှုသည် တိတ်ဆိတ်သည်။

မည်သူမျှလည်းမသိ။ သူတို့နှင့်ကျွန်တော်သည်လည်း မသိ။ သိရန်လည်းမဖြစ်နိုင်။ သို့သော် ထိုမျက်ဝန်းများကို ကျွန်တော် အမြဲရှက်ရွံ့တတ်သည်။ သူတို့က သူတို့ဘာသာ ထွက်သွားမှာပါ. . . . ဆိုသောအသိရှိလျှက် ထိုအသိကပင် ကျွန်တော့်ကို ရှက်ရွံ့စေခြင်းဖြစ်သည်။

ကျွန်တော် ထိုအမြင်များထံမှ မျက်နှာကိုလွှဲလိုက်သည်။ ကားက တော်တော်နှင့်မထွက်နိုင်။

"မနေ့ကလို ဖြတ်ပြီး လစ်မသွားနဲ့နော်၊ ဒီနေ့ကုန်မှပေးမှာ. . ."

"အံမယ်. . . မနေ့က စိုက်ရလို့လား၊ ကုန်တာပဲမဟုတ်လား"

"ဒါပေမဲ့. . . အဆူခံရတယ်။ တော်သေးလို့. . ."

ခရင်းသီးတုတ်သီသည်ကလေးနှင့် သူ စကားပြောသည်။ ဆီသုတ်ထားသဖြင့် ခရင်းသီးတွေက ပြောင်ဝင်း၍နေသည်။ အလုံးအဖန်က အရွယ်တော်. . . စီးမည့်ပုံရှိသည်။

"အဒေါ် နေမကောင်းလို့ပါဟာ. . ."

"ကားပြန်ကြည့်တာဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကလာဗျာ. . . မကြည့်ရတာ ဘယ်လောက်ကြာပြီလဲ"

ကျွန်တော် ညေင်းသီးသီတံတစ်ခုကို လှမ်းယူလိုက်သည်။ သူက ကျွန်တော့်ကို ဖျပ်ခနဲကြည့်ပြီး ဘာမပြောညာမပြောနှင့် ပြန်ယူပြီး နောက်တစ်ခုလဲပေးသည်။ ရောင်းသည့်ကောင်လေးက ကျွန်တော့်ကို ကြည့်ပြီး တစ်ချက်ရယ်ပြီး ထွက်သွားသည်။

"အထာလေးတွေရှိတယ် အစ်ကိုရဲ့၊ အစ်ကိုယူတာက မနေ့က ကျန်တဲ့ဟာ. . ."

"ဩော်. . . ဘယ်လိုလုပ်သိသလဲ"

"အင်း. . . ညေင်းသီးက ငြိုးနေတယ်လေ. . . အစ်ကိုရဲ့"

ကျွန်တော် ကျွန်တော့်ရှေ့က ညေင်းသီးသီတံကို ပြန်ကြည့်သည်။

"ညေင်းသီးက ငြိုးနေတယ်" ဆိုသောစကားကို ကျွန်တော် နား မလည်နိုင်။ စိတ်ထဲကတော့ သိလိုက်သလိုလိုရှိသည်။

ထိုအချိန်မှာ ကျွန်တော့်အစာအိမ်ထဲက "အေး"ကနဲ ခံစားချက် တစ်ခု ပတ်ပတ်လည်သို့ ပြန့်သွားတာကို ကျွန်တော်ခံစားရသည်။ အရက်သည် အစာအိမ်သွေးကြောနံရံများကို စတင်ထိတွေ့ပြီဟူသော အသိပေး ချက်ဖြစ်သည်။ ကျွန်တော် ပဲပြားသုပ်တစ်ဇွန်းမြည်းလိုက်သည်။ ချဉ်တာ၊ ငံတာ၊ စပ်တာနှင့် ပဲပြားအရသာ အဆင်ပြေပြေတွေ့ကြသည်။ အထူးသဖြင့် အချဉ်ရည်၏အရသာက တော်တော်ကောင်းတာပေါ်လွင်သည်။

"ဘာလိုသေးလဲဟင်. . . အစ်ကို"

"အာ. . . ကောင်းတယ်. . . အချဉ်ရေ ဘယ်သူဖျော်တာလဲ"

သူက တစ်ချက်ပြုံးသည်။

"အမေ ဖျော်တာ"

ထင်မထားသောအဖြေဖြစ်သည်။ ကျွန်တော် ခေါင်းညိတ်ပြီး နောက်တစ်ဇွန်းစားလိုက်သည်။

"သင်ထားပါလား၊ ဒီအချဉ်ရည်က ဘာနဲ့ရောင်းရောင်း အဆင် ပြေမယ့်စပ်နည်းမျိုးပဲ ပညာပါတယ်. . ."





"ဘဲခေါင်းအတွက်ဖျော်တာလေ. . ."

"ဩော်. . ."

ကျွန်တော် အရက် တတိယခွက်ကိုငှဲ့လိုက်သည်။ပထမ၊ ဒုတိယ ထက်ပို၍များသည်။ ဒါ. . . ကျွန်တော် အရက်သောက်သောပုံစံဖြစ်သည်။ ပဲပြားသုပ်နှင့် ညေင်းသီးသည် ကျွန်တော့်ကို များစွာကူညီသည့် အတွက် ကျွန်တော့် လူ့ဘဝဆိုတာကို ကျေနပ်လာသောခံစားမှုကို ရသည်။ ကျွန်တော့်အိတ်ထဲမှာ ပိုက်ဆံတော်တော်များများကို ရှိနေသည်။ ထိုအချက်သည်လည်း ကျွန်တော့်ကိုယ်ကျွန်တော် ကျေနပ်နေသည့် နောက်ခံဘက်ဂရောင်းကို တည်ငြိမ်စေသည်။

ကျွန်တော့်သိစိတ်အလျှင်သည် သွက်၍လာသည်။ ဝင်ကာစ နေရောင်ကြောင့် ဒါမှမဟုတ် လင်းကာစ လမ်းမီးရောင်ကြောင့် လူတွေ ပို၍ သွက်သွက်မြန်မြန် ဆန္ဒတွေရှိလာကြသည်ဟု ကျွန်တော်တွေးသည် သူတို့အားလုံး မျက်နှာတွေမှာ ပင်ပန်းသည့်ဒဏ်ကို တွေ့နေရသည်။ ကျွန်တော်သည် လူတွေကို တစ်ယောက်ချင်းစီလိုက်ကြည့်ပြီး အားလုံးကို မြင်ဖို့ ကြိုးစားနေသည်။

ကျွန်တော့်ဆိုင်ထဲမှာ လှုပ်ရှားမှုတစ်ခုပေါ်သည်။

နောက်ရောက်လာသည့် လူနှစ်ယောက်ကတော့ သူ့ဖေါက်သည် ဖြစ်ဟန်တူသည်။ ဘာမှပြောစရာမလိုဘဲ ပုလင်းတွေရောက်သွားသည်။ လက်ဖက်သုပ်ကို သူသုပ်နေသည်။

"အူသုပ်မရသေးဘူးလား"

"အမေနဲ့မှ အူကပါလာမှာ၊ ခြေထောက်ရောပဲ၊ ခေါင်းယူမှာလား"

"ဒါပေါ့. . . ခေါင်း. . . ခေါင်း. . . ဒီခေါင်း. . ."

ဝင်လာသည့်ထဲမှ ခက်သွက်သွက်လူတစ်ယောက်က ကောင်မလေး၏ခေါင်းကို ပွတ်လိုက်သည်။

"ဘယ်လို. . . ဖြစ်နေတာလဲ"

အသုပ်သုပ်တာကိုရပ်ပြီး သူက မျက်နှာကိုဆောင့်၍ကြည့်



www.burmeseclassic.com

www.burmeseclassic.com

သည်။ မျက်ဝန်းမှာ ဒေါသကိုတွေ့ရ၏။ ကျွန်တော်တို့ လေးလေးစားစား ဆက်ဆံခဲ့ကြတာကို ကာကွယ်ချင်ပုံရသည်။ ခေါင်းပွတ်သူက . . .

"အံမယ်. . . အံမယ်. . . ကုလားမက. . . စိတ်ဆိုးလို့၊ စိတ်တွေ ဘာတွေဆိုးလို့ဟ"

ဟုပြောရင်း လက်ညှိုးထိုးရယ်သည်။ ဒေါသဖြင့်ဆောင်ထားသော မျက်နှာသည် ပျိုကျသွားသည်။ "ခိ"ခနဲရယ်သံထွက်လာ၏။ ကျွန်တော် မျက်နှာလွှဲလိုက်သည်။ အလျှံအိမ်တစ်အိမ်မှာ တစ်ခုခုကို တက်ညီလက်ညီ လုပ်နေကြသောလူတွေလို သွားလာလှုပ်ရှားနေကြသော လူတွေကို ကျွန်တော် ငေးနေမိသည်။

ကျွန်တော် နောက်ထပ်တစ်စိတ်မှာဖို့ သတိဝင်တော့ သူက မတ် တပ်ထရပ်ပြီး လွယ်အိတ်ကိုလွယ်နေသည်။ သူနေရာမှာ အသက် ၅၀ ကျော် မိန်းမကြီးတစ်ယောက်က ဝင်ထိုင်မလိုလုပ်နေသည်။ မြင်ဖူးနေကျ မြန်မာမိန်းမကြီးတွေလို ပုပုဝဝ ဗိုက်ခေါက်ထူထူ ခြေလက်တွေတုတ် တုတ်ခိုင်ခိုင်. . .။ မျက်နှာက အရက်ရောင်းရတော့ အလုပ်ပေါ်မှာ အာရုံစူးစိုက်မှု အပြည့်ရှိသည့်ပုံစံမျိုး. . .။

နို့မှုန့်ဗူးထဲကပိုက်ဆံကို မွှေနှောက်ရှာဖွေပြီး ကောင်မလေးကို မုန့်ဖိုးပေးနေသည်။ ကောင်မလေးက ကျူရှင်သွားမည့်ပုံစံဖြစ်သည်။ ရင်ထဲမှာ တစ်ခုဟာသွားသလို ခံစားရ၏။ သူ့ဆီမှာ နောက်ထပ်တစ်စိတ်နှင့် ဘဲခေါင်းကိုယူလိုက်ဖို့ကောင်းသည်။ ဒါပေမဲ့ သူက သွားတော့မည်။ အန်တီကြီးက ခွေးခြေသေးသေးကလေးပေါ်မှာ အသေအချာ ထိထိမိမိဖြစ်အောင် ထိုင်ပြီး ရှေ့ကပစ္စည်းတွေကို ထပ်ပြီး သပ်ရပ်အောင်လုပ်နေသည်မှာ လေယာဉ်မှူးတစ်ယောက် လေယာဉ်မောင်းဖို့ ပြင်ဆင်နေတာနှင့် တော်တော်တူသည်ဟု တွေးမိသည်။

နောက်တစ်စိတ်ကို ဘဲခေါင်းခရမ်းချဉ်သီးသုပ်တို့နှင့် တွဲပေးလိုက်သည်။ လောကကြီး မှောင်သွားသည်။ ကျွန်တော်နှင့် မျက်နှာချင်းဆိုင်မှာဝင်ရပ်သော ကားထဲမှမျက်လုံးတွေကို ကျွန်တော် မမြင်ရတော့။ မြင်ရလည်း ဒီအချိန်မှာ ဘာမှမဟုတ်တော့. . .။ ကျွန်တော် ဘဲခေါင်း





ကို အားရပါးရကိုက်နေတာကိုပဲ သူတို့လည်း မြင်ရမည်ဖြစ်သည်။

နေရောင်ပျောက်သွားပုံနှင့် ကျွန်တော့်ခန္ဓာကိုယ်ထဲက သွေးစီးနှုန်းမြန်လာပုံမှာ လိုက်ဖက်လွန်းသည်ဟုကျွန်တော်ထင်သည်။ ထီရောင်းသောကားတစ်စင်းလာရပ်သဖြင့် ကျွန်တော်တို့တစ်တွေ အားလုံး လင်းကုန်ကြသည်။

"ဟာကွာ. . . တော်တော်အလိုက်ကမ်းဆိုးမသိတဲ့ကောင်ကွာ၊ ဒီနေရာများ လာရပ်ရတယ်လို့. . . "

ရည်ရွယ်ချက်ကိုထိရောက်သော လေသံနှင့် အပြောတို့ကြောင့် အလင်းရောင်းထဲမှာ သောက်နေသူတွေအားလုံး ပွဲကျသွားသည်။ သူပြောသည့်ထဲတွင် မပါသော ပလက်ဖေါင်းအရက်သမားဘဝသည် ပေါ်လွင်၍သွား၏။

"ထီကလည်း ဆတူတွေလိုက်ပေးနေတာပါလား"

"၅၀ ပေါက်ရင် ၅၀ ထပ်ရမှာဆိုတော့ ဟုတ်ရောဟုတ်ရဲ့လားကွာ"

"သူတို့ တရားဝင်ကြေညာထားတာပဲ"

"အောင်မာ. . . မပေးတော့ မင်းက ဘယ်လိုသွားပြောမှာလဲ"

"ဂျာနယ်ထဲမှာ မေးထားတာတော့ တရားဝင်ပေးမှာတဲ့"

"သူ့အမျိုးပေါက်. . . သူ့အမျိုးရနေမှာပါကွာ"

စီးကရက် ပို၍သောက်လို့ကောင်းလာသည်။ ပတ်ဝန်းကျင်ကတော့ ကြည့်၍မကောင်းတော့။ အမှောင်သည် အလှအပတော်တော်များများကို ဝင်ယူပစ်လိုက်သည်။ လူတွေကို ပိုပြီး ဖိအားပေးလှုပ်ရှားခိုင်းသလိုဖြစ်နေသည်။

ထိုစဉ်မှာပင် ကျွန်တော့်ပေါင်တွေကို အဆုပ်အနယ်ခံလိုက်ရသည်။

တအံ့တသြကြည့်မိတော့ အကျီနွမ်းနွမ်း လုံခြည်စုတ်စုတ်နှင့် လူ တစ်ယောက်ဖြစ်နေသည်။ ဘာမှမပြောဘဲ ကျွန်တော့်ပေါင်တွေကို လာ နှိပ်ပေးခြင်းဖြစ်သည်။ မျက်လုံးတွေက မှုးယစ်ရီဝေနေသည်။ ပြီး



www.burmeseclassic.com

www.burmeseclassic.com


တော့ ဘာအဓိပ္ပါယ်မှမရှိတော့. . . အမှိုက်ပုံထဲက ဂဏာန်းခွံနှင့်တူနေသည်။

"ဟာ. . . ဟဲ့. . . ထွေးမောင်. . . သွား. . . သွားစမ်း. . .၊ ဟဲ့. . . သွားဆို. . ."

"ဆရာ. . . နှစ်ကျပ်ဖိုးလောက်တော့ တိုက်ပါဆရာရယ်"

အသံက ဘာကြိုးနှင့်မှလည်း မချည်နှောင်၊ ဘာအဓိပ္ပါယ် ယုံကြည်မှုနှင့်မှလည်းမပတ်သက်။ ဘယ်အသိဉာဏ်ကလာသောအသံမှလည်း မဟုတ်။ ရိုင်းစိုင်းမှုလည်းမရှိ။ သို့သော် ကြောက်စရာကောင်းနေသည်။

"ဟဲ့. . . ထွေးမောင်. . . ငါပြောနေတယ်မဟုတ်လား၊ ဖေါက်သည်ကို. . . ဟဲ့. . . ထွေးမောင်. . ."

အန်တီကြီးက လက်ကို တရွယ်ရွယ်ဖြစ်နေသည်။ ရုတ်တရက်သူတို့နှစ်ယောက်ကို ဇာတ်တိုက်ထားသည်ဟု ကျွန်တော်မြင်လာသည်။ ထို့ကြောင့် အရက်မတိုက်ဖြစ်တော့ ရင်ထဲမှာလည်းဘာမှန်းမသိတာကြီးဝင်လာသည်။ ခရမ်းချဉ်သီးမျက်နှာနှင့် လူသည် ဘာကိုမှမကြည့်။ သူ့အရက်ခွက်ကိုသာ စိုက်ကြည့်နေသည်။

"ပိုက်ဆံ ဘယ်လောက်ကျသလဲ"

ကျွန်တော်ထလာတော့ ခရမ်းချဉ်သီးသမားသည် အရက်ကိုအငမ်းမရသောက်ပြီး အစားအစာတွေကိုလည်း ပလုပ်ပလောင်းစားသောက်ပြီး ကျန်ခဲ့သည်။ အန်တီကြီး၏ "ဖေါက်သည်ကို. . . ဖေါက်သည်ကို. . ." ဆိုသောအသံနှင့် ဆဲသံဆိုသံကိုလည်း ကြားနေရသည်။ ကောင်မလေးဆိုရင် ဘယ်လိုနေမလဲ. . .။ ထူးဆန်းသည်မှာ ကောင်မလေး၏မျက်နှာကို ကျွန်တော် မမှတ်မိတော့။ ဘယ်လိုမှပုံဖော်၍မရတော့။ ဘာကြောင့်မှန်းတော့မသိပါ။

ကျွန်တော် လိုင်းကားမစီးတော့ဘဲ ကကငှားရန် ဆုံးဖြတ်ချင်းမှာ ဇိမ်ယူချင်လို့မဟုတ်။ အဓိပ္ပါယ်တစ်မျိုးမျိုးနှင့် အကြည့်များအောက်မှ ကျွန်တော့်မျက်နှာကို ကျွန်တော် ကာကွယ်ခြင်းသာဖြစ်သည်။



လူမပါသည့်ကားတွေ၊ ကားအလွတ်တွေက ကျွန်တော်တားတာကို မရပ်ပေးဘဲ လူပါပြီး ကျွန်တော်မတားသောကားက ရပ်သည်။ လောကသည် တစ်ခါတစ်ခါ ထိုသို့ အပြုအမူများဖြင့် အမှန်တရားကို ဝှက်ထားလေ့ရှိသည်။

လူပါသည့်ကားကို ကျွန်တော် မစီးချင်တာ သေချာသည်။ သို့သော် မျှော်လင့်ချက်ဖြင့်ထိုးရပ်သော အပြုံးဖြင့်မေးသော စကားကိုတော့ ကျွန်တော် ယဉ်ကျေးစွာပြန်ဖြေရန် တာဝန်ရှိသည်ဟု ကျွန်တော်ထင်သည်။

ကျွန်တော်သည် ဈေးဆစ်ရက်စက်တတ်သူ ဘယ်တုန်းကမှ မဟုတ်ခဲ့ပါ။ ဈေးဆစ်မည်ဟူသော စိတ်ဝင်တာကိုပင် အားနာနေတတ်သည့် လူမျိုးဖြစ်ပါသည်။ သို့သော် လောဘဖြင့်မဟုတ်ဘဲ မစီးချင်၍ မဖြစ်နိုင်သောဈေးကို ကျွန်တော် ပြောပစ်လိုက်သည်။

ကားဆရာက တစ်ချက်မျှော်ပြီး စဉ်းစားနေသဖြင့် ကျွန်တော် ရင်ထိတ်ရသေးသည်။

"တက်ဗျာ. . . ရပါတယ်. . . တက်"

ကျွန်တော် အရမ်းစိတ်ညစ်သွားသည်။ မစီးတော့ပါဘူးပြောလျှင်လည်း ရန်ဖြစ်ဖို့သာရှိတော့သည်။ ကိုယ့်ကြိုက်ဈေးကို သူပေးတာမဟုတ်လား။ ကားရှေ့ခန်းကိုဝင်ထိုင်လိုက်တော့ ထောင်ကျသလိုခံစားလိုက်ရ၏။ နောက်မှာက မိန်းကလေး၂ယောက်ရှိသည်။ ကျွန်တော်ပါးစပ်ကို ပိတ်ထားလိုက်သည်။ ကားခကို ပုံမှန်ဈေးပဲပေးဖို့လည်း စိတ်ကူးလိုက်၏။

"သာကေတကို အရင်ပို့ရမယ်. . . ဆရာ. . . ခဏလေးပါ၊ ပြီးမှ သုဝဏ္ဏကုံးကနေဆင်းတာပေါ့"

ကျွန်တော် ခေါင်းကိုညိတ်ပြလိုက်သည်။ နောက်ထပ် သူ စကားမပြောရန် မျက်လုံးကိုမှိတ်ထားလိုက်သည်။ သွေးကြောထဲက အရက်အရှိန်သည် ကျွန်တော်လိုချင်သလောက်မရောက်သေး. . .။ ကျွန်တော့်အာရုံထဲမှာ ကျွန်တော်ထားခဲ့သည့်အရက်ကို အားရပါးရသောက်နေ


www.burmeseclassic.com

www.burmeseclassic.com

သော ခရမ်းချဉ်သီးမျက်နှာကို အသေးစိတ်မြင်နေရသည်။

သူ့ပါးစပ်ပွင့်ဟနေပုံ၊ သူ့မျက်လုံး ပေရေညစ်ပတ်နေသော သူ့အင်္ကျီ၊ ကြုံလှီနေသော သူ့လက်မောင်း. . .။ ကောင်မလေးပုံကို ပြန်စဉ်းစားကြည့်သည် မမှတ်မိတော့။ ကောင်မလေးနေရာမှာ ပုံသဏ္ဍာန်တွေ အများကြီးဝင်နေသည်။ ခရမ်းချဉ်သီးလို မပြတ်သား၊ ထင်ထင်ရှားရှားမရှိ။

ကားရပ်လိုက်သဖြင့် ကျွန်တော် မျက်စေ့ဖွင့်လိုက်သည်။

ကောင်မလေးတွေက ပိုက်ဆံပေးပြီး ပြိတီတီတွေပြောရင်းဆင်းသွားကြသည်။ ဘာသဘောလည်းဆိုတာကိုတော့ ကျွန်တော်လည်း မသိ။

"တော်ပါသေးရဲ့ဗျာ. . . ဒီကောင်မလေးတွေ မလွယ်ဘူးဗျ၊ ကျွန်တော့်ကို ဟော်တယ်ကင်္ဂါးလာတာ"

"ဪ. . ."

"ကျွန်တော့်ကို အတင်းပြဿနာရှာနေတာ၊ ကျွန်တော်ကလည်း အဲဒါမျိုးတွေ ဝါသနာမပါဘူးဗျ၊ ခင်ဗျားတားတော့ အနံ့ကလေးရတာနဲ့ အဖော်ရအောင်တင်လာတာဗျ၊ ကျွန်တော်ကလည်း အခုဆိုင်ကိုသွားမလို့၊ ဘယ့်နှယ့်လဲ"

ကျွန်တော်ငဲ့ကြည့်တော့ ကားဆရာပုံစံက တည်တည်ငြိမ်ငြိမ်နှင့် ရုပ်ရည်သန့်ပါသည်။ မျက်လုံးတွေက ပျော်တတ်သူ၊ ပွင့်လင်းသူဟု ကျွန်တော် ယူဆသည်။

"ကျွန်တော် သောက်လာပြီးပြီဗျ"

"လမ်းကြုံနည်းနည်းတော့ ကစ်ပါလားဗျ၊ အခုသွားမယ့်ဆိုင်က ကျွန်တော်သောက်နေကျဆိုင်ပါ၊ ဘီအီးကောင်းတယ်၊ ဆိုင်ဘီအီးဗျ၊ ပြီးတော့ အမြည်းလေးတွေကအစ စိတ်ဝင်စားဖို့ကောင်းတာ၊ လယ်ကြွက်ရတယ်ဗျာ၊ ငရုတ်ကို ငွေသီးနဲ့ချက်ထားတာရတယ်၊ အမဲသားလက်ဝါးပြားလောက်ကို ဒိန်ချဉ်နဲ့နှပ်ပြီး ကြော်တာကတော့ အဲဒီဆိုင်က အကောင်းဆုံးပဲ။ ရတောင်ရပါတော့မလားမသိဘူး။ ကျွန်တော်ကတော့





အဲဒါနဲ့ ပဲစောင်းခါးသီးသုတ်ဆိုပြီးပြီ"

"ပဲစောင်းခါးသီးသုတ်. . ."

"ဟုတ်တယ်. . . ပဲစောင်းခါးသီးကို ရေနွေးဖျော့ပြီး ဆီချက်တို့နှမ်းတို့၊ မြေပဲထောင်းတို့နဲ့သုတ်တာ၊ မစားဖူးရင် လျှာလည်သွားမယ်၊ ပြီးတော့ ဇိမ်ကလေးရလာရင် ခြေသလုံးသားတို့ ဇက်ကြောတို့လျှော့ချင်လည်းရတယ်၊ ဇိမ်ပဲဗျ"

"အာ. . . အခုပဲ အနှိပ်သမားနဲ့တွေ့လို့ ပြေးလာတာ၊ မလုပ်ပါနဲ့၊ အဲဒီအဆင့်ကို ရောက်ရင်တော့. . ."

"မဟုတ်ဘူးဗျ၊ အဲဒီမှာနှိပ်ပေးတာ ကောင်မလေးတွေ၊ ဒါပေမဲ့ အစိုးရကပိတ်တဲ့ အနှိပ်ခန်းလိုမဟုတ်ဘူး၊ အရက်ဆိုင်ဘေးက ကွပ်ပျစ်ကလေးပေါ်မှာပဲ အနှိပ်ခံရတာ၊ အရင်တုန်းက တရုတ်ကြီးတစ်ယောက်နှိပ်တာဗျ၊ အခု တရုတ်ကြီး ကျန်းမာရေးမကောင်းလို့ သူ့သမီးက နှိပ်ပေးတာ၊ ရိုးရိုးသားသား သမာအာဇီဝပါဗျ၊ အားလုံး ချစ်ချင်ခင်ခင် ရင်းရင်းနှီးနှီးပါဗျ၊ တစ်ခုရှိတာက ဆိုင်ကတော့ သိပ်မသားနားဘူးပေါ့လေ၊ ခရာတောနဲ့ လယ်ကွင်းတွေအစပ်ကတဲကလေးပဲ၊ ဒါပေမဲ့ သန့်ရှင်းတယ်၊ အမြည်းကောင်းတယ်၊ စိတ်ချမ်းသာတယ်၊ အေးဆေးတယ်"

"ခင်ဗျား. . . အင်္ဂလန်မှာ ဟော်တယ်ဧည့်ကြိုကို လေဆိပ်တို့ဘာတို့မှာ လုပ်ဖို့ကောင်းတယ်"

ကျွန်တော်တို့နှစ်ယောက် ရင်းနှီးစွာရယ်ဖြစ်ကြသည်။

ကျွန်တော်တို့ စာရေးဆရာတွေ အရက်ဆိုင်ရွေးသည့်အခါတွင် အဓိကထားသောအချက်များမှာ သူပြောသွားသောအချက်များနှင့် အားလုံးကိုက်ညီသည်။ သူပြောသည့်ထဲတွင် စိတ်ဝင်စားစရာကောင်းတာက လယ်ကွင်းဘေးဆိုတာနှင့် ပဲစောင်းခါးသီးသုတ်ဖြစ်သည်။

သူ့ဆိုင်ကိုရောက်တော့ သစ်ပင်ပင်စည်မှာ လေးပေမီးချောင်းကြီး ထောင်ပြီးထွန်းထားတာကလွဲလျှင် အကုန်အဆင်ပြေသည်။ အရက်တော့ သူပြောသလိုမကောင်းပါ။ (ထုံးစံအတိုင်းသာဖြစ်သည်) အမြည်းကတော့ တော်တော်ကလေးကောင်းပါသည်။ အမဲကြော်နှင့် ပဲစောင်း



www.burmeseclassic.com

www.burmeseclassic.com

ခါးသီးသုတ်မှာ အလွန်တရာ ဘီအီးနှင့်လိုက်ဖက်ကြောင်း ကျွန်တော် ကောင်းကောင်း သဘောပေါက်သွားသည်။ နှိပ်ပေးသည်ဆိုသော ကောင်မလေးမှာ ဒီနေ့မလာပါတဲ့။

အဲဒါက ပို OK သည်ဟု ကျွန်တော်ထင်သည်။ မဟုတ်လျှင် အဲဒီကောင်မလေးနှိပ်တာကို မြင်နေရသည့်အတွက် ကျွန်တော် ဘယ်သူ့ကိုမှန်းမသိ အားနာနေရဦးမည်ဖြစ်သည်။

"စပ်စုတာတော့မဟုတ်ဘူးဗျာ. . . ခင်ဗျားက ဘာလုပ်လဲ'

ဒီလိုအမေးခံရတိုင်း ကျွန်တော် အမြဲ ဇဝေဇဝါဖြစ်တတ်သည်။ စာရေးဆရာဟု ကျွန်တော် မပြောချင်တာလည်းပါသည်။ ဘယ်အလုပ်ကို ရွေးပြီးပြောရမှန်းမသိတာလဲ ပါသည်။ စွတ်ပြောလိုက်သည့်အလုပ်က မေးသူကျွမ်းကျင်တာဖြစ်လျှင်လည်း ဒုက္ခရောက်တတ်သည်။

တစ်ခါတုန်းက အဲဒီလိုအကြုံမှာ "ပန်းတိမ်လုပ်တယ်" ဟု ပြောမိသည်။ မေးသူက ပန်းတိမ်ဆရာဖြစ်နေသဖြင့် ဆက်မေးတော့ ကျွန်တော် ဘာမှမဖြေတတ်သဖြင့် မသက်ာအဖြစ်ခံခဲ့ရဖူးတာလည်း ရှိသည်။ ဒီတော့ ကိုယ်မလုပ်ဘဲ ကိုယ်သိနေသောအလုပ်ကို ပြောလိုက်သည်။

"အပြင်စီးပွားရေးပါပဲ၊ ဗီဒီယိုအငှားဆိုင်ဖွင့်တယ်"

"သြော်. . . ဘယ်လိုလဲ"

"အင်း. . . ဒီလိုပါပဲ၊ ကောင်းတဲ့အခါကောင်းပေါ့"

"ဟာ. . . ကိုယ်ပိုင်အလုပ်ဆိုတာ အမြဲတမ်းကောင်းတာပေါ့ဗျာ၊ ဘာမကောင်းစရာရှိသလဲ၊ ဒါပေမဲ့ ကျွန်တော့်လိုလူမျိုးချည်းပဲဆိုရင်တော့ ခင်ဗျား စီးပွားပျက်သွားနိုင်တယ်။ ကျွန်တော်က မြန်မာဗီဒီယိုမကြည့်ဖူးဗျ"

သူက အားနာပါးနာပြောခြင်းမဟုတ်။ ပြောခွင့်ရပြီဆိုပြီး အားရဝမ်းသာ သေသေချာချာပြောခြင်းဖြစ်သည်။ ကျွန်တော် ဒေါသလည်း မဖြစ်၊ စိတ်လည်းမညစ်ပါ။ မကြည့်ဘူးဆိုပြီး ကြည့်ခဲ့ဖူးသောအခွေတွေ မကောင်းတာတွေကို ပြန်ပြောပြတာကိုခံရမှာပဲတွေးပြီး ကြောက်နေမိ





သည်။ ဒီတော့ စကားလမ်းကြောင်းလွှဲရမည်။

"ဟုတ်တယ်ဗျ၊ မြန်မာကားတွေက မစွံဘူး၊ ဇာတ်လမ်းတွေက ထပ်၊ ဇာတ်ကောင်တွေက ဒါပဲ၊ ဒီလူတွေပဲ၊ ကိုယ်နဲ့ရင်းနှီးနေတဲ့အိမ်ကို ထိုင်ကြည့်နေရသလို ဖြစ်နေတယ်။ ဒီလူတွေ ဒီလိုပြောပြီး ဒီလိုဖြစ်နေကြတာပဲ။ အပြင်မှာ တကယ်ဖြစ်တဲ့ ကားဆရာဇာတ်လမ်းလောက် စိတ်ဝင်စားဖို့မကောင်းဘူး"

"အာ. . . အဲဒါပေါ့ဗျ. . . ကျွန်တော့်မှာဆို တကယ့်ဇာတ်လမ်းတွေ အများကြီးပဲ၊ ရိုက်မယ်သာဆို ပြောပြချင်တယ်ဗျ၊ အများကြီးဗျာ"

အမှန်တော့ လူတိုင်းမှာ ဇာတ်လမ်းဆိုတာရှိပါသည်။ ဇာတ်လမ်းနှင့်ကင်းလွတ်သောလူဆို၍ ဤကမ္ဘာတွင်မရှိနိုင်။ လောကကြောင်းတရားကို အားလုံး ဖြတ်တောက်အောင်ပွဲဝင်ခဲ့သော မြတ်စွာဘုရားမှာတောင်မှ ဘုရားဖြစ်ခဲ့သည့်ဇာတ်လမ်းရှည်ကြီး ရှိခဲ့သေးတာမဟုတ်လား။

ကျွန်တော်တို့လို ဇာတ်လမ်းသမားဘက်ကကြည့်လျှင် "နိဗ္ဗာန်ရအောင်လုပ်တယ်"ဆိုတာ နောက်ထပ်ဘာဇာတ်လမ်းမှမရှိတော့အောင် ကြိုးစားခြင်းဖြစ်သည်။ ထိုဇာတ်လမ်းဖြစ်ပေါ်စေသော "ကံ"ဆိုသည့် သတ္တိကလေးကို ရပ်တန့်ပစ်လိုက်ခြင်းပင်ဖြစ်သည်။ မရပ်တန့်နိုင်သေးလျှင် ကျွန်တော်တို့မှာ ဇာတ်လမ်းတွေရှိနေရဦးမည်ဖြစ်လေသည်။

သူက ကားသမားဇာတ်လမ်းတွေ ကျွန်တော့်ကိုပြောပြပါသည်။

ဇာတ်လမ်းတွေနှင့် နေ့စဉ်ကစားနေသော ကျွန်တော့်အတွက် သူပြောနေသည့်ဇာတ်လမ်းတွေက ပျင်းစရာကောင်းနေခဲ့သည်။ ပြီးတော့ ဇာတ်လမ်းတွေက မရိုးသား မထူးခြားထူးခြားအောင် သူက လျှောက်လုပ်နေသဖြင့် ပို၍နားထောင်ရ ဒုက္ခရောက်သည်။

ပြီးတော့ သူက ဖြစ်ရပ်တစ်ခုကို လူစိတ်ဝင်စားအောင်ပြောတဲ့နေရာမှာ တော်တော်လေးကိုညံ့သည်။ ကျွန်တော် ပျင်း၍လာသည်။ ရှေ့ကအရက်ကိုပဲ ဖိ၍သောက်နေမိသည်။

သူပြောနေသည်တွေက သူ့ကို ကကငှားစီးရင်း စိတ်ဝင်စား



www.burmeseclassic.com

www.burmeseclassic.com

သွားသည့်ကောင်မလေးတွေအကြောင်း ပစ္စည်းတွေကျန်ခဲ့တာကို သူက သဘောထားကြီးစွာလိုက်ပြန်ပေးသည်ကို အစော်ကားပင်ခံရသည့် အကြောင်း. . .။ ကျွန်တော် သူ့ကို တစ်ခွန်းပြောလိုက်သည်။

"ခင်ဗျားအကြောင်းတွေကလည်း မြန်မာဗီဒီယိုကားတွေလိုပါပဲ ဗျာ. . .၊ ထပ်နေပြီ၊ စိတ်ဝင်စားဖို့မကောင်းဘူးဗျ"

သူနှင့်ကျွန်တော် ပြိုင်တူရယ်လိုက်ကြသည်။

ကျွန်တော်တို့နှစ်ယောက် အရက်ကိုသောက်၍ကောင်းသော မူး၍ကောင်းသောအချိန်သို့ ရောက်နေပြီဖြစ်သည်။ ထိုအချိန်တွင် အရက်သမားတော်တော်များများသည် စိတ်သဘောထား ရွှင်ပြနူးညံ့ နေပြီး တစ်လောကလုံးကို ချစ်နေပြီး ကိုယ်နှင့်အတူသောက်သူကို မိသားစုဆွေမျိုးတွေထက်ပင် ပို၍ ချစ်နေသောအချိန်လည်း ဖြစ်လေသည်။ နောက်ထပ်တစ်စိတ် ထပ်ယူပြီးတော့ အရက်ဖိုးကို သူရှင်းမယ် ငါရှင်းမယ် ဖြစ်နေကြသည်။

"ကဲ. . . ဒီလိုလုပ်ဗျာ၊ ခင်ဗျားသတ်မှတ်တဲ့ကားခကို ဒီထဲ ထည့်လိုက်တော့ဗျာ"

"အာ. . . ဘယ်ရမလဲ၊ တစ်ဝက်ပဲထည့်မယ်"

"ဘယ်လိုလဲ၊ ဒီဆိုင်ကို ခင်ဗျားကြိုက်သွားပြီမဟုတ်လား"

"ဒါပေါ့. . . နောက်လူရှောင်ချင်ရင်လာရမယ်၊ ဒီသစ်ပင်မှာ ထွန်းထားတဲ့မီးချောင်းကြီးမရှိရင် ပိုကောင်းမယ်ဗျာ"

ကားပေါ်ရောက်တော့ သူ ကားမောင်းပုံကိုကြည့်ရတာ သက်တောင့်သက်သာရှိနေသည်။ သူ့ရေချိန်နှင့် ကွက်တိဖြစ်ဟန်တူသည်။ ကျွန်တော်ကတော့ ဖြစ်နိုင်လျှင် အိပ်ပစ်လိုက်ချင်ပါသည်။ မိုးလေအေးအေးနှင့်ဆိုပေမယ့် ကောင်းကင်မှာ ကြယ်ပေါက်နေသည်။

သဝဏ္ဏဂုံးပေါ်ကိုရောက်တော့ ကားလှမ်းတားသူနှစ်ဦးကို တွေ့ရ၏။

"ခင်ဗျားတော့ ကံကောင်းပြန်ပြီနဲ့တူတယ်ဗျို့"

"ဒီတစ်ခါစုံတွဲ. . . "





"ကျုပ်ဆင်းသွားရင် ဟိုကောင်မလေးတွေကို ပြောသလိုပြော ပေါ့ဗျာ၊ အခြောက်နဲ့တွေ့နေတာလို့ ပြော"

ပျော်ရွှင်စွာရယ်မောရင်း ကားကိုရပ်ပေးလိုက်၏။

"အစ်ကို. . . ကျွန်တော်တို့ ကျွန်တော်တို့ ပဲခူးကိုသွားချင်လို့ ပါ"

"ဟေ. . . ပဲခူးကို"

"ဟုတ်တယ်. . . အစ်ကို၊ ကျွန်တော်တို့ ခိုးပြေးလာကြတာပါ၊ ကူညီပါ အစ်ကို. . . "

အဖြေကရှင်းနေသည်။ ကောင်လေးက ပိန်ပိန်ညှောင်ညှောင် နှင့် ပုံမလာ။ ကောင်မလေးက ဖြူဖြူဖွေးဖွေး ဝဝကစ်ကစ်ကလေး။ စိတ်ထဲမှာ တစ်ခုခုဆုံးရှုံးသွားသလို ခံစားလိုက်ရ၏။ ကောင်မလေးပုံစံက လှောင်အိမ်ထဲကထုတ်ပြီး အကိုင်ခံထားရသည့် "ယုန်"ကလေးတစ် ကောင်လို ဖြစ်နေသည်။

"ပဲခူးကို. . .၊ မင်းတို့ ဟိုမှာ တည်းဖို့နေရာရှိလား"

"ရှိတယ်အစ်ကို၊ အဒေါ့်အိမ်ရှိတယ်၊ ကူညီပါအစ်ကိုရာ. . . ကျသလောက်ပေးပါ့မယ်၊ အရမ်းအရေးကြီးလို့ပါ. . . ကူညီပါ အစ်ကို တို့ရာ"

ကိုယ့်ဆရာက တစ်ချက်စဉ်းစားနေတာကိုတွေ့ရသည်။ သူ ဘာစဉ်းစားနေတာလဲဆိုတာကို ကျွန်တော် သိချင်သည်။

"ပဲခူးကို. . . ပဲခူးကို. . . ဟေ့လူ ခင်ဗျားလိုက်မလား. . . "

ကျွန်တော်တို့ အားရပါးရရယ်မောလိုက်ကြသည်။

ကျွန်တော်တို့နှစ်ယောက် ပဲခူးရွှေသာလျောင်းဘုရားဝန်းထဲက ဆိုင်ခန်းကလေးတစ်ခုရှေ့ရှိ ကွပ်ပျစ်ကြီးပေါ်တွင် အိပ်ရသည်။ ကောင်လေးအဒေါ်၏ဆိုင်ဟု သိရသည်။ အမှောင်ထဲမှာတိုက်သော မိုးလေသည် အေး၍မွှေးနေသည်။ ကျွန်တော်လှဲနေသည့်နေရာက လှမ်းကြည့်လိုက်လျှင် ရွှေသာလျောင်းရုပ်ပွားတော်ကြီး လျောင်းတော်မူလျက် ရှိနေပုံကို လှမ်း၍မြင်နေရသည်။ ဘုရားဝန်းတစ်ခုလုံးသည် တိတ်ဆိတ်



www.burmeseclassic.com

www.burmeseclassic.com



၍နေ၏။

ရွှေသာလျောင်းကိုယ်တော်ကြီးသည် ကြီးမားလှစွာသော ဂရုဏာတော်နှင့် ပြုံး၍ကြည့်နေသည်။

"ရဲဝင်း. . . ရဲဝင်း. . . မင်းဇာတ်လမ်းတွေကိုရပ်တော့" ဟုလည်း သတိပေးနေပုံရသည်။

အခုနေ. . . ကျွန်တော့်ကို အိမ်က အဖေနှင့်အမေတွေ့လျှင် အံ့သြမည်။

Company ပိုင်ရှင်တွေ့လျှင်လည်း အံ့သြလိမ့်မည်။ ပုဇွန်တောင်ဈေးကဆိုင်ရှင်တွေ့လျှင်လည်း အံ့သြလိမ့်မည်။ သို့သော် နံဘေးမှာ ဟောက်ပင်မဟောက်နိုင်ရှာဘဲ အိပ်ပျော်နေသော ကားဆရာကတော့ အံ့သြလိမ့်မည်မဟုတ်။ သူက ဘာကြောင့် ဘယ်လိုဖြစ်ခဲ့တယ်ဆိုတာကို ကိုယ်တွေ့သိနေသောကြောင့်ဖြစ်သည်။

ကျွန်တော်တို့ ဒီလိုဖြစ်တာဒါကြောင့်ပါ. . .။ ဒီလိုဖြစ်ခဲ့လို့ ဒီလိုဖြစ်နေတာပါ. . . ဆိုတာတွေကို ကြိုသိထားနှင့်သူတွေအတွက် လောကသည် ဘာမှအံ့သြစရာမရှိနိုင်ပါ။

ဒီနေ့ ကျွန်တော်သည် သောက်နေကျဆိုင်မှာလည်းမသောက်ခဲ့။ သောက်နေကျအပေါင်းအသင်းနှင့်လည်း မသောက်ခဲ့။ သောက်သင့်သည်လောက်ထက်လည်း ပို၍သောက်ခဲ့. . .။ ပြန်သင့်သည့်အချိန်လည်း ပြန်မရောက်ခဲ့. . .။

ရွှေသာလျောင်းကိုယ်တော်ကြီးက ပြုံး၍နေသည်။

ကားဆရာ အိပ်ပျော်နေပြီဖြစ်သည်. . .။

ဇာတ်ဆရာကား. . . အိပ်မပျော်ခဲ့. . .။

■



# ကန်စွန်းဥပြုတ် နဲ့ ကဗျာဆရာကောင်းဘိုင်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ရိုးရိုးသားသားပဲပြောရရင် အဲဒီနေ့ညနေခင်းက ကဗျာဆရာတွေရော ကာတွန်းဆရာတွေရော ကျွန်တော်တို့လို ဝတ္ထုတိုသမားတွေရော "မကြိုက်တဲ့" ညနေခင်းပါ။

ဆရာသစ္စာနီကတော့ အဲဒီညနေခင်းကို ကြိုက်ကောင်းကြိုက်လိမ့်မယ်။ အဲဒီညနေခင်းဟာ ဆရာသစ္စာနီကို စကားလုံးတစ်လုံးနှစ်လုံး ပေးကောင်းပေးလိမ့်မယ်။ ကျွန်တော့်ရဲ့ချစ်ခင်လှစွာသော သူငယ်ချင်း တာရာကြီးကိုလည်း စကားနဲ့ တစ်လုံးနှစ်လုံး ပေးကောင်းပေးလိမ့်မယ်။ ဆရာဇော်ဇော်အောင်ကတော့ အဲဒီကောင်းကင်ကို မြတ်သစ်နဲ့ သံဂျိုင်း ထောက်ဇော်ဝေတို့ မြင်ပြီးသားပါကွာ. . . ဆိုပြီး ဆရာ့ထုံးစံအတိုင်း ပြုံး ပြုံးပြုံးပြုံးနဲ့ နေကောင်းနေလိမ့်မယ်. . . ။ မင်းခိုက်စိုးစန်ကတော့ တော်တော်လေးကို လေးတဲ့ သူ့ရဲ့လည်သာရှူးဖိနပ်ကို ငုံ့ကြည့်နေရတာနဲ့ ကောင်းကင်ရဲ့မာယာတွေကို ညင်သာစွာသော ယဉ်ကျေးမှုစကားလုံး ဘလေးနဲ့ မျက်ကွယ်ပြုထားကြတယ်ဆိုကြပါစို့။

အကြည်တော်အတွက်လည်း ရယ်စရာမကောင်းတဲ့ ကောင်းကင်ပါ။

စကားလုံးအသစ်တစ်လုံးနှစ်လုံးလည်း မရ။ ရယ်စရာလည်း မကောင်းတဲ့ ကောင်းကင်အကြောင်းကို မင်းက ဘာဖြစ်လို့ရေးနေရတာ





တုန်းဆိုရင်တော့ ကောင်းကင်ဟာ အရေးကြီးလို့ပဲ ကျွန်တော်ပြောရမယ်။

ဟုတ်တယ်. . . အဲဒီနေ့ကလည်း အဲဒီကောင်းကင်ကို ကျွန်တော် စိတ်မဝင်စားလို့ မော့မကြည့်ခဲ့ပါဘူး. . . ။ ကျွန်တော်မော့မကြည့်ခဲ့တဲ့ ကောင်းကင်က July (ဇူလိုင်)လရဲ့ ကောင်းကင်ပါ။ သူ့မှာ မိုးသားတွေမရှိပါဘူး။ ရှိချင်ရင်လည်း ချက်ချင်းရှိခွင့်ရတဲ့ ကောင်းကင်မျိုးပါ။ ဒါပေမဲ့ ကျွန်တော့်ကတော့ ကောင်းကင်ကို လုံးဝ မော့မကြည့်ဘူး။

ကျွန်တော် ကောင်းကင်ကို မော့မကြည့်မိတာ တရားပါတယ်ဗျာ။

ဘာကြောင့်လဲဆိုတော့ ကျွန်တော်က ကျွန်တော့်မိန်းမနဲ့ ရန်ဖြစ်လာတာကိုး. . . ။ ကိုယ့်ဆရာတွေလည်း ကြုံဖူးမှာပေါ့။ မိန်းမနဲ့ ရန်ဖြစ်တဲ့သူဆိုတာ တစ်လောကလုံးနဲ့ ရန်ဖြစ်နေတဲ့သူပေါ့။ ဒါပေမဲ့ မိန်းကလေးတွေဘက်ကကျတော့ အဲဒီလိုမဟုတ်ဘူးဗျ။ သူတို့က ယောကျ်ားနဲ့ရန်ဖြစ်ရင် အဲဒီယောကျ်ားနဲ့ပဲ ရန်ဖြစ်တာ။ ကျန်တဲ့ ကမ္ဘာ လောကလုံးမပါဘူး။ သူတို့စကားအရတော့ "ဘာဆိုင်လို့လဲ" ပေါ့ဗျာ။

ကျွန်တော် အဲဒီနေ့က ဘယ်လောက် စိတ်ဆိုးလည်းဆိုရင် ကျွန်တော်နဲ့ကျွန်တော့်မိန်းမ စကားများကြတယ်ဗျာ. . . ။ များတဲ့အကြောင်းအရာကိုပြောပြရင် ကိုယ့်ဆရာတို့က ဖြစ်မှဖြစ်ရလေလို့ ပြောလိမ့်မယ်။

သူက လမ်းထိပ်ကနေပြီးတော့ ကန်စွန်းဥပြုတ်ကိုဝယ်လာတယ်။ ကျွန်တော်ကလည်း ကန်စွန်းဥပြုတ်ကလေးဆိုရင် အိမ်က ပဲဆီကလေးနဲ့ ဆမ်း. . ဆားကလေးဖြူး၊ ကန်စွန်းဥကိုတော့ ဓါးကလေးနဲ့ ထက်ခြမ်းခွဲလို့ပေါ့ဗျာ၊ အဲဒီလိုစားချင်တာပါ။ ကိုယ့်စိတ်ကူးကလေးနဲ့ကိုယ် တော်တော်လေးတော့ မြူးသွားတယ်။ ဒါပေမဲ့ သူ့မျက်နှာကိုကြည့်တော့ သိပ်မရွှင်လှဘူးဗျ။ ဘာဖြစ်လို့လဲဆိုတာတော့ ကျွန်တော်လည်း မသိပါဘူး။

"ကန်စွန်းဥတွေရလာတာလား"

"တွေ့. . . ရဲ့. . . သား. . . နဲ့. . . "

"အေးပေါ့ကွာ၊ မိုက်တယ်ဟေ့. . . ဇိမ်ပဲ"


www.burmeseclassic.com

www.burmeseclassic.com

"နှိပ်တော့ နှိပ်မခိုင်းနဲ့နော်"

အဲဒီမှာ ကျွန်တော်ရှင်မြူးနေတဲ့ အကြည်ဓါတ်ကလေးဟာ ပျက်စီးတော့တာပဲ။ မိန်းမတွေဟာ ဘယ်လိုလဲ"

ကျွန်တော်ဆိုတဲ့ကောင်ကလည်း ကာလီယိုပါထွာကို မကြိုက်ပါဘူး။ မိုနာလီဇာကိုလည်း မကြိုက်ဘူး။ မိန်းမတွေတော်တော်လေးချောရင် ကိုယ်နဲ့မတန်ဘူးလို့ ရိုးရိုးသားသား ထင်မိတဲ့ကောင်မို့လို့ပါ။

အခု ကျွန်တော့်မိန်းကလည်း မချောပါဘူးဗျာ။ ဒါကြောင့်မို့ ကျွန်တော်နဲ့ညားကြတာပေါ့။ အဲဒါကို အခု သူက ဒီလိုပြောတော့ ကျွန်တော့ရင်ထဲကို ဆင်တစ်ကောင် ကောင်းကောင်းဝင်မွှေ့သလိုပါပဲ။

"ကန်စွန်းဥနဲ့ နှိပ်ခိုင်းတာနဲ့. . . ဘာဆိုင်လို့လဲ"

"ကန်စွန်းဥပြုတ်စားပြီးရင် အကြောတက်တယ်ဆို"

"နေစမ်းပါဦး၊ ကန်စွန်းဥပြုတ်စားပြီးရင် အကြောတက်တယ်လို့ မင်းကို ဘယ်ဆရာဝန်ကပြောလို့လဲ"

"မရစ်နဲ့နော်"

"ငါက ဘာရစ်လို့လဲ"

"ကန်စွန်းဥကို ရစ်နေတာမဟုတ်ဘူးလား"

"အဲဒီကန်စွန်းဥပြုတ်ကို ငါက ဘာဖြစ်လို့ရစ်ရမှာလဲကွ၊ ကဲကွာ . . . ကဲ. . . မှတ်ပြီလား"

ကျွန်တော်ကလည်း ကျွန်တော်ပဲပေါ့ဗျာ. . .။

သူပြောတာတွေကို ထားပါတော့။ ကျွန်တော်လုပ်မိတာက လမ်းထိပ်မှာဆိုတော့ လူတွေအမြင်မှာ ကျွန်တော်က သူ့လက်ထဲက ကြွပ် ကြွပ်အိပ်နဲ့ ကိုင်ထားတဲ့ကန်စွန်းဥပြုတ်တွေကို ကိုင်ပေါက်ပြီး ခြေထောက် နဲ့ နင်းပစ်တယ်ပေါ့ဗျာ။

အဲဒီတော့ ကျွန်တော့်ဇနီးကလေးက ရှက်တယ်။

"သိပ်ရှက်တာပဲ"

လို့ အော်ပြီး အိမ်ပေါ်က အဝတ်အစားအပြည့်အစုံကို ဆိုက်ကားတစ်စင်းငှားပြီး ဆင်းပါတယ်။ ကျွန်တော်ကတော့ ဘာပြောရမှန်း





မသိလို့ မျက်လုံးကြီးပြူးနေတာပဲရှိပါတယ်။

မိဘတွေက ဘာဖြစ်လို့ဖြစ်မှန်းမသိတော့ အူကြောင်ကြောင်နဲ့ တားတော့တားကြပါသေးတယ်။ ဒါပေမဲ့ ကျွန်တော့်မိန်းမလေးကတော့ "ကန်စွန်းဥ" "ကန်စွန်းဥ" လို့ပဲပြောပြီး ဆိုက်ကားကြီးနဲ့ ထွက်သွားပါတယ်။ ကျွန်တော့်ကို အမေကမေးပါတယ်။

"ဟဲ့. . . ကန်စွန်းဥတဲ့၊ သူက. . . သူပြောတာ ဘာကန်စွန်းဥလဲ"

"လမ်းထိပ်က ကန်စွန်းဥပြုတ်ပါ"

"လမ်းထိပ်က ကန်စွန်းဥပြုတ်က ဘာဖြစ်တာလဲ၊ ဒီမှာကြည့်ဦး၊ ငါတို့ကို စော်ကားသွားတာ၊ ကန်စွန်းဥပြုတ်က ဘာဖြစ်တာလဲ ပြော"

"တော်တော့ အမေရာ၊ ဘာမှမပြောနဲ့တော့"

"အမလေး. . . အမလေး. . . မိန်းမ အိမ်ပေါ်ကဆင်းသွားတုန်းကတော့ ပြုံးပြုံးကြီးကြည့်နေပြီး ငါက ဘာကန်စွန်းလေးလဲမေးမိတာနဲ့ ပြန်ပြောတဲ့မျက်နှာက ကြည့်ကြပါဦး၊ အေး. . . ငါကလည်း နင့်လုပ်စာ ကို စားမိထားပြီဆိုတော့ ရဲဝင်းရေ. . . နင်လုပ်ချင်တာကို လုပ်ပါတော့ . . . ဟဲ့. . ."

"အမေ. . . တော်ဗျာ. . . တော်တော့. . . ဒီကန်စွန်းဥပြုတ်က. . ."

"ဟဲ့. . . ဒီကန်စွန်းဥပြုတ်က ဘယ်လောက်တန်လို့လဲ. . . ဟဲ့. . ."

ကျွန်တော်က မိန်းမတွေနှင့် စကားသိပ်မပြောတတ်ပါ။ အထူးသဖြင့် ကျွန်တော်ကချစ်ရသော မိန်းမတွေနှင့်ဆိုလျှင် ပို၍ စကားမပြောတတ်ပါ။ ပြောတော့ပြောပါသည်။ ပြောသည့်အခါတိုင်း ရင်ထဲကအချစ်ကို အခြေခံ၍ပြောရသဖြင့် ကျွန်တော်ပဲ အမြဲရှုံးလေ့ရှိပါသည်။

အချစ်သည် တဏှာဖြစ်သည့်အတွက် အချစ်နှင့်ပတ်သက်၍ ရှုံးလျှင် အကုသိုလ်သာရပါသည်။ ကုသိုလ်ရလေ့မရှိပါ။ မြတ်စွာဘုရားကတော့ ချစ်ခြင်းသည် "အမြဲအရှုံးရှိတတ်၏" ဟု မဟောသော်လည်း



www.burmeseclassic.com

www.burmeseclassic.com

ပြောတော့ပြောသွားပါသည်။ မြတ်စွာဘုရားက ချစ်ခြင်းထက် မေတ္တာကိုသာ ပို၍ဦးစားပေးပါသည်။ မေတ္တာသည်သာ အမွန်မြတ်ဆုံးဟု ဟောတော်မူပါသည်။

ကျွန်တော်တို့ကတော့ သားအမိ၊ ဇနီး၊ ညီအစ်ကိုမောင်နှမ၊ ကိုယ်နှင့်သိသူအားလုံးကို ချစ်ရန်သာကြိုးစားလေ့ရှိပါသည်။ မေတ္တာရှိဖို့တော့ မေ့၍မေ့၍နေတတ်၏။ မေတ္တာသည် ပေးရသောသဘောရှိပြီး ချစ်ခြင်းကတော့ ရယူခြင်းသဘောရှိပါသည်။

ကျွန်တော်သည် ကျွန်တော့်အမေကိုချစ်သည်။ ကျွန်တော်သည် ကျွန်တော့်အဖေကို ချစ်သည်။ ကျွန်တော်သည် ကျွန်တော့်ဇနီးကိုချစ်သည်။ ထို့ကြောင့် . . .

ကျွန်တော်သည် . . . သူတို့ထံမှ တစ်ခုခုကို လိုချင်နေခဲ့သည်။

အခု အဲဒီတစ်ခုခုသည် ရမရ၊ မရချင်ရင်လည်းမရဆိုတာ ကျွန်တော် အဲဒီအချိန်တုန်းက မသိခဲ့ပါ။ အခုလည်း သိပြီဟုသာထင်ပြီး မသိသေးပါ။

ထို့ကြောင့် ကျွန်တော် အိမ်ကနေထွက်လာသော ညနေခင်းမှာ မော်ဒန်နှင့် ပို့မော်ဒန်သမားများ၏ အကြိုက်ညနေခင်းသာဖြစ်ပြီး ကျွန်တော်တို့လို ခပ်ညံ့ညံ့ဟာသဝတ္ထုကလေးတွေ ရေးတတ်သူများအကြိုက် ညနေခင်း. . . တော့ မဟုတ်ပါ။

လောကဆိုတာ ဖြစ်ချင်တာဖြစ်တတ်သော ဒေသဖြစ်ပါသည်။

ကန်စွန်းဥပြုတ်(၃)လုံးနှင့် ကျွန်တော် စစ်ဖြစ်သည်။

နပိုလီယံက ဥရောပတစ်ခုလုံးနှင့် စစ်ဖြစ်သည်။ ဟစ်တလာက တစ်ကမ္ဘာလုံးနှင့် စစ်ဖြစ်သည်။ ဂျပန်တွေက အာရှတိုက်နှင့် စစ်ဖြစ်သည်။ အမေရိကန်က အင်တာနေရှင်နယ်နှင့် စစ်ဖြစ်သည်။

**ခဲသားရောင်ကောင်းကင်အောက်မှာ**
**ငါဟာ..ကန်စွန်းဥသုံးလုံးနဲ့**
**မင်းရဲ့သိက္ခာတွေကို ချနင်းခဲ့ပေါ့...။**
**ဓါတ်ကြိုးတန်းပေါ်က ငှက်တွေကတော့ ငုံ့ကြည့်လို့...။**





**(ကလေးရဲ့)**
**မင်းမျက်လုံးတွေက**
**ရုတ်တရက်စိမ်းသွားပြီး**
**ပြုံးလိုက်တဲ့အပြုံးကျတော့**
**ငါ့ကို အဖြေပေးတဲ့နေ့ကထက်တောင်**
**လင်း...လို့**
**လက်...လို့**
**နေပါသေးလား...။**
**ငါမေးချင်ပါတယ်...**
**အဲဒီအပြုံးကို**
**ဘယ်လိုအမုန်းနဲ့ လုပ်ထားသလဲလို့...။**
**အဲဒီအမုန်းကို ငါသိပြီဆိုရင်**
**မင်းရင်ထဲက ဆွဲထုတ်**
**အမှုန့်လုပ်ပစ်လိုက်မယ်...။**
**အမေကတော့**
**ပထမ**
**မေတ္တာနဲ့အော်တယ်...။**
**နောက်ကျတော့...ဒေါသနဲ့...**
**ဂရုဏာနဲ့**
**ငါမမြင်ရက်ပါဘူး...။**
**အမေ့ ဂရုဏာမျက်လုံးကိုရော**
**မင်းရဲ့ အချစ်ကလာတဲ့ အမုန်းမျက်လုံးတွေကိုရောပေါ့...။**
**ဂီမာလမ်းဆုံမှာ**
**မာယာကော့(ဗ်)စကီးရေးခဲ့တာလေး သတိရတယ်။**
**ဘာ...ဆိုတာ...**
**ငါမပြောတော့ပါဘူး။**
**အမေဆိုတာ...ပါးကို**
**နမ်းလို့မရတဲ့ မေတ္တာပြင်ကျယ်ပါ...**



www.burmeseclassic.com

www.burmeseclassic.com

**ချစ်သူဆိုတာ...ပါးကို**
**(အပြုံး)**
**နမ်းဆိုရတဲ့ မေတ္တာပြင်ကျယ်ပါ...။**
**အဲဒီနှစ်ခုမှာ**
**ငါလှော်ခတ်မယ်...။**
**ငါ...**
**တက်တွေ...**
**ငါ...**
**လက်တွေ...**
**ကျိုးသွားသည့်အထိ...။**

ဒီကဗျာကလေးကိုတော့ သည်းခံပါဗျာ။

ကျွန်တော်ဆိုတဲ့ကောင်ကလည်း ဆရာမြသန်းတင့်နဲ့ ဆရာပါရဂူတို့ကို ကြိုက်မိရုံနဲ့ စာရေးဖို့ကြိုးစားမိတဲ့ ငတုံးပါ။ ရေးဖို့ဖတ်ရင်း၊ ဖတ်ဖို့ရေးရင်းနဲ့ သစ္စာနီရယ်. . . နေမျိုးရယ်. . . ကိုညိုရယ်. . . တို့က ကျွန်တော့်ချစ်သူတွေ ဖြစ်လာတယ်။

ကျွန်တော် စာစရေးခါစတုန်းက ငါ သူတို့လို ရေးတတ်ချင်လိုက်တာလို့ စိတ်ထဲမှာ အကြိမ်ကြိမ်အော်ခဲ့ဖူးတာပါ. . .။ သစ္စာနီရဲ့ဝတ္ထုတွေဆို သိပ်ကြိုက်၊ သစ္စာနီရဲ့ဝတ္ထုတွေကို ပြောပြလို့ ဒုတိယရည်းစားနဲ့ ဝေးခဲ့ဖူးတယ်။ ဒါပေမဲ့ အဲဒီအကြောင်းကို ကိုရဲကတော့ (ဆရာသစ္စာနီ) သိမှာ မဟုတ်ပါဘူး။ သူ သိစရာလည်းမလိုပါဘူး။ သူက ဖန်တီးသူလေး။ အဲဒီတုန်းက ကျွန်တော်က ခံစားသူပဲရှိသေးတာ။ ကျွန်တော့်ကောင်မလေးက ဆရာရဲ့ ဝတ္ထုကိုနားမလည်တာတော့ ထားပါတော့. . .။

ကိုနေမျိုးဝတ္ထုတွေကိုတော့ ကျွန်တော် တော်တော်လေးကိုကြိုက်တယ်ဗျာ။

သူနဲ့ ကျွန်တော်ကလည်း မန္တလေးကိုရောက်မှပဲ တွေ့ဖြစ်တဲ့လူတွေပါ။ ဒါတောင် ကျွန်တော်ကပဲ သွားတွေ့ရတာ။ မဝင်းမေ (ဆရာ





နေမျိုးရဲ့ဇနီး) ရဲ့ ညောင်ချင်ဖူးသုပ်နဲ့လည်း ထမင်းစားခဲ့ဖူးပါရဲ့။ သူနဲ့ ကျွန်တော်လည်း အပေါစားအရက်ဆိုင်ကလေးတစ်ခုမှာ အပန်းဖြေဖူးပါရဲ့။ စကားတွေ အပြန်အလှန်ပြောလို့ မဝတဲ့ ညနေခင်းကလေး ဆိုပါ တော့။

အပေါစားအရက်ဆိုင်လို့ပြောလို့ စိတ်တော့ မဆိုးပါနဲ့ဗျာ။

သူကလည်းရိုး၊ ကျွန်တော်ကလည်းရိုး။ ငွေကြေးရဲ့မျက်နှာကို ကြည့်ပြီး ရောက်ခဲ့ရတဲ့ညနေပါ။ သူရယ် ကျွန်တော်ရယ် ဆရာပိုင်စိုးငွေရယ် မန္တလေးတောင်ခြေရင်းက ဆိုင်ကလေးမှာ ၁၉၉၉ ခုနှစ်၊ သုံးလပိုင်း (၈)ရက်နေ့က အရက်အတူတူသောက်ခဲ့ရတဲ့ ညနေခင်းကလေးကိုတော့ ထားလိုက်ပါတော့ဗျာ။

ကျွန်တော်ဆိုလိုတာက ဒီနေ့ညနေခင်းဟာ အဲဒီညနေခင်းတွေလိုမဟုတ်တဲ့ အကြောင်းပါ။ ကျွန်တော့်အတွက် တစ်လောကလုံးနဲ့ ရန်ဖြစ်နေရတဲ့ ညနေခင်းတစ်ခုပါ။

ကောင်းကင်ကိုမော့ကြည့်လိုက်တော့ တိမ်တွေက ကန်စွန်းဥပုံဖြစ်နေကြတယ်။ ဒီတော့ ကောင်းကင်ကို ကျွန်တော်မုန်းတယ်။ ရင်ထဲမှာ ကြုံးဝါးတာက ပါလာတဲ့ပိုက်ဆံတွေအကုန်လုံးကို မှုးအောင်သောက်ပစ်မယ်ပေါ့ခင်ဗျာ။

ဒီကိစ္စတွေရဲ့ဆက်စပ်ပုံကို ဘာမှမဆိုင်ဘူးလို့ ပြောချင်ရင်လည်း ပြောနိုင်ပါတယ်။ ဒါမှမဟုတ် မော်ဒန်ကဗျာတစ်ပုဒ်ရဲ့အထဲမှာပါတဲ့ အပေါ်စာကြောင်းနဲ့ အောက်ကစာကြောင်းကို ဆက်စပ်ပြီး ဘာမှမဆိုင်တာဟာ ဆိုင်တာပါပဲလား. . . လို့ တွေးချင်ရင်လည်း တွေးနိုင်ပါတယ်။ ဒါမှမဟုတ်ရင်တော့ "ယောကျ်ားတစ်ယောက်ရဲ့ အချစ်မှတစ်ဆင့် ဖြစ်ပေါ်လာသော မာန၏ဆုံးဖြတ်မှု" လို့ ရှည်ရှည်လျားလျားတွေးပြီး ခွင့်လွှတ်နားလည်ပေးစေချင်ပါတယ်။

ကျွန်တော်ကတော့ ရိုးရိုးသားသားပြောရရင် အဲဒီနေ့ညနေ ကောင်းကင်တွေကို အလွန်မုန်းပဲ. . .။

●



www.burmeseclassic.com

www.burmeseclassic.com

(၃၃)လမ်းကို ကျွန်တော်ရောက်သွားတော့ (၃၃)လမ်းရဲ့ လေထန်ကုန်းဟာ ညင်ညင်သာသာကလေးလှုပ်နေပါတယ်။ သူလှုပ်နေပုံက နေ့လည်ခင်းမှာ အိပ်ရေးဝဝအိပ်ထားတဲ့ အပျိုမကလေးတစ်ယောက် အိပ်ယာကနိုးတော့ အိမ်ရှေ့လမ်းပေါ်မှာ ဘယ်သူတွေ ဘာဖြစ်နေကြတာ တုန်းဆိုပြီး ထကြည့်တဲ့ ကပိုကရိုအလှမျိုးကလေးဆိုပါတော့. . .။

ရယ်တဲ့လူတွေကလည်း ညင်ညင်သာသာရယ်လို့. . .။ မိတ်ဆက်ပေးလို့ တစ်ယောက်နဲ့တစ်ယောက် လက်ဆွဲနှုတ်ဆက်တဲ့သူတွေကလည်း နှုတ်ဆက်လို့. . .။ မဂ္ဂဇင်းတစ်စောင်ကို သေတမ်းစာဖတ်သလို ဖတ်နေတဲ့သူတွေကလည်း ဖတ်လို့။ လွယ်အိတ်ထဲ File တွေကိုထုတ်ပြီး စာရွက်တွေပြတဲ့သူတွေကလည်း ပြလို့. . .။

တစ်လောကလုံးကို ဂရုမစိုက်ဘူးဆိုတဲ့ မျက်နှာထားနဲ့ စီးကရက်ကို ခပ်ပြင်းပြင်းရှိုက်ဖွာရင်း "ဆရာမ" "ဆရာ" အပြန်အလှန်ခေါ်နေကြတဲ့ ဝိုင်းတွေကို မုန်းတီးတဲ့မျက်လုံးမျိုးတွေနဲ့ လှည့်ကြည့်တတ်တဲ့ ကောင်းဘွိုင်ကဗျာဆရာတစ်ယောက်တစ်လေနဲ့လည်း လေထန်ကုန်းဟာ အဆင် ပြေလို့ပေါ့။

ကျွန်တော်ကတော့ လေထန်ကုန်းက အဲဒီ "ကောင်းဘွိုင်ကဗျာဆရာ" တွေကို တော်တော်လေးကို သဘောကျတယ်ဗျာ။ သူတို့ဟာက လူ့ဘဝကို အကောင်းမမြင်တဲ့ အချစ်နဲ့ ချစ်နေကြတဲ့သူတွေလို့ ကျွန်တော်ထင်တယ်။ ကျွန်တော်ထင်တာ မှန်တာမမှန်တာကိုလည်း အဲဒီကဗျာဆရာတွေက ဂရုစိုက်မှာမဟုတ်ပါဘူး။ သူတို့ လွယ်အိတ်ထဲမှာရှိတဲ့ ကဗျာတွေက သူတို့ရဲ့ကျည်ဆံတွေပါ။ အဲဒီကျည်ဆံနဲ့ သူတို့က ပစ်ချင်တဲ့သူတွေကို ပစ်လို့ရတယ် ကိုယ့်ဆရာရဲ့။

ကျွန်တော်ကလည်း ဒီနေ့ရဲ့ ကန်စွန်းဥရောင်ညနေခင်းကို မုန်းနေတဲ့သူဆိုတော့ ဒီလို ခပ်မိုက်မိုက်တွေကို သဘောကျနေမိတယ်။ ဒီတော့ ကျွန်တော်က ဒီကန်စွန်းဥရောင်တောက်နေတဲ့ ညနေခင်းကို ကာတွန်းဆရာတွေနဲ့ မနေတော့ဘဲ "ကဗျာ" ဆရာတွေနဲ့ပဲ နေတော့မယ်လို့ ဆုံးဖြတ်လိုက်တယ်။ ဟုတ်တယ်လေ. . .။ တစ်ခါတစ်ခါ ဘဝမှာ





ရယ်ရယ်နေရတာတွေကို စိတ်ပျက်တယ်ဗျာ. . .။

အဲဒီတော့ တစ်ခါ တစ်ခါ ခပ်မိုက်မိုက်ကလေးလည်း နေဦးမှပေါ့။ ကိုယ်က စိန်ခေါ်ခွင့်မရရင်တောင်မှ စိန်အခေါ်ခံရတာလေးပဲ ပြောတာပါ။ ဟုတ်တယ်လေ. . .။ ကျွန်တော်ဆိုတဲ့ကောင်ကလည်း လက်ရုံးအားကိုး ထိုးပွဲကြိတ်ပွဲဆိုလို့ ဘဝမှာ တစ်ခါမှမရှိခဲ့ဘူးတာကိုး။

ကျွန်တော်က ကာတွန်းဆရာတွေလည်းမရှိတာနဲ့ ဘေးခုံနားက ကောင်းဘွိုင်ကဗျာဆရာလို့ထင်ရဲ့ ငတိတစ်ကောင်ရဲ့ ကပ်လျက်ခုံကို ဝင်ထိုင်လိုက်တယ်။

လေထန်ကုန်းမှာဝင်ထိုင်တဲ့သူဆိုတာ ပျံသန်းလာတဲ့ ကျီးကန်းတစ်ကောင် အရှိန်သတ်ပြီး ရပ်လိုက်သလိုပါပဲ။ ဟိုကြည့်ဒီကြည့်ပေါ့။ ဘယ်စားပွဲထိုးကမှ ဘာသောက်မလဲ၊ ဘာစားမလဲ။ လာမေးလေ့မရှိတတ်ပါဘူး။ ဘာမှမမှာပဲ ခုံမှာဝင်ထိုင်. . . စကားတွေလျှောက်ပြောရေနွေးကြမ်းချည်းပဲ ဖိသောက်သွားတဲ့လူတွေ. . .၊ အရေးတကြီးဝင်ထိုင် ဘေးကလူကို ဟိုလူ့တွေ့သလား၊ ဒီလူ့တွေ့သလား. . . စသည်ဖြင့် အရေးတကြီးမေးပြီး ဘာမှမသောက်ဘဲ ထွက်သွားတဲ့သူတွေ. . .။ အေး အေးဆေးဆေးဝင်ထိုင်ပြီး ဟိုငေးဒီမျှော်နဲ့ ဘယ်သူ့ကိုမှလည်း အရယ် အပြုံးမလုပ်ဘဲ ဆိုင်သိမ်းတော့မှ အေးအေးဆေးဆေးပဲပြန်သွားတဲ့ လူတွေ အများကြီးကို ကြုံဖူးနေကျ။ လေထန်ကုန်းဆိုင်က စားပွဲထိုးကလေးတွေဟာ ကျွန်တော်ဝင်ထိုင်တာကို ဘယ်ဂရုစိုက်တော့မှာတုန်း. . .။

ဒီတော့ ကျွန်တော်ကလည်း ကောင်းကင်ကဝဲလာပြီး အရှိန်သတ်လိုက်တဲ့ ကျီးကန်းတစ်ကောင်လို ကျီးကြည့်ကြောင်ကြည့်ပေါ့။

ကျွန်တော့်နံဘေးက ကောင်းဘွိုင်ကဗျာဆရာကို တစ်ချက်လှမ်းကြည့်တော့ သူက ကျွန်တော့်ကို ရန်လိုတဲ့အကြည့်နဲ့ တစ်ချက်ပြန်ကြည့်တယ် ကိုယ့်ဆရာရေ။ ကောင်းဘွိုင်ကားတွေထဲမှာ ဇာတ်လိုက်မင်းသား Sloon Bar ထဲကိုဝင်လာပြီး ဝီစကီတစ်ခွက်မှာတော့ ရှောင်နှင့်နေပြီးသား ခပ်စွာစွာလူဆိုးတစ်ယောက်က လှမ်းကြည့်တဲ့ပုံမျိုးပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

ဒီအခန်းတွေက Cowboy ကားတွေမှာ ပါနေကျလေ။ ကျွန်တော်ကလည်း အဲဒီကားတွေဆို သိပ်ကြိုက်တာပေါ့။ အဲဒီလိုအခန်းတွေမျိုးမှာ ကလင့်အိုဝုဒ်ပြုံးတဲ့ အပြုံးကို ကျွန်တော် တော်တော်လေးကို ကြိုက်တယ်ဗျာ။ သူပြုံးပုံက တစ်ဖက်လူကို မထီလေးစားပြုံးတာမျိုး မဟုတ်ဘဲ ကိုယ့်ကိုယ်ကို စိတ်ချယုံကြည်ပြီး သတိပေးတဲ့ အပြုံးမျိုးခင်ဗျ။

"လူ"ဆိုတာ ပြုံးတာကို သူများအတွက်ပဲ ထားကြတာ။ တစ်ခါတစ်လေ ကိုယ့်ကိုယ်ကို ပြုံးပြဖို့တော့ မေ့နေတတ်တယ်မဟုတ်လား။

ဒါကြောင့်မို့ ကျွန်တော်က အဲဒီလို "အပြုံး"မျိုးကို ကြိုက်တာ။ ပြီးတော့ အူကြောင်ကြောင်နဲ့ အဲဒီလိုအပြုံးမျိုးကိုလည်း လေ့ကျင့်ထားမိသေးတယ်။ မှန်တွေဘာတွေကြည့်ပြီးတော့ မကျင့်ဘူးပေါ့ကိုယ့်ဆရာရယ်။ တော်ကြာ အိမ်ကမိန်းမတို့ အဖေနဲ့ အမေတို့က မြင်သွားရင် ကျွန်တော့်ကို တစ်မျိုးထင်သွားမှာပေါ့။ ဒါကြောင့် တစ်ယောက်တည်းရှိတဲ့အခါမျိုးမှာပဲ ကိုယ့်ကိုယ်ကိုပြုံးတဲ့ အပြုံးကိုကျင့်ရတယ်။

ဒါတောင်မှ တစ်ခါ မိန်းမက မိသွားသေးတယ်။ မိတာမှ ညဘက်ကြီး ကုတင်ပေါ်မှာ ကျွန်တော်တစ်ယောက်တည်း ထိုင်ပြုံးနေတုန်းမှာ မိတာခင်ဗျ။

"ဘာပြုံးနေတာလဲ"

"ဘာမှ. . . မဟုတ်ပါဘူး"

"ဘာမှမဟုတ်ရင် ဘာဖြစ်လို့ပြုံးနေတာလဲ"

ကျွန်တော်လည်း တော်တော်ဖြေရကြပ်သွားပါတယ်။ သူပြောတာ ဟုတ်ပါတယ်ဗျာ။ ပြုံးတယ်ဆိုတာကလည်း ပြုံးသင့်မှပြုံးရတာကိုး။ အခုတော့ ကျွန်တော်က ကိုယ့်ဘာသာသောက်ရူးထပြီး အိပ်ခန်းကြီးထဲမှာပြုံးနေမိတော့ ပြဿနာတွေတက်ကုန်တာပေါ့။

"ဘာမှမဟုတ်ပါဘူး ဆိုမှကွာ. . ."

"သိပါတယ်. . . သိပါတယ်. . . ဟို. . . မော်ဒယ်မနဲ့ ကိစ္စပြုံးနေတာမဟုတ်လား"

"ဟာ. . . ဘယ်မော်ဒယ်မကို ငါက ဒီကုတင်ကြီးပေါ်က ပြုံးနေ





ရမှာလဲ"

"အခု. . . ဒီကုတင်ကြီးပေါ်မှာပဲထိုင်ပြီး ပြုံးနေတာမဟုတ်ဘူးလား။ အဲဒီကိစ္စကလည်း မသက်ာနေတာကြာပြီ"

"ဟာ. . . မင်း. . . အဲဒီကိစ္စက လွန်ပြီကွာ၊ တော်ပြီ. . .။ ပါးစပ်ပိတ်တော့. . ."

"သိပါတယ်. . . သိပါတယ်. . . ပြောရင်နာမယ်ဆိုတာ သိတယ်။ မောင်မှုပျက်နေတာကြာပြီ။ ကလေးမသိဘူးမထင်နဲ့၊ ဟိုမော်ဒယ်မကလည်း မပြောလိုက်ချင်ဘူး။ အခု ဘာကြောင့် ပြုံးတာလဲဆိုတာလဲ ဆိုတာကိုပဲ ပြော. . . ပြောလေ. . ."

ကျွန်တော့်မိန်းမက တော်တော်လေးကို စိတ်ဆိုးနေပြီဗျာ။ အဲဒီအချိန်မှာ ကျွန်တော်က ကိုယ့်ဆရာကိုရှင်းပြခဲ့သလို ကလင့်အိုဝုဒ်တွေဘာတွေ သွားလုပ်နေလို့ မိန်းမက ဘယ်သိမှာတုန်း. . .".

ပြီးတော့ ကျွန်တော်ဆိုတဲ့ကောင်ကလည်း မိန်းမတွေနဲ့ပတ်သက်လာရင် ခပ်ညံ့ညံ့ကောင်ဆိုတော့ ကျွန်တော့်မိန်းမ စိတ်ဆိုးသွားတာကို မြင်တာနဲ့ ခေါင်းထဲမှာ ဘာအကြံမှ လိမ်ဖို့မပေါ်တော့ဘူး။ အမှန် ဆို မျိုးစန္ဒီကျော် ဒိုင်ယာလော့(ခ)မှားတာကို မောင်ပြည့်ဝကအလော တကြီးပြေးသင်ရင်း ခြေထောက်နဲ့ သစ်မြစ်နဲ့ဝင်တိုက်မိလို့ ရှူတင်တစ်ဖွဲ့ လုံးရှေ့မှာ မှောက်လျက်ကြီးလဲသွားတာကို ပြန်တွေးရင်း ပြုံးမိတာ. . .။ ဘာညာလုပ်သင့်တာပေါ့ဗျာ။ ဒါပေမဲ့ အဲဒီတုန်းက အဲဒီအတွေးမျိုး မတွေးမိဘူး။ ဒေါသဖြစ်သွားတာပဲ သိတော့တယ်ဗျာ။

"အေး. . . ပြုံးချင်လို့ပြုံးတာဟေ့၊ ပြုံးချင်လို့ပြုံးတာ ဘာဖြစ်လဲ၊ ငါက ယောကျ်ားပဲ၊ ပြုံးတောင်မပြုံးရတော့ဘူးလား"

"ကုတင်ကြီးပေါ်မှာ ထိုင်ပြုံးနေတာကို ပြောတာ၊ ကုတင်ပေါ်မှာ . . ."

အဲဒီနေ့ကလည်း ရန်ဖြစ်ကြတာပါပဲ။ ကုတင်ကြီးပေါ်မှာ ထိုင်ပြုံးလို့ဖြစ်တဲ့ ရန်ပွဲပေါ့ဗျာ။ အဲဒီအကြောင်းတွေကို ကျွန်တော်ဆက်ရေးရင်း လေရှူးသုန်သုန်ထက်ရှည်တဲ့ဝတ္ထုတွေ ဖြစ်သွားမယ်။ "ကုတင်ပြုံး



www.burmeseclassic.com

www.burmeseclassic.com

သုန်သုန်" ပေါ့ဗျာ"

အခု ကျွန်တော်ပြောချင်တာက ကောင်းဘွိုင်ကဗျာဆရာက ပြန်ကြည့်တဲ့အကြည့်ကို ကျွန်တော်က ခုနက ကုတင်ကြီးပေါ်မှာ ပြုံးတဲ့အပြုံးလို ပြန်ပြုံးပြလိုက်တယ်ဆိုတာပါပဲ။ သူကလည်း ကျွန်တော့်အပြုံးကို မြင်ပါတယ်။ ဒါပေမဲ့ ဘာမှလာမမေးပါဘူး။ ဒီတော့ ကျွန်တော့်အပြုံးအောင်မြင်သွားတယ်ပေါ့ဗျာ. . .။

အဲဒီအချိန်မှာပဲ ကဗျာဆရာကောင်းဘွိုင်ရဲ့နံဘေးကို မိန်းကလေးတစ်ယောက် ဝင်ထိုင်တယ်။ အဲဒီမိန်းကလေးက စာရေးဆရာမကလေးပါ။ သူ့နာမည်ကိုတော့ ကျွန်တော် အခု မေ့သွားလို့ သည်းခံဗျာ။

"အယ်. . . ကိုနီကိုရဲက တစ်ယောက်တည်းထိုင်နေတာလား"

"နင်ကလည်း တွေ့ရဲ့သားနဲ့ဟာ"

"လုပ်ပြီ. . . တွေ့လား၊ ဟီဟိ. . . ဒီဘက်ကိုလာထိုင်ပါလား"

"ကိုနီကိုရဲနဲ့ စကားပြောရင် ရယ်ရလို့"

"အင်း. . . ငါက ဒီညနေခင်းကို သတ်ချင်နေတာ"

ကျွန်တော့်စကားဆုံးတော့ ဆရာမကလေးက အားရပါးရရယ်ပါတယ်။ သူ့ရယ်သံကြောင့် ဘေးက သုံးလေးဝိုင်းကတောင် လှည့်ကြည့်တယ်။

"အမလေး. . . ဟာသတွေပဲရေးစမ်းပါ၊ လုပ်မနေစမ်းပါနဲ့. . . ကဲ. . . လာပါ ဒီဘက်ခုံကို၊ ဒီမှာ မိတ်ဆက်ပေးမလို့"

ခက်တယ်ဗျာ. . .။ ယောကျ်ားလေးတွေဘဝမှာကလည်း မိန်းကလေးတစ်ယောက်ရဲ့ဖိတ်ခေါ်မှုကို ငြင်းနိုင်တဲ့ငတိက ခပ်ရှားရှားမဟုတ်လား။ ငြင်းလိုက်ရင် သူတို့ ရှက်သွားမှာလား။ နောက်လူတွေနဲ့တွေ့ရင် အတင်းတွေဘာတွေပြောမှာလား။ ကျွန်တော်က နာမည်ကလေးရကာစ စာရေးဆရာမို့ ဟိုဟာကျယ်တယ် ဒီဟာကျယ်တယ်ပြောမှာလားဆိုတာ တွေကလည်း ထည့်တွေးရသေးတာကိုး။ ဒီတော့ ကျွန်တော် ဆရာမလေးရဲ့ ဖိတ်ခေါ်မှုကို ရိုးရိုးပဲ လက်ခံပြီး ချက်ချင်းထခုံပြောင်းလိုက်ပါတယ်။





"မိတ်ဆက်ပေးမယ်နော်၊ ဒါက ဝေမှုံးသွင်ပါ၊ ပြည်က. . . ကဗျာဆရာ"

"ဒါက ကိုနီကိုရဲ. . ."

"ကျွန်တော် ဗလာတစ်ကောင်ပါ"

"ဗျာ. . ."

"ဗလာတစ်ကောင်ပါလို့ ပြောတာပါ"

"သူပြောတော့. . . ဘာမှုံး. . ."

"ဝေမှုံးသွင်လေ. . ."

"ဗလာတစ်ကောင်ဆိုတာ ကျွန်တော်ရေးနေတဲ့ လုံးချင်းဝတ္ထုရဲ့နာမည်ပါ"

"ဩော်"

"စာပေလောကကို စိတ်ပျက်တယ်ဗျာ။ အနုပညာလေးတစ်ဝက်တစ်ပျက်နဲ့ ကိုယ့်ရင်ဘတ်ကို တံဆိပ်ကပ်ချင်တဲ့လူတွေကို ပိုစိတ်ပျက်တယ်"

"ဟုတ်ကဲ့. . ."

"နီကိုရဲ. . . လို့ မထင်ဘူး"

"ခင်ဗျာ. . ."

"အစ်ကို့ကို "နီကိုရဲ" လို့ မထင်မိဘူးပြောတာ. . ."

"ဩော်. . . ဟုတ်ကဲ့. . ."

"နင်ကလည်း ငါတစ်ယောက်လုံးက မိတ်ဆက်ပေးထားတဲ့ဟာကို၊ ကဲ. . . နင် ကိုရဲနဲ့ စကားပြောနှင့်ဦး၊ ငါ ကွန်ပျူတာဆီပြေးလိုက်ဦးမယ်၊ ဒီဝိုင်းရရင် ဖလင်ဆွဲရဦးမှာ၊ ကိုရဲရေ လစ်ပြီနော်"

မိန်းကလေးတွေဆိုတာ လုပ်ချင်တာလုပ်ခွင့်ရှိတဲ့ အမျိုးအစားမဟုတ်လားဗျာ။ အဲဒီတော့ ကျွန်တော်လည်း ကောင်းဘွိုင်ကဗျာဆရာနဲ့ကျန်ခဲ့တာပေါ့။

သူဆက်ပြောပြတာတွေက ကဗျာတွေရော၊ စကားပြေတွေရော၊ စကားပြောတွေရောနဲ့ ရောနေလို့ ကျွန်တော်နားလည်သလိုပဲ



www.burmeseclassic.com

www.burmeseclassic.com

ကိုယ့် ဆရာကို ရှင်းပြပါ့မယ်"

ဒီလိုဗျာ. . .။

သူက ပြည်ကနေ အနုပညာကို မက်စက်လွန်းလို့ ရန်ကုန်မြို့ကို ထွက်လာခဲ့တာ။ သူထွက်လာပုံက တစ်အိမ်လုံးကို ပုန်ကန်ပြီးထွက်လာတာတဲ့။ ဒါပေမဲ့ ရန်ကုန်မှာ သူ့အညာခံရတယ်တဲ့။ သူ့ပုံစံကလည်း ညာ ချင်စရာပုံစံပါ။ စကားပြောနေရရင်ပြီးရောဆိုတဲ့ လူမျိုးထင်ပါရဲ့လို့ ကျွန်တော် တွေးမိတယ်။ ဒီတော့. . . သူ့အနုပညာအတွက် သူ့ဝတ္ထုမထွက်ခင်မှာ သူက ထုတ်ဝေသူလုပ်ချင်တာတဲ့. . .။

"အဲဒီတော့ ကိုနီကိုရဲကို ကြုံဆိုတယ်ဗျာ၊ ကျွန်တော်ရယ် အစ်ကိုရယ်၊ တာရာမင်းဝေရယ် သုံးယောက် ဝတ္ထုတိုတွေ စုထုတ်မယ်"

"ခင်ဗျာ. . ."

"စီးပွားရေးအတွက်မဟုတ်ပါဘူး၊ ဒါ ကျွန်တော့်ရပ်တည်မှုအတွက်ပါ"

"ဪ"

ကျွန်တော်ဆိုတဲ့ကောင်က စာရေးဆရာဆိုတဲ့ငတိတွေနဲ့ တွေ့ရင် တော်တော်သောက်စကားများတဲ့ ငတိပါ။ ဒါပေမဲ့ အခုတော့ ကျွန်တော်ချည်းပဲ ခံနေရတယ်။ သူပြောတာတွေက လူဆိုးတစ်ယောက်ကို ရဲကလိုက်ဖမ်းသလို စွတ်ပြောနေတာတွေပါ။ ခုနက ဒေါ်ရွှေဆရာမ ကလေးကလည်း လစ်သွားတော့ ကျွန်တော် ဘာလုပ်ရမယ်မသိတုန်း . . .။

"ဟေ့ကောင် ပြည်ရာဇဝင်လေးခင်းခင်းပြီး ကိုယ့်ကိုယ်ကို ဘယ် လောက်ဈေးတွေတင်နေတာလဲ"

"ဟာ. . . အစ်ကို. . ."

ဝေမှုးသွင်ရဲ့ပုခုံးကို ခပ်ပြင်းပြင်းတစ်ချက်ရိုက်ပြီး ရယ်ရယ်ပြုံးပြုံးနဲ့ ကျွန်တော်တို့ဝိုင်းကို ဝင်ထိုင်တဲ့သူက "ကဗျာဆရာလှသန်း" ပါ။ သူက နိုင်ငံခြားကိုသွားပြီးတော့မှ ပြန်လာတာ မကြာသေးဘူး။ နိုင်ငံခြားကိုမသွားခင်တုန်းက ပိန်ပိန်ကလေးရယ်၊ အခုပြန်လာတော့ ကိုချော့နွယ်





စကားနဲ့ပြောရရင် "ခိုင်ဖြိုး" လို့ပေါ့"

"ဟာ. . . ခင်ဗျား. . . ဝလာလိုက်တာ ဟော့လူရာ. . ."

"မင်းကလည်း အပိုတွေပြောမနေစမ်းပါနဲ့၊ မင်းကိုယ်မင်း လွှတ်တော်အမတ်လောင်းကျနေတာပဲ။ လမ်းထဲဝင်လာရင် ဟိုလူ့လက်ပြ ဒီလူ့လက်ပြနဲ့။ ငါက အဲဒါတွေ သိပ်ကြည့်လို့ရတာမဟုတ်ဘူး"

အဲဒါ လှသန်းအစစ်ပေါ့ခင်ဗျာ။

သူက ကဗျာဆရာမဖြစ်ရင် လူမိုက်ဖြစ်မှာပါ။ အခု ကဗျာဆရာဖြစ်တော့ ကဗျာဆရာလူမိုက်ဖြစ်သွားတာပေါ့။ ကျွန်တော်က လှသန်းရဲ့ အစ်ကိုကြီးဖြစ်တဲ့ ပန်းချီဆရာမောင်နိုးနဲ့ အရင်ခင်တာပါ။ ကိုနိုးကတော့ စကားနည်းတယ်။ ရှက်တတ်တယ်။ သူ့လိုလူမျိုးက သူဘာလုပ်ချင်တာလဲ ဆိုတာကို ရုတ်တရက် အကဲခတ်လို့မရတဲ့ လူမျိုးပါ။ သူနဲ့ သူ့ညီလှသန်းနဲ့ကျတော့လည်း မတူပြန်ဘူးခင်ဗျာ။ သူတို့ညီအစ်ကိုတွေမှာ တူတာဆို လို့ ဆံပင်ရှည်တာရယ်၊ အရပ်ရှည်တာရယ်၊ ပြီးတော့. . . စိတ်တိုတာရယ် ဒါပဲရှိတယ် ကိုယ့်ဆရာရေ. . .။

"ခင်ဗျား ရေးသူမအကြောင်း ရေးတဲ့ကဗျာကလေး ဟန်သစ်ကို လှမ်းပို့လိုက်တော့ ကျွန်တော်ပဲ ဒီဇိုင်းကအစ အားလုံးလုပ်ပေးခဲ့တာပေါ့။ ကိုတင်ကိုအောင်က သိတယ်မဟုတ်လား။ ခင်ဗျားလှမ်းပို့တဲ့ ကဗျာကို ဖတ်ပြီး ငါးမိနစ်လောက် ခပ်တည်တည်ကြီးနေပြီးတော့မှ စပ်ဖြီးဖြီးနဲ့ ပြုံးလာတာ။ ပြီးတော့ ဘာမှမပြောဘဲ ခေါင်းချည်းပဲ လေးငါးဆယ်ခါလောက် ညိတ်ပြီးတော့မှ ကျွန်တော့်လက်ထဲကို ထိုးထည့်ပေးလိုက်တော့ အဲဒါ ခင်ဗျားကဗျာစာရွက်ဗျာ. . .။ ကဲ. . ."

"ဟာ. . . ဟုတ်လား. . .။ ငါလည်း ဟိုကနေပို့ရတာဆိုတော့ ရောက်မရောက် မသေချာဘူးကွ။ မဂ္ဂဇင်းထွက်မှပဲ သိရတာ။ ဟန်သစ်က ဟိုမှာလည်းရောက်တယ်ကွ. . . သိလား"

"ဟာ. . . ဟုတ်လား"

"အေးကွာ. . .။ အေးအေးဆေးဆေး စကားပြောကြရအောင်



www.burmeseclassic.com

www.burmeseclassic.com

ကွာ"

အခုပြောနေတဲ့ကိစ္စတွေက ကျွန်တော် လီဆယ်ပြီးပြောနေတဲ့ ကိစ္စတွေ မဟုတ်ပါဘူး။ စကားကို အေးအေးဆေးဆေးပြောချင်တယ်ဆိုရင်ပဲ ကန်စွန်းဥရောင်ကောင်းကင်ကို သတိချင်နေတဲ့ ကျွန်တော့်အတွက် OK သွားတာပေါ့ခင်ဗျာ။

"ဘယ်ကို သွားမလဲ"

"မင်း . . . သွားနေကျပဲသွားလေ. . ."

"ဒါဆို (၃၅)လမ်းက ရှမ်းရိုးရာပဲသွားပေါ့၊ ကိုနိုးရော. . ."

"ခုနကတော့ ဟိုနားမှာတွေ့လိုက်တယ်။ ပြန်ပြီထင်ပါတယ်ကွာ၊ မပြန်လည်း သူက သူ့ဖယားနဲ့သူပါ။ ငါတို့ညီအစ်ကိုတွေက အတူတူ သိပ်မထိုင်ဖြစ်ကြဘူးကွ၊ ဟေ့ကောင် မင်းရော လိုက်မှာလား၊ ကဲပါကွာ စကားရှည်မနေပါနဲ့၊ လိုက်ခဲ့တော့"

ကဗျာဆရာ မောင်လှသန်းက သူ့ဆံပင်ရှည်တွေကို လက်ဖြင့် သပ်လိုက် ခေါင်းဖြင့်ထိမ်းလိုက်လုပ်ရင်းနဲ့ပဲ ကျွန်တော်တို့ ရှမ်းရိုးရာကို ရောက်ခဲ့ကြရော. . .။ ဝေမျှးသွင်ကတော့ ဘာတွေထည့်ထားမှန်းမသိတဲ့ လွယ်အိတ်အကြီးကြီးကို တပင်တပန်းထမ်းရင်းနဲ့ နောက်ကနေ လိုက်လာပါတယ်။ သူ့ပုံစံက တစ်လောကလုံးကိုမကျေနပ်နေတဲ့ပုံစံမျိုးလို့ ကျွန်တော်ထင်တာပဲ။

ရှမ်းရိုးရာဆိုင်ဆိုတာက ကျွန်တော်တို့စာရေးဆရာ၊ ကဗျာဆရာ၊ ပန်းချီဆရာတွေ တော်တော်များများထိုင်လေ့ရှိတဲ့ ဆိုင်ပါ။ နေရာကကျယ်တယ်။ အစားအသောက်ဈေးကလည်း ကိုယ့်ဆရာတွေကို ဒုက္ခမပေးဘူး။ ပြီးတော့ သူ့အလကားပေးတဲ့ ဆာဒါးဟင်းချိုကိုက ကြေးအိုးစွပ်နီးပါး ကောင်းနေတာကိုး. . .။ အသားမပါတာကလွဲရင် မုန့်ညှင်းချဉ်၊ မုန်လာဥနီ၊ ပန်းဂေါ်ဖီ အဲဒီလို ဝေဝေဆာဆာနဲ့ဆိုတော့ ကျွန်တော်တို့ အကြိုက်ပေါ့။ ဖွင့်ကာစမို့လည်း ဖြစ်ချင်ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့. . . ကျွန်တော်တို့ကတော့ ညနေဆိုရင် "ရှမ်းရိုးရာ" ပဲ။

ကျွန်တော်တို့ဝင်သွားတော့ တစ်ဆိုင်လုံး ဆူနေလိုက်တာများ





ဗျာ တဝေါဝေါနဲ့။ ပုံမှန်နားနဲ့ဆိုရင် ဘယ်လိုမှ သည်းခံနိုင်စရာ အကြောင်း မရှိပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့ကတော့ ကိုယ့်အကြောင်း ကိုယ်သိနေ တော့ အေးဆေးပေါ့. . .။

အရက်သမားနားဆိုတာ လေးပက်လောက်ဝင်သွားလျှင် ကိုယ့်အကြောင်းကိုယ်ပဲ ကြားတော့တာ။ ကိုယ်ပြောတာပဲကိုယ်ကြားတော့တာ။ ကိုယ့်ရယ်သံကိုပဲ ကိုယ်ကရယ်ရတော့တာ မဟုတ်လား။ အဲဒီအချိန်မှာ ကျန်တဲ့စကားတွေ တဝေါဝေါအသံတွေဟာ "လေထဲမှာပဲ ပါးလျှမွှန်းလွင့်သွားနိုင်ပါတယ်" ခွင့်လွှတ်ပါအချစ်ရယ်. . . အဲဒီလိုနဲ့ ကိုယ်ဟာ "ကဗျာဆရာ" ဖြစ်ခဲ့ပါတယ်။

"ဘာမှာမလဲ ကိုယ့်ဆရာ၊ ကျွန်တော်ကတော့ Rum ပဲ"

"ငါတို့လည်း Rum ပါပဲ၊ တစ်ပြားလား"

"လုပ်လေ၊ ကျွန်တော်ရှင်းမှာပါ၊ ကြိုက်တာသာချဗျာ"

"တစ်ပြားလုပ်မနေပါနဲ့ကွာ၊ သုံးယောက်ပဲ တစ်လုံးသာ. . ."

"ဒါပေါ့ဗျာ၊ တစ်လုံးပဲလုပ်စမ်းပါ. . ."

ကျွန်တော်တို့သုံးယောက်ဟာ Rum ကို ကျိုက်ချလိုက်၊ နံရိုးကြော်ကို ကိုက်ချလိုက်နဲ့ မိနစ်နှစ်ဆယ်လောက်ကြာတော့ တဝေါဝေါ မြည်နေသံတွေထဲကို ကျွန်တော်တို့ရောက်သွားတယ်။ ကျွန်တော်က ကျွန်တော့် ကန်စွန်းဥအကြောင်းပြောပြီး မောင်လှသန်းကတော့ နိုင်ငံခြားမှာ သူစားခဲ့ရတဲ့ အမဲသားတုံးကြီးတွေအကြောင်းကို ပြောပါတယ်။

အဲဒီမှာ အတိတ်ဆိတ်ဆုံးနဲ့ အသောက်ဆုံးကတော့ ဝေမျှးသွင်ပါပဲ။ အရက်သုံးလေးခွက်လောက်ဝင်တာနဲ့ သူ့မျက်နှာက ရဲခနဲတက်လာတယ်။ ဒီလိုလက္ခဏာမျိုးဟာ အရက်ရဲ့သက်ရောက်မှုဒဏ်ကို အလွယ် တကူလက်ခံတတ်တဲ့အတွက် အမူးမြန်တယ်လို့ ဆိုကြပါတယ်။

အမူးမြန်လို့ စိတ်ဒထိန်းနိုင်ရင် သွေးဆိုးတတ်ပါတယ်။ ဒီတော့ ကျွန်တော်က မောင်လှသန်းကို သတိပေးပါတယ်။

"ခင်ဗျား ငတိ အဆင်ပြေပါ့မလား"

"ငါရှိရင် အေးပါတယ်ကွာ၊ ဟေ့ကောင်. . . မင်းကိုပြောနေ



www.burmeseclassic.com

www.burmeseclassic.com

တာ ရသေးလား"

"ဟာ. . . ရပါတယ်. . . အစ်ကိုကလဲ၊ ကိုရဲစာအုပ်ထုတ်ချင်တယ်ဗျာ၊ ကိုမင်းခိုက်ကြီးနဲ့ပြောထားတာလည်း ရှိတယ်၊ ကိုကျော်စိုးလေ. . . ."

ကျွန်တော်က ခေါင်းညိတ်လိုက်တယ်။ ကျွန်တော်တို့ စာရေးဆရာလောကမှာ နာမည်ရင်းကိုသုံးရင် တော်တော်လေးရင်းနှီးတယ်ဆိုတဲ့ အဓိပ္ပါယ်ကို ဘယ်သူကစပြီး ဝိဂြိုဟ်ပြုသွားသလဲတော့ မသိဘူး။ ကလောင်နာမည်ကိုမပြောဘဲ ကျော်စိုးဆိုရင်မင်းခိုက်စိုးစန်နဲ့ပဲ ဘော်ဒါတွေဘာတွေလိုလို ဖြစ်ကုန်ရော။

မကြာခဏ Pop မဂ္ဂဇင်းတွေထဲမှာလည်း "သားကြီး" ရေ မင်းဘာကားတွေရိုက်နေလဲ. . . ဆိုတဲ့ အမျိုးမျိုးကို အင်တာဗျူးသမားတော်တော်များများက ရေးကြတာတွေ့တယ်။ ဆိုလိုတာကတော့ သူက ဒွေးနဲ့ တော်တော်လေး ရင်းနှီးတယ်ပေါ့ဗျာ။ အူဝဲ အခုတစ်လော ဘာတွေလုပ်နေလဲ. . . ပေါ့။

အခုလည်း သူက ကိုကျော်စိုးတွေဘာတွေ လုပ်လာပြီဆိုတော့ ကျွန်တော်လည်း တော်တော်လေးစဉ်းစားရတယ်။

"အဆင်ပြေရင် အားလုံးအိုကေပါကွာ၊ ငါတို့ဘက်မှာ စာချုပ်တွေဘာတွေတော့ ရှိတယ်။ လိုအပ်ရင်လည်း တောင်းပန်ပြီး ခွင့်တောင်းပြီး လုပ်ကြတာပေါ့"

"ဘယ်သူ့ကိုတောင်းပန်ရမှာလဲဗျ၊ စာရေးဆရာဆိုတာ တရားမဝင်တဲ့ လွှတ်တော်အမတ်တွေပဲ. . . လို့ ယက်(ဖ)ဆူရှင်ကိုက ပြောသွားပြီပဲ"

"မဟုတ်ဘူးလေ. . . မင်း. . . ဒါက စီးပွားရေးကိစ္စလေ. . ."

"ရှင်းတယ်ဗျာ၊ ကျွန်တော်တို့က ဒါမျိုးတော့ မတောင်းပန်နိုင်ဘူး၊ တောင်းပန်တယ်ဆိုတဲ့ကိစ္စဟာ လူတစ်ယောက်က တစ်ယောက်ကို အောက်ကျို့တာပဲ၊ အောက်ကျို့တယ်ဆိုတာက. . ."

"ဟေ့ကောင်. . . တော်တော့ကွာ. . . မင်းကို ငါပြောချင်တာ





က မင်းစာအုပ်ထုတ်ချင်ရင် သူပြောတဲ့အလုပ်လုပ်၊ မထုတ်ချင်ရင်နေ၊ ဒါပဲ. . ."

မောင်လှသန်း ဝင်ရှင်းတော့မှပဲ ပြဿနာက ငြိမ်သွားတယ်။ သူနဲ့ ကျွန်တော့်စကားတွေလည်း ဘယ်ကိုရောက်သွားမှန်းမသိဘူး။ ဒီလိုပါပဲ။ အရက်ဝိုင်းဆိုတာက စကားတွေရောက်ချင်တဲ့နေရာ ရောက်၊ ပြော ချင်တာတွေပြော. . . တော်တော်လေးမူးသွားရင် အကြီးနဲ့အငယ်လည်းမသိ၊ ဆရာနဲ့တပည့်လည်း မသိတော့အောင် ဖြစ်သွားတတ်တဲ့နေရာမျိုးပါ။

ကျွန်တော်တို့ အခုစကားဝိုင်းကတော့ ဆရာနဲ့တပည့်မရှိပါဘူး။ ခင်ရာခင်ကြောင်းပဲရှိတဲ့နေရာမျိုးပါ။ ကိုယ်ကလေးစားရတဲ့လူဆိုတာတော့ အပြန်အလှန်ရှိတယ်ပေါ့လေ။ ဒါကြောင့်လည်း မောင်လှသန်းက ဟန့်တာပေါ့။

"လှသန်း"ဆိုတဲ့ ကဗျာဆရာကောင်းဘွိုင်နဲ့ စကားပြောရတာတော့ နိပ်တယ် ကိုယ့်ဆရာရေ၊ ကျွန်တော့်မှာမရှိတဲ့အရာ တော်တော်များများ သူ့မှာရှိတယ်။ သူ့ရဲ့ ၃၈-လမ်းဈေးက ဈေးရောင်းတဲ့ကောင်မလေးတစ်ယောက်အကြောင်းကိုရေးတဲ့ ကဗျာအကြောင်းဆိုရင် ကိုယ့်ဆရာကိုပြောပြရင် မိုးလင်းသွားလိမ့်မယ်။ သူ့ကိုမေးကြည့်တော့ သူက တည်တည်ကြည်ကြည် လေးလေးနက်နက်နဲ့ ပြန်ဖြေပါတယ်။ အဲဒီ ပြန်ဖြေတဲ့အကြောင်းကိုအော်တော့ပြောရတာပေါ့ဗျာ။ တစ်ဆိုင်လုံးကလည်း အရှိန်တက်နေကြပြီဆိုတော့ တဝူးဝူးတစ်ဝေါဝေါပေါ့။ အဲဒီအကြောင်းကို ပြန်ရှင်းပြရရင်လည်း ကိုယ့်ဆရာနဲ့ ကျွန်တော် ခြောက်လလောက်တွေ့မှဖြစ်မယ်။

ဘာကြောင့်လည်းဆိုတော့ "အနုပညာ"ဆိုတာမျိုးက လုပ်တုန်းကလွယ်ပြီး ရှင်းပြရင် အင်မတန်ခက်တဲ့ကိစ္စမျိုးကိုခင်ဗျ။

အဲဒီတော့ ကျွန်တော်တို့လည်းမူးပြီ။

Rum တစ်ပုလင်းလည်း သူ့ရဲ့အနီရောင်အင်္ကျီမရှိတော့ဘူး ဖြစ်သွားပြီ။ အဲဒီလိုအချိန်မျိုးဟာ သောက်လို့ကောင်းတဲ့ အချိန်မျိုးလည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပြီမဟုတ်လား ကိုယ့်ဆရာရေ. . .။

"စဉ်းစားကြည့်ဗျာ၊ သူ့ကို ကျွန်တော် တန်ဖိုးထားခဲ့ရတာတွေက ဒီကန်စွန်းဥနဲ့စာရင်ဗျာ. . . ဒါတွေဟာ သူသိပါတယ်. . . တစ်ခါတစ်လေကျရင် စေတနာတို့ နားလည်မှုတို့ဆိုတာတွေကလည်း တစ်ခွန်းနှစ်ခွန်းနဲ့ ရှင်းပြလို့ရတဲ့အရာတွေမှ မဟုတ်တာ။ ရန်ဖြစ်နေတုန်းဆိုပို ဆိုးတာပေါ့။ အဲဒီတော့ ဒီကန်စွန်းဥကိစ္စမှာ. . ."

"ပက်နဲ့မမှာနဲ့တော့ကွာ၊ တစ်ပြားပဲ လုပ်လိုက်တော့၊ ပိုတော့လည်း ယူသွားကြတာပေါ့"

"လုပ်လုပ်. . . ကြိုက်တာသာလုပ်၊ ကျွန်တော်က ဒီနေ့ညနေခင်းရော ညရောကို သတ်ရရင်ပြီးရော. . ."

ကျွန်တော်တို့ပြောနေကြတဲ့စကားတွေက ဟိုရောက်ဒီရောက်ပါ။ ဒီကောင်းဘွိုင်ကဗျာဆရာနှစ်ယောက်နဲ့ ကျွန်တော်ကတော့ တော်တော်လေးကို အဆင်ပြေနေတယ်ဗျာ။ ညနေတုန်းက မိန်းမ အိမ်ပေါ်က ဆင်းသွားတဲ့ ကိစ္စတွေဘာတွေလည်း ကျွန်တော့်စိတ်ထဲမှာ ဘာမှမရှိတော့ဘူး။ ကျွန်တော် တကယ်လိုချင်တာကလည်း ဒါပါပဲ ကိုယ့်ဆရာရယ်။

"အစ်ကို. . . ဟို. . . ကျွန်တော်ပြန်တော့မယ်"

"မင်း. . . အဆောင်ကိုပဲပြန်မှာလား"

"ဟုတ်ကဲ့. . . အစ်ကို. . ."

"အေး. . . အေး. . . ရောက်အောင်တော့ပြန်ကွာ"

"ကိုရဲ. . . သွားမယ်ဗျာ"

"OK"

ကျွန်တော်တို့ကိုနှုတ်ဆက်ပြီး သူ့လွယ်အိတ်ကြီးကိုလွယ်ရင်း တဝေါဝေါဆူညံနေတဲ့ ဆိုင်ထဲကနေ သူထွက်သွားပါတယ်။

"သူက အဆောင်မှာပဲနေတာလား"

"အေး. . . ကွ၊ သူ့ရပ်တည်ချက်ကလေးကိုလည်း ငါနားလည်ပါတယ်။ ဒီကောင်က ယုံလွယ်တယ်ကွ၊ ဟိုတစ်လောကပဲ မိန်းမတစ်





ယောက်က သူ့ဆီက တစ်သိန်းဆိုလား လိမ်သွားတာတဲ့"

"မိန်းမတစ်ယောက်က. . . ဟား. . . ဒီကောင် ရူးနေလား၊ မိန်းမတွေကို ဘာဖြစ်လို့ ဒီလောက်ယုံနေရတာလဲ၊ ဒီကန်စွန်းဥကိစ္စကိုပဲကြည့်၊ဒီကန်စွန်းဥမှာ ဘာအပြစ်ရှိလဲ၊ ကျွန်တော်ကလည်း ကန်စွန်းဥကို ကောင်းတယ်၊ စားမယ်ပြောနေပြီပဲ၊ ဒါကိုပဲ သူက ဒီကန်စွန်းဥပြုတ်ကို. . ."

"ထားပါတော့ကွာ. . .၊ မင်းဟာက မင်းမို့ ဒါမျိုးဖြစ်တာပါ"

မောင်လှသန်းက စကားကိုဖြတ်ပြီး အပြင်ကိုငေးတယ်။ ဒီတော့ မှ ကျွန်တော်လည်း . . .

"အင်း. . . ငါကန်စွန်းဥကိစ္စကို ဘာမှမဆိုင်တဲ့ လူတော်တော်စိတ်ညစ်သွားပြီ၊ ဒီကိစ္စကို ထပ်မပြောတာပဲကောင်းလိမ့်မယ်" လို့ တွေးမိတယ်။ ကျွန်တော်ဆိုတဲ့ကောင်ကလည်း ငတုံးပါဗျာ။ သူများက စိတ်ညစ်တဲ့ပုံစံပြမှ စိတ်ညစ်သွားမှန်းသိတဲ့ကောင်မျိုး။ ခံစားချက်နဲ့ အသိနဲ့ဆို ခံစားချက်က အရင်သွားပြီး၊ အသိက နောက်ကလိုက်တဲ့ကောင်မျိုးကို "တုံး"လို့ခေါ်တာ မဟုတ်လား"

အဲဒီအချိန်မှာ ကျွန်တော်တို့ ရေခဲမှာထားလို့ စားပွဲထိုးက ရေခဲလာပို့တယ်။

"ကဲ. . . မောင်နီကိုရဲရေ. . . မင်း ကန်စွန်းဥကိစ္စကို ထားလိုက်ကြစို့ကွာ. . ."

"ဟုတ်ပါပြီ. . . ဟုတ်ပါပြီ. . . ကျွန်တော်လည်း အဲဒီကိစ္စကို မပြောတော့ပါဘူး၊ ဒီကန်စွန်းဥကိစ္စကို မေ့ထားလိုက်ပါ့မယ်"

"ကန်စွန်းဥနဲ့တော့ ရန်မဖြစ်ပါနဲ့ အစ်ကိုရယ်"

ရေခဲလာချပေးတဲ့ စားပွဲထိုးကလေးက ဝင်ပြောတာပါ။ ကျွန်တော်တို့လည်း ရုတ်တရက်ကြောင်ပြီး တစ်ချက်မော့ကြည့်လိုက်ပြီး ဘာမှမဟုတ်တဲ့အကြောင်း ပြုံးပြီး ခေါင်းညိတ်ပြလိုက်တယ်။ အဲဒီအချိန်မှာ

"ဟာ. . . အစ်ကို. . . အစ်ကို ကျွန်တော့်ကိုလုပ်တယ်ခင်ဗျ၊ ကျွန်တော့်ကိုလုပ်တယ်၊ ကျွန်တော်နဲ့ ၃၅-လမ်းထိပ်မှာ ဖြစ်ကုန်ပြီ၊ ကျွန်



www.burmeseclassic.com

www.burmeseclassic.com

တော့်ကိုလုပ်တာ"

"ဟော့ကောင်. . . မင်းကို ဘယ်သူက ဘာလုပ်တာလဲ ပြောစမ်း"

"၃၅-လမ်းထိပ်မှာ အစ်ကို၊ ၃၅-လမ်းထိပ်မှာ. . ."

ကျောလည်အထိချထားတဲ့ဆံပင်တွေကို ကောက်စည်းပြီး မောင်လှသန်းက ထလိုက်တော့ မောင်ရဲဝင်းလည်း နောက်ကလိုက်ရတော့တာပေါ့ခင်ဗျာ။ သတ္တိရှိလှတယ်လို့တော့ မဟုတ်ပါဘူး။ အရက်ကလေးကလည်း သောက်ထား၊ ကိုလှသန်းရဲ့ ဘော်ဒါစိတ်အပြည့်နဲ့ ထွက်သွားတဲ့အရှိန်ကလည်း ကောင်းဆိုတော့ နောက်ကနေ ပါသွားတာပါ။

၃၅-လမ်းထိပ်ကိုရောက်တော့ ကားတစ်စင်း ဝင်လက်စကြီးရပ်ထားတာကို တွေ့ရတယ်။ တိုရိုတာအမျိုးအစားထဲက အဖြူရောင်ကားလေးပါ။ မောင်းတဲ့လူက ကားပေါ်ကမဆင်းဘူး။ လူတွေကလည်း ဝိုင်းကြည့်လို့. . .။ အဲဒီတော့မှ "ဝေမျှသွင်"ဆိုတဲ့ငတိက ကားတံခါးကြီးကို ခြေထောက်နဲ့ပြေးကန်ရင်း သူ့ခြေထောက်ကို တက်ကြိတ်သွားတဲ့အကြောင်း၊ ပြီးတော့ သူ့ကိုပါ စော်ကားတဲ့အကြောင်း အော်ပြောတယ်။

ဒီတော့မှ လမ်းမှာရပ်နေတဲ့ လူတွေကလည်း ဖြစ်တဲ့အကြောင်းကိုပြေလည်ရာပြေလည်ကြောင်း ရှင်းပြပါတယ်။ ကျွန်တော့်စိတ်အထင်တော့ ကိုလှသန်းရဲ့ဆံပင်အရှည်နဲ့ ပုံစံကြောင့် ဖြစ်မယ်ထင်တာပဲ။ ထူးထူး ဝါးဝါးနဲ့ ပေါက်ကွဲနေတဲ့ ဝေမျှသွင်ကိုလည်း ကိုလှသန်းက ဖက်ပြီးတစ် ချက်တည်း ဟောက်ရင်းထိန်းလိုက်တယ်။

ပြီးတော့ ဘေးကလူတွေကိုလည်း ပြေရာပြေကြောင်း ပြောပြီး တောင်းပန်ရင်း ကျွန်တော်တို့တိုင်ပင်ကြတယ်။

"ဒီကောင့်ကို ငါ ဆူးလေဂိတ်သွားပို့လိုက်မယ်၊ မင်း ပိုက်ဆံသွားရှင်းလိုက်တော့"

"OK . . . ရှင်းပြီးရင်. . . ကျွန်တော် ဆူးလေဂိတ်ကို လိုက်လာခဲ့မယ်လေ"





"ဟုတ်ပြီ. . . ဟော့ကောင်. . . လာစမ်းပါကွာ. . . လာ. . . လာ. . ."

ကိုလှသန်းက ငတိကိုဖက်ပြီး ခေါ်သွားတော့မှ လူတွေလည်း လူစုကွဲပြီး ကျွန်တော်လည်း ဆိုင်မှာ ပိုက်ဆံပြန်ရှင်းရတယ်။

"ဘာတွေများဖြစ်ကြမလဲလို့၊ ကျွန်မတို့က စိတ်ပူနေတာ"

"ဟာ. . . ဘာမှမဟုတ်ပါဘူး၊ ပြီးသွားပါပြီ၊ ကျွန်တော်တို့လည်း ရုတ်တရက်ဆိုတော့ ကောက်လိုက်သွားရတာ၊ စိတ်မရှိပါနဲ့၊ လာနေကျလူတွေပဲ. . ."

"ဪ. . . သိပါတယ်. . . စာရေးဆရာကြီးရယ်၊ ရော့. . . ကန်စွန်းဥ. . ."

"ဗျာ"

"ခုနက. . . ကန်စွန်းဥမစားရလို့ ပြဿနာတက်နေကြတယ်လို့ စားပွဲထိုးကလေးကပြောတာနဲ့ ၃၈-လမ်းဈေးထိပ်မှာက ကန်စွန်းဥသည်ရှိတာကိုး။ အဲဒါ ဝယ်ပေးထားတာ။ ရန်ဖြစ်လို့ ပွဲပျက်သွားတော့လည်း အိမ်မှာပဲ ဆက်စားလိုက်ပေါ့နော်။ ကျွန်မကလည်း ကန်စွန်းဥဆိုရင် သိပ်ကြိုက်တာပဲ၊ ဒါပေမဲ့ ကန်စွန်းဥနဲ့ အရက်နဲ့ မြည်းတဲ့လူတော့ ကျွန်မတစ်ခါမှ မတွေ့ဘူးသေးဘူး။ ကြိုက်ရင်ဒီလိုပါပဲ. . . ဒီလိုပါပဲ"

"အာ. . . မဟုတ်ဘူးအစ်မ. . . မဟုတ်ဘူး၊ ဒီကန်စွန်းဥက ကျွန်တော့်ကို. . ."

"အို. . . အားနာစရာမှမဟုတ်တာ. . . ယူသွား. . . ယူသွား၊ ကျွန်မရဲ့ စေတနာပါရှင်. . ."

ကျွန်တော် ဘယ်လိုမှငြင်းလို့မရတော့တာနဲ့ ရှက်လည်းရှက်၊ ရှင်းလို့လည်းမရတော့တာနဲ့ အဲဒီကန်စွန်းဥထုတ်ကို ယူလာခဲ့ရတယ်။ လွှင့်ပစ်မယ်ဆိုတော့လည်း လူဆိုတာက လောဘသားပီပီ နှမြောနေမိတယ်ဗျာ။ ဝယ်ပေးလိုက်တဲ့ ကန်စွန်းဥပြုတ်ကြီးတွေကလည်း ထွားထွားကြီးတွေခင်ဗျ။ ပြီးတော့ ငါးလုံးတောင်မှ. . . ကဲ ဘယ့်နှယ့် လွှင့်ပစ်ရင်တော့မှာတုန်း။



www.burmeseclassic.com

www.burmeseclassic.com

ဆုံးလေဂိတ်ကိုရောက်တော့ ဆရာလှသန်းက ဝေမှူးသွင်ကို ဒုတ်ဆန်းကားလေးပေါ်ကို တင်ပေးပြီးပါပြီ။ ကားက မထွက်သေးလို့ စောင့်နေရတာ။ ခဏကြာလို့ ကားလည်းထွက်သွားရော ကျွန်တော်နဲ့ ကိုလှသန်းလည်း ပန်းဆိုးတန်းအောက်လမ်းကို ဆင်းလာခဲ့ကြတယ်။ သူ့ သာကေတကားတွေရော၊ ကျွန်တော့် သယ်န်းကျွန်းကားတွေရောက အဲဒီ မှာရှိတယ်လေ. . .။

"ဖိမ်ပျက်တယ်ကွာ. . . ဒါပေမဲ့. . . ဒီကောင်မှန်တယ်ကွ"

"ဒါပေါ့ဗျာ၊ ကန်စွန်းဥပြုတ်တွေ ယူသွားပါလားဗျ"

"ဘာ. . . ကန်စွန်းဥပြုတ်. . . မင်းကလည်း အရေးထဲကွာ. . . ဟော့ကောင်. . . သွား. . . သွား. . . ဟိုမှာငါ့ကား. . . ငါ လစ်ပြီ"

အော်ရင်းပြောရင်းနဲ့ပဲ သူက ဒိုင်နာကားတစ်စီးရဲ့နောက်ကို စပါယ်ယာတစ်ယောက်လိုခုန်တက်ပြီး တွယ်ရင်း လိုက်သွားတယ်။ ဒါပေါ့လေ. . .။ ကဗျာဆရာလို ခုန်တက်နေရင် မူးမူးနဲ့ ပြုတ်ကျသွားမှာပေါ့လို့ ကျွန်တော် တွေးမိတယ်။

ကျွန်တော်လည်း မူးမူးနဲ့ ကန်စွန်းဥပြုတ်ထုတ်ကလေးကိုင်ရင်း သယ်န်းကျွန်းကိုပြန်မယ့် ၃၉-ကားကို မျှော်နေမိတယ်။

ဒီနေ့ ဘာတွေဖြစ်လို့ဖြစ်ခဲ့ကြတယ်ဆိုတာ ကျွန်တော် မပြောချင်တော့ဘူး။ အရက်သောက်ပြီးရင် ဖြစ်ချင်တာဖြစ်နိုင်တဲ့ထဲက ကျွန်တော် ဖြစ်ခဲ့တဲ့အဖြစ်အပျက်ကလေးတစ်ခုပါ။ ထူးထူးဆန်းဆန်းလို့တော့ မဆိုနိုင်ပါဘူး။ ဒါပေမဲ့ တကယ်တော့ ဖြစ်ခဲ့ပါတယ်။

ကျွန်တော့်လက်ထဲမှာက "ကန်စွန်းဥပြုတ် ထုပ်ကြီး". . . နဲ့။

■ ကျွန်တော်ခင်မင်ရပါသော. .
ကဗျာဆရာ လှသန်း နှင့် စာရေးဆရာ ဝေမှူးသွင် တို့အား
သတိတရဖြင့် ရေးပါသည်ခင်ဗျား. . .။

■





ဗိနှပ်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စနေနေ့ညက ကျွန်တော်တို့အားလုံး "ဝေလမင်း" မှာ တော်တော်လေး ပျော်လိုက်ကြပါတယ်။ ကျွန်တော်လည်း တော်တော်လေး မူးသွားတယ်။ ကျွန်တော်မူးသွားတဲ့အကြောင်းအရာကို ပြောရမယ်ဆိုရင်တော့ အဲဒီနေ့က ကာတွန်းဆရာစိုးသော်တာ အရက်သောက်တဲ့အတွက် ပါပဲ။

စိုးသော်တာ အရက်သောက်တာနဲ့ မင်းက ဘာဖြစ်လို့မူးရတာလဲ. . . လို့ ကိုယ့်ဆရာတို့က ကျွန်တော့်ကို မေးချင်မေးလိမ့်မယ်။ အဲဒီလို ကိုယ့်ဆရာတို့မေးဖို့အတွက်ပဲ ကျွန်တော်က ဒီစာကို ရေးရတာပါ။

စိုးသော်တာဆိုတဲ့ ကာတွန်းဆရာက ၃၈-လမ်းက ဝေလမင်းဆိုင်ကိုတော့ နေ့တိုင်းလိုလို လိုက်လာပါတယ်။ ဒါပေမဲ့ သူက အရက်ကတော့ မသောက်ဘူးခင်ဗျ။

သူက အမြည်းစား. . . သူများတွေ ပြောင်တာ. . . နောက်တာ. . . ပြောတာ. . . ဆိုတာတွေကို သူ့ဆံပင်အရှည်ကလေး သပ်သပ်တင်ရင်း ပြုံးပြုံး. . . ပြုံးပြုံးနဲ့ နားထောင်တတ်တဲ့သူပါ။

ဒါပေမဲ့ ၈-နာရီထိုးပြီဆိုရင် သိကြားမင်းက နားကင်းကြီးနဲ့ဆင်းပြီး တားတာတောင် မရတော့ဘူး။ စိုးသော်တာတေ့ အပြီးလစ်တော့တာပဲခင်ဗျ။





ဘာဖြစ်လို့လည်းဆိုတော့ သူက သူ့မိန်းမကို အရမ်းကြောက်ရတယ်။ အရက်တွေဘာတွေလည်း သောက်မသွားရဲဘူး။ ကာတွန်းဆွဲလို့ ၃၃-လမ်းက လေထန်ကုန်းမှာ ရသမျှငွေတွေကိုလည်း အကုန်ပြန်အပ်ရတာလို့ ကိုရွှေထူး (ပြည်) က ပြောပါတယ်။

ဒီစကားကို ကျွန်တော်က ကာတွန်းသမားချင်း ဟာသပြောတယ်လို့ ပထမထင်ပေမယ့် နောက်ကျတော့ သူ့အခြေအနေကိုကြည့်ပြီး စိုးသော်တာဟာ သူ့ဇနီး ချိုအေးမော်ကို အလွန်တရာ ကြောက်ရကြောင်းကို လက်ခံလိုက်ရပါတယ်။

ကျွန်တော် ဘာဖြစ်လို့ လက်ခံလိုက်ရတာလည်းဆိုတော့ စိုးသော်တာနဲ့ သူ့ဇနီး ချိုအေးမော်ကလည်း ပြည်သူပြည်သား၊ ကိုရွှေထူး (ပြည်)ကလည်း ပြည်သူပြည်သားဆိုတော့. . . သူတို့အချင်းချင်းက အကြောင်းသိ အတွင်းသိတွေဖြစ်နေခြင်းကြောင့် ကျွန်တော် လက်ခံလိုက်ရတော့တာပေါ့ခင်ဗျာ။

ဒီ. . . စနေနေ့ညမှာတော့ စိုးသော်တာက အရက်သောက်မလို့ ကျွန်တော့်ကို ကပ်ပြီးပြောပါတယ်။

ဒါနဲ့ ကျွန်တော်လည်း အံ့သြတာရော ပျော်တာရောနဲ့ ကျွန်တော့်ရှေ့က အရက်မထည့်ရသေးတဲ့ ဖန်ခွက်ကို သူ့ရှေ့ထိုးပေးရင်း မေး ရတယ်။

"ဟာ. . . ခင်ဗျားဟာက ထူးဆန်းလှပါလားဗျ၊ ဒီနေ့ကျမှ ဘာဖြစ်လို့ အရက်သောက်ချင်ရတာလဲ"

စိုးသော်တာက ခေါင်းငုံ့သွားပြီး သူ့နှုတ်ခမ်းမွေးကို သူ့လက်နဲ့ပဲ ပြန်ပြီးပွတ်တယ်။ နှုတ်ခမ်းမွေးရှိတဲ့လူများဟာ အဲဒီလိုပါပဲ။ ကိုယ့်နှုတ်ခမ်းမွေးကို ကိုယ့်လက်နဲ့ ပြန်ပြန်ပြီးပွတ်ရတာကို တော်တော်လေး သဘောကျကြပုံရတယ်။

မြန်မာဗီဒီယိုကားတွေထဲမှာတော့ အဲဒီအိုက်တင်မပါဘူးပေါ့ဗျာ။ ဘာဖြစ်လို့လည်းဆိုတော့ သူတို့ထားကြတဲ့ နှုတ်ခမ်းမွေးတွေက "အတု" တွေကိုးခင်ဗျ။ အတုကို အိုက်တင်လုပ်ပြီး သွားပွတ်မိရင် "ပြုတ်"



www.burmeseclassic.com

www.burmeseclassic.com

သွားမှာပေါ့။

ဒါပေမဲ့ စိုးသော်တာရဲ့ နှုတ်ခမ်းမွေးကတော့ အစစ်ပါ။ ဒီတော့ သူက လေးငါးဆယ်ခါထက်မနည်း ပွတ်ပြီးမှ ကျွန်တော့်ကိုပြောတယ်။

"မိန်းမနဲ့ သိပ်အဆင်မပြေလို့ . . . ဗျာ"

"အာ. . . အဲဒါဆိုရင် ချဗျာ. . . "

အဲဒါနဲ့ပဲ အဲဒီနေ့က သူရော ကျွန်တော်ရော တော်တော်လေး မူးသွားကြတာပါ။ အရက်မူးလာရင် မိန်းမတွေ မကောင်းကြောင်းပြောရတာလောက် လောကမှာ အရသာရှိတာ ဘာမှမရှိဘူးခင်ဗျ။

ကိုယ့်ဆရာလည်း မိန်းမနဲ့မတည့်တဲ့အချိန်မှာ အရက်မူးအောင်သောက်ပြီး အဖေါ်ကောင်းကောင်းနဲ့ မိန်းမတွေမကောင်းကြောင်းကို ပြောကြည့်ပါလား။ သိပ်အရသာရှိတာခင်ဗျ။ အလွန်တရာ မှည့်သောအရသာပေါ့ဗျာ. . . ။

တော်တော်လေးမူးသွားတော့မှ ကျွန်တော်က စိုးသော်တာကို အစ်ရတယ်။ ကျန်တဲ့လူတွေနဲ့က မိန်းမ မကောင်းကြောင်းတွေဘာတွေ ပြောလို့မရဘူးလေ. . . ။ စောမင်းဝေဆိုတဲ့ ကာတွန်းဆရာက ကာတွန်းထဲမှာသာ ကောင်မလေးတွေပုံကို အတောင့်စားကြီးတွေ ဆွဲဆွဲနေတာ။ အပြင်မှာကျတော့ မိန်းကလေးတစ်ယောက်ကို တည့်တည့်တောင်ကြည့်ရဲတာမဟုတ်ဘူး။ ခပ်တောင့်တောင့် မိန်းကလေးတစ်ယောက်လာလို့ ကျွန်တော်ကပြရင် ဖိုးစောက သူ့မျက်နှာကို ဟိုဘက်လှည့်ပစ်လိုက်ရော။

ပြီးတော့ "ဟော့လူ. . . မလုပ်နဲ့ဗျ. . . " လို့ မျက်နှာကြီးနီပြီး ပြောတတ်တယ်။ (၊၀၀ - ကာတွန်းဆရာနဲ့ကတော့ တော်တော်လေး ကွာပါတယ်။ ၊၀၀ - ကာတွန်းဆရာကတော့ "ကိုရဲ" ရေ နိပ်တယ်ဗျ. . . လို့ ပြောလေ့ရှိတယ်။ ကျွန်တော်ကတွေ့လည်း သူ့ကိုပြ၊ သူကတွေ့ရင်လည်း ကျွန်တော့်ကိုပြနဲ့ အဲဒီလို အပြန်အလှန် ကျေးဇူးရှိခဲ့ဖူးပါတယ် ခင်ဗျ. . . )

ကိုရွှေထူးကတော့ ထားလိုက်တော့လေ. . . ။

သူက လူပျိုကြီးကိုး။ ကျွန်တော်ကပြရင် ကြည့်ပါတယ်။ ဒါပေမဲ့





ကြည့်ပဲကြည့်ပြီး မမြင်တဲ့လူဆိုတော့ သူနဲ့ ဘယ်လိုမိန်းမတွေ မကောင်းကြောင်းကို ဆွေးနွေးလို့ရမှာလဲ။

ကောင်းထက်နဲ့ မိုးကျော်ကတော့ မိန်းမတွေကိုကြည့်လည်း မကြည့်တတ်၊ မြင်လည်းမမြင်တတ်တဲ့ ငတိတွေပါ။ အရက်မူးသွားကြတဲ့အခါကျတော့ လူတွေက ကိုယ့်လူနဲ့ကိုယ် ဖြစ်ကုန်ကြတယ်။ ဆိုလိုတာက. . . တစ်ယောက်ပြောတဲ့စကားကို အားလုံး ဝိုင်းနားမထောင်ကြတော့ပဲ ကိုယ့်ဘေးနားမှာပဲရှိတဲ့လူနဲ့ ခံစား ချက်ချင်းတူရင် ကိုယ့်လူဖြစ်သွားတတ်တာကို ပြောတာပါ။

အဲဒီမှာလည်း အရက်ပိုမူးတဲ့လူကချည်း စွတ်ပြောတာခင်ဗျ။ ဟိုဘက်က သိပ်မမူးသေးတဲ့လူတို့၊ လျှော့သောက်တဲ့လူတို့ဆို ခံပေရော ပဲ။ ဒီတော့ . . . ဒါမျိုး ပွဲကျရင် ကျွန်တော်ကတော့ "သောက်" စကား များချင်တဲ့အတွက် (ဆဲခြင်းမဟုတ်ပါ သောက်ပြီးစကားများခြင်းကို ဆိုလို ပါသည်။) ခပ်နာနာကလေး ကစ်ထားရတာပေါ့ခင်ဗျ။

"ညားကာစလင်မယားဆိုတာ ရန်လေးဘာလေးတော့ ဖြစ်ပေးရတယ်။ အဲ. . . ရန်ဖြစ်ပြီးတော့ . . . အဲ. . . ကိုယ်ကပြန်ချော့။ အဲဒီတော့မှ သူက. . . ငို။ ကိုယ်က ထပ်ချော့. . . အဲ. . . ပြီးတော့ ဖက်သာ ထားလိုက်တော့ဗျာ။ ဒါပြီးရင် ဘယ်လိုဆက်ချော့ရမယ်ဆိုတာ. . . အဲ . . . ခင်ဗျားသိမှာပေါ့။ သူတို့က ဆိတ်တာတို့၊ ထုတာတို့တော့ လုပ်ချင် လုပ်မှာပေါ့ဗျာ။ အဲဒီကျရင်တော့ ခံလိုက်ပေါ့"

"အာ. . . "

အဲဒီစကားတွေကိုပြောတာက ကျွန်တော်မဟုတ်ပါဘူး။ ကာတွန်း စိုးစံဝင်းပါ။ သူ့ကို "တိရစ္ဆာန်စိုးစံဝင်း" လို့ခေါ်ရင် သူက ပိုနှစ်သက်လေ့ ရှိပါတယ်။ ကာတွန်းလောကမှာ သူက ဆရာသော်ကက ခွေးတွေ အကြောင်းရေးသလို သူကလည်း တိရစ္ဆာန်တွေအကြောင်း ကာတွန်း စာအုပ်တွေ ရေးခဲ့ဘူးလို့. . . "တိရစ္ဆာန်စိုးစံဝင်း" ဆိုပြီး ဘွဲ့တစ်ခုရခဲ့ဖူးတယ်လို့ သူ့ကိုယ်သူ အခိုင်အမာပြောခဲ့ဖူးလို့ပါ။

စိုးသော်တာက ကိုစိုးစံဝင်းစကားဆုံးတော့ ဘာလုပ်ရမှန်း


www.burmeseclassic.com

www.burmeseclassic.com



မသိဘဲ ထုံးစံအတိုင်း သူ့နှုတ်ခမ်းမွှေးကို သူ့လက်နဲ့ပဲ ပြန်ပွတ်ပါတယ်။

"ပြဿနာက ဘယ်ကစ,တာလဲ"

ဒီစကားကိုတော့ ကျွန်တော်က တစ်ပက်လောက်ကစ်ပြီးမှ မေးတာပါ။

"ကျွန်တော်တော့ ဘယ်ကစ,တယ်မှန်းတောင် မသိတော့ဘူး ကိုရဲရာ. . .။ ပြဿနာကိုပဲ သိတယ်"

"အခု. . . ချိုအေးမော်က ခင်ဗျားကို ဘာပြောလဲ"

"ဘာမှမပြောလို့ ခက်နေတာပေါ့၊ စကားမပြောဘူး၊ ဘာတစ်ခုမှလည်း မလုပ်ဘူး၊ ကုတင်ပေါ်မှာ မှောက်လျက်ကြီးပဲ"

"ဟာ. . . အဲဒါဆိုကောင်းတာပေါ့ကွ၊ မင်းက သူ့ကို. . ."

"ကိုစိုးစံဝင်း မနောက်ပါနဲ့ဗျာ၊ ကိုစိုးသော်တာ တကယ် ခံစားနေရတာပါ။ ခင်ဗျားကို ချိုအေးမော်က စကားတစ်ခွန်းမှကို မပြောတာလား"

"တစ်ခွန်းတော့ပြောတယ်"

"ဘာပြောလဲ"

"ပြည်ကို ပြန်မယ်တဲ့"

ကျွန်တော်တို့သုံးယောက် စကားဝိုင်းက တိတ်သွားပြီး ကိုယ့်ဖန်ခွက်ကိုကိုယ်မ,ကာ အပြတ်ကစ်ပစ်လိုက်ကြသည်။

ချိုအေးမော်ဆိုတာက စိုးသော်တာ၏ ချစ်လှစွာသောဇနီးတစ်ယောက် ဖြစ်ပါသည်။ သူတို့ပြည်မှာ မင်္ဂလာဆောင်ကြတော့ ကျွန်တော်ကာတွန်းဆရာတွေနှင့်အတူ ပြည်ကိုလိုက်သွားပြီး သူတို့မင်္ဂလာပွဲကို အမှတ်တရ တက်ခဲ့ရဖူးသည်။ အခု. . . သူ့ဇနီးက စိုးသော်တာနှင့် ပြဿနာတက်ပြီး ပြည်ကို ပြန်မယ်တွေဘာတွေ လျှောက်လုပ်နေသည်။

အိမ်ထောင်သည် လင်မယားဘဝမှာ ယောကျ်ားတွေက မိန်းကလေးနှင့် ရန်ဖြစ်ရလျှင် ပြဿနာက နှစ်ခုပဲရှိတာပါ။ ထိုပြဿနာ နှစ်ခု က ငွေရေးကြေးရေးနှင့် လူမှုရေးပါပဲ။

ဒီတော့ ကျွန်တော်ကလည်း စိုးသော်တာကို မေးရတော့တာပေါ့။

"ခင်ဗျားနဲ့ ချိုအေးမော်ပြဿနာဖြစ်တာ လူမှုရေးလား၊ ငွေရေးကြေးရေးလား"

ထုံးစံအတိုင်း စိုးသော်တာငတိက သူ့နှုတ်ခမ်းမွှေးကို ပွတ်ပြန်၏။ ပြီးတော့မှ သူ့ဘာသာသူ ပြန်ပြုံး၍နေသေးသည်။ ကျွန်တော်ကတော့ ဝမ်းပက်လောက် ဖန်ခွက်ထဲထည့်ပြီး ရေသျှော့စပ်ပြီး ကစ်ပစ်လိုက်တာပေါ့ဗျာ။

"မသိဘူးဗျ. . ."

"အာ. . . ခင်ဗျားဟာကလဲ"

ကိုယ့်ဆရာပဲ စဉ်းစားကြည့်တော့ဗျာ။ ကိုယ့်မိန်းမက ဘာကို စိတ်ကောက်ပြီး ဘာကို ပြဿနာရှာမှန်းတောင်မသိတဲ့ ဒီလိုကာတွန်းဆရာနဲ့ ဆက်စကားပြောနေရင် ကိုရွှေထူးတို့၊ ဟက်ကာတို့၊ စောမင်းဝေတို့ တစ်ခွက်ပြီးတစ်ခွက် ငုံ၊ တစ်ခုချင်း တစ်ဇွန်းချင်းသောက်နေတဲ့ ကြေး အိုးစွပ်နဲ့ ဝက်နံရိုးနုကြော်တွေကို လက်လွှတ်ရတာပဲ အဖတ်တင်တော့မည်မဟုတ်လား။

ဒီတော့. . . ကျွန်တော်က ဘာအကြောင်းအရာတွေကို ပြောနေမှန်းမသိဘဲ ပျော်ပျော်ရွှင်ရွှင်နှင့် မှန်မှန်ကြီးတီးနေကြသော ဖိုးစောတို့ဝိုင်းကို မျက်နှာဝင်ဖို့အတွက် စိုးသော်တာကြီးကို စကားဖြတ်ရသည်။

"အဲဒါ. . . ဆိုရင်လည်း ခင်ဗျားလျှော့လည်းလျှော့. . . ချော့လည်းချော့တော့ပေါ့ဗျာ"

"အာ. . . ဒီနေ့ညတော့မဖြစ်ဘူး"

"ဘာဖြစ်လို့လဲ"

"ကျွန်တော်က အရက်သောက်ထားလို့လေ၊ အရက်သောက်ထားပြီး ပြောတဲ့စကားကို ဘယ်မိန်းကလေးက ယုံမှာလဲ"

"အင်း. . . အဲဒီလောက် ကြောက်နေရရင်လည်း မိန်းမမယူပါနဲ့တော့ဗျာ"

"ယောကျ်ားပဲ ယူရတော့မှာပေါ့"





www.burmeseclassic.com

www.burmeseclassic.com

ကိုစိုးစံဝင်းက ဝင်ထောက်သည်။

ဒီလိုနှင့်ပင် ကျွန်တော်တို့အားလုံး မျက်နှာတွေ စကားသံတွေ တစ်ပေါင်းတစ်စည်းတည်းဖြစ်၊ ရယ်ရယ်မောမောနဲ့ပဲ လူတွေအားလုံး စိုးရိမ်အရက်မှတ်ကိုလည်း ရောက်နေကြပြီလေ. . .။ ပိုက်ဆံရှင်းရင်း ကိုဌေးဝင်း (ဝေလမင်း ဆိုင်ရှင်) ကိုလည်း နောက်လိုက်ကြသေးတယ် ခင်ဗျ။

ပြန်ကြတော့ ထုံးစံအတိုင်းပဲ။ ပန်းဆိုးတန်းလမ်းနဲ့ အနော်ရထာလမ်းထောင့်က ကွမ်းယာဆိုင်မှာ ကွမ်းယာဝယ်ကြတယ်။ အဲဒါကတော့ ဆိုင်ကပြန်လာတဲ့ညတိုင်း လုပ်နေကျအလုပ်ပါ။ ကျွန်တော်တို့ ဘော်ဒါတွေထဲမှာ ကိုရွှေထူးရယ်. . .၊ မိုးကျော်ကြီးရယ်က အဓိက ကွမ်းသမားတွေပါ။ ကျွန်တော်ကတော့ ကွမ်းဆိုရင်နိုးပဲ။ လုံးလုံးစားလို့ကို မရတာ။

ကျွန်တော်က ကားတား၊ သူတို့က ကွမ်းဝယ်၊ အားလုံး အဆင်ပြေကြပါတယ်။ အဲဒီနေ့ကတော့ သူတို့ ကွမ်းဝယ်ပြီးတဲ့အထိ ကျွန်တော် ကားငှားရတာ အဆင်မပြေဘူးခင်ဗျ။

အဆင်မပြေဘူးဆိုတာက ပိုက်ဆံကိစ္စပါ။ ကျွန်တော်ကလည်း ဈေးသိပ်ဆစ်တတ်တဲ့လူမဟုတ်ဘူး။ သူတို့ကလည်း ညဘက် ခပ်ထွေထွေ သမားတွေဆိုရင် ဈေးကလေးတင်ချင်တော့ ကျွန်တော့်စိတ်နဲ့ သူတို့ပါးစပ် ထဲက ဈေးက မတည့်ဘူးဖြစ်နေတာပါ။

အဲဒီမှာ ကွမ်းဝယ်ပြီးသွားသူတို့အုပ်စုက လူစုခွဲကြတယ်။ ဖိုးစောရယ်၊ ကိုစိုးစံဝင်းရယ်၊ ကာတွန်းဝင်းအောင်ရယ်က ယုဇနဥယျာဉ်မြို့တော်ကို ပြန်ကြမှာဆိုတော့ ပန်းဆိုးတန်းအောက်လမ်းကို လစ်ကြတယ်။ ကျွန်တော်ရယ်၊ ကိုရွှေထူးရယ်၊ ဟက်ကာရယ်၊ ကိုရွှေထူး ညီ မျိုးကြီးရယ်က ကားငှားကြတယ်။

ကားငှားတယ်ဆိုပေမယ့် သူတို့သုံးယောက်စလုံးက အောင်ဆန်းကွင်းရှေ့မှာဆင်းမှာပါ။ ကိုရွှေထူးရဲ့အိမ်က အဲဒီနားမှာရှိတာကိုး။ ကွမ်းတွေဝါးရင်းနဲ့ ကိုရွှေထူးက ကားတစ်စင်းကို လှမ်းတားတယ်။ ကျွန်တော့်





ကိုလည်း ကွမ်းတွေ ပလုပ်ပလောင်းစားရင်းနဲ့ . . .

"မင်း. . . ကားမငှားတတ်ပါဘူးကွာ" လို့ ပြုံးပြုံးကြီးပြောတယ်။

ဟုတ်တယ်ခင်ဗျ။

ကားတစ်စင်းရပ်တော့ ကိုရွှေထူးက ကျွန်တော့်အိမ်လိပ်စာကို ပြောပြတယ်။ ကားဆရာက ထုံးစံအတိုင်း လီတာကိုပုတ်ရင်းပုတ်ရင်းနဲ့ ဈေးစကားကိုပြောတယ်။ တစ်ထောင့်ငါးရာတဲ့။ အမှန်တော့ အဲဒီတုန်းက ဒီလမ်းနဲ့ဒီလမ်းဟာ ဒီအချိန်ဆိုရင်တစ်ထောင်တော့ပေးရမှာပေါ့ဗျာ။ ဒါပေမဲ့ ကိုရွှေထူးက ရှစ်ရာနဲ့ဆစ်တယ်ခင်ဗျ။

ရတယ်. . .။

ကားပေါ်တက်ထိုင်တော့. . . ကိုရွှေထူးက "ဟော့ကောင်တွေ့လား. . ." လို့ ကျွန်တော့်ပေါင်ကိုပုတ်ပြီး ပြုံးပြုံးကြီးပြောပါတယ်။ ကျွန်တော် ခေါင်းပဲညိတ်လိုက်တယ်။ ဟုတ်တယ်လေ။ ကိုယ်က သွားပြောနေလို့ ဘာထူးမှာလဲ. . .။ ဒီလိုယောကျ်ားကြီးတန်မယ့်နဲ့ ဈေးဆစ်ရတာကြောင့် ကိုရွှေထူးဆိုတဲ့ ကာတွန်းဆရာဟာ မိန်းမ,မရတာလို့လည်း ကျွန် တော့်စိတ်ထဲမှာ တွေးလိုက်မိသေးတယ်။

ကိုရွှေထူးတို့အုပ်စု ဆင်းသွားတော့ ကန်တော်ကြီးပါတ်လမ်းမှာ ကားဆရာက ကားကိုမောင်းလိုက်တာ အရမ်းပဲဗျာ။ အမေရိကန်ကရိုက်တဲ့ ရုပ်ရှင်တွေထဲမှာ လူဆိုးကို ရဲကလိုက်လို့ လူဆိုးက ရှေ့မှာရှိသမျှကို ဘာမှဂရုမစိုက်တော့ဘဲ မောင်းပြေးတဲ့အတိုင်းကို ကျွန်တော့် ကားဆရာက မောင်းနေတာ။

"ကိုယ့်ဆရာ. . . အရှိန်ကလေး နည်းနည်းတော့လျှော့ပါလားဗျာ"

ကားဆရာက ကျွန်တော့်ကို တစ်ချက်တော့ငဲ့ကြည့်တယ်။ ကားဆရာပုံစံကြည့်ရတာ ရည်ရည်မွန်မွန်ပါပဲ။ ဆံပင်ကိုလည်း ခပ်တိုတိုနဲ့ သေသေသပ်သပ်ညှပ်ထားတယ်ခင်ဗျ။ ဒီတော့ ကျွန်တော်ကလည်း သူ့ကို ပြုံးပြလိုက်တာပေါ့။ ပြီးတော့ အဲဒီအပြုံးဟာ မူးနေတဲ့အပြုံးဆိုတော့ စကားလုံးကလေးတွေလည်း အဲဒီအပြုံးနောက်မှာ ကပ်ပါလာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

"ကိုယ့်ဆရာရယ်. . . ကျွန်တော်က အိမ်ကို ဘယ်အချိန်ပြန်ရောက်ရောက် အရေးမကြီးပါဘူး. . . ကိုယ့်ဆရာရဲ့"

ကားက အရှိန်တော့လျှော့ကျသွားတယ်။ ပြီးတော့ ကားဆရာက ကျွန်တော့်ကိုလှည့်မကြည့်ဘဲ စကားပြောတယ်။ ဟုတ်တယ်လေ. . . ကားဆရာက ဘေးနားကလူကို လှည့်ကြည့်ပြီး စကားပြောရင် ရှေ့က ကားကိုမမြင်ဘဲ တိုက်မိရင် နှစ်ယောက်စလုံး "ဂန့်" မှာမဟုတ်လား။

"ဆရာက အရေးမကြီးပေမယ့် ကျွန်တော်က အရေးကြီးတယ် ဆရာ. . ."

"ဟေ. . . ကားကို အုံနာဆီပြန်အပ်ဖို့လား"

"မဟုတ်ဘူးဆရာ၊ အုံနာက ကျွန်တော့်ကိုယုံကြည်လို့ ဒီကားကို လက်ဝယ်ပေးထားတာပါ၊ ကျွန်တော်လုပ်ချင်တာလုပ်ပဲ ဆရာ"

"အာ. . . အဲဒါဆို ပြီးပြီပေါ့ကွ. . ."

"မပြီးဘူးဆရာ. . .၊ အုံနာကယုံပေမယ့် သူက ကျွန်တော့်ကို မယုံဘူးဆရာ"

"ဟေ. . . သူဆိုတာက ဘယ်သူလဲကွ"

ကားဆရာက ကားကိုခပ်သွက်သွက်ပဲမောင်းနေရင်းက ခေါင်းကို ဘယ်ညာရမ်းပြီးပြုံးနေတော့ ကျွန်တော်လည်း စီးထားတဲ့ဖိနပ်တွေကို ဖြုတ်၊ စီးကရက်တစ်လိပ်ကို မီးညှိပြီး Alpacino အိုက်တင်နဲ့ ခြေထောက်တွေကို ချိတ်ပြီး ကားကို ဇိမ်နှင့်စီးလိုက်တာပေါ့။ ဟုတ်တယ်လေ. . .။ အခု ကျွန်တော် ကားဆရာနဲ့ ရင်းနှီးသွားပြီမဟုတ်လား. . .။

"သူဆိုတာက. . . ကျွန်တော့်မိန်းမပါဆရာ. . ."

"ဟေ. . . သူက မင်းကို ဘာဖြစ်လို့မယုံတာလဲ"

"အဲဒါပေါ့ဆရာ၊ ကျွန်တော် အိမ်ပြန်ချိန် နည်းနည်းကလေး နောက်ကျတာနဲ့ ကျွန်တော့်ကို မဟုတ်ကဟုတ်ကတွေ စွပ်စွဲတော့တာပဲဆရာ၊ ကျွန်တော် ရင်အနာဆုံးစကားက . . .

"နင်တို့ကားဒရိုင်ဘာတွေက ဘယ်တုန်းက ယုံကြည်ရလို့လဲ" ဆိုတဲ့ စကားပဲဆရာ"





ကျွန်တော် ဘာပြန်ပြောရမှန်းတောင်မသိတော့ဘူး ကိုယ့်ဆရာရေ။

ကားကလေး အရှိန်လျှော့ပြီးမောင်းဖို့ ပြောမိတာနဲ့ စကားလုံးနောက်မှာ ကပ်ပါလာတဲ့ အကြောင်းအရာတွေက စိတ်ဝင်စားစရာတော်တော်ကလေးကို ကောင်းနေပြီပေါ့ဗျာ။

စိုးသော်တာကြီးကလည်း မိန်းမနဲ့မတည့်။ ကျွန်တော်ကလည်း ထိုနည်းလည်းကောင်း။ အခု ကားဆရာကလည်း ပြောပြီဆိုတော့. . . မိန်းမတွေဟာ ဘာလဲဗျာ။

"မိန်းမတွေက. . . အလကားပါဗျာ. . ."

"ဟာ. . . အဲဒီလိုတော့ မပြောပါနဲ့ဆရာ။ ကျွန်တော်က သူ့ကို ချစ်တာကိုးဆရာရဲ့၊ အဲဒီတော့. . သူပြန်စေချင်တဲ့အချိန်ကို ပြန်ရောက်အောင် ခုနက ခပ်မြန်မြန်ကလေး မောင်းမိတာပါ၊ ခွင့်လွှတ်ပါဆရာ"

အင်း. . . ဒုတိယစိုးသော်တာပါကလား. . . လို့ ကျွန်တော်တွေးမိတယ်။ ဟုတ်တယ်လေ။ ဒီနေ့ မိန်းမကြောက်တဲ့ငတိတွေနဲ့ချည်းပဲ တွေ့နေရတယ်။ ဒီတော့. . . ကဲ. . . မြန်မာနိုင်ငံတွင်ရှိကြကုန်သော မိန်းကလေးအပေါင်းတို့ သင်တို့ကို ကြောက်ကြသော မဟာပုရိသတို့ များစွာ ရှိကြပါကုန်၏။ ဒီတော့ သင်တို့ မာနကြီးကြပါကုန်. . .။

ခွင့်လွှတ်ခြင်းကိုမေ့လျော့၍ ရက်စက်ကြပါကုန်။ နားလည်ခြင်းကို သတိမထားမိဘဲ အနိုင်ယူကြပါကုန်။ အဲဒီအထဲတွင်တော့ ကျွန်တော် နီကိုရဲ မပါပါခင်ဗျား. . .။

အဲဒီလို ကျွန်တော့်စိတ်ထဲက ပြောပစ်လိုက်တယ်။ ကားဆရာကို ပြန်ကြည့်တော့ ကားဆရာက ရှေ့ကလမ်းကိုပဲ ဂရုတစိုက် မောင်းနေပါတယ်။

"ကိုယ့်ဆရာ ကလေးဘယ်နှစ်ယောက်ရပြီလဲ"

"အာ. . . ဆရာကလဲ၊ ကျွန်တော် အိမ်ထောင်ကျတာမှ ခြောက် ရက်ပဲရှိသေးတယ် ဆရာရဲ့"

ကျွန်တော် စိတ်ကူးထဲမှာ ကိုယ့်ပါးကိုယ် အချက်ခြောက်ဆယ်

www.burmeseclassic.com

www.burmeseclassic.com

လောက် ရိုက်ပစ်လိုက်တယ်။ တစ်ဖက်ကို သုံးဆယ်ဆီပေါ့ခင်ဗျာ။ အေးပေါ့ဗျာ. . . အိမ်ထောင်ကျတာမှ ခြောက်ရက်ပဲရှိရင်တော့ ဒီငတိဟာ "အရှုံးပေး" ဆိုတဲ့ စနစ်ကြီးကို ကျင့်သုံးရတော့မှာပေါ့ဗျာ။

ဒါတော့ ကိုယ့်ဆရာလည်းသိပါတယ်။ ကျွန်တော်ကတော့ သူ့ကို ကျွန်တော်တို့လိုပဲ ကိုယ့်မိန်းမကိုယ် ပြန်မကြည့်ချင်တဲ့အချိန်ကို ရောက်နေပြီလို့ထင်ပြီး စွတ်ပြောနေတာ။ ကျွန်တော်က ဒီလိုကလေးတွေ လွဲတတ်ပါတယ်။

"Sorry ပဲဗျာ၊ ကျွန်တော်က ကလေးတွေဘာတွေ ရနေပြီထင်တာ၊ ကိုယ့်ဆရာကလည်း အစကတည်းက အဲဒါကိုပြောရင်ပြီးရော၊ အဲဒီလိုသာဆို ခုနကထက်တောင် နှစ်ဆလောက် ပိုမောင်းခိုင်းလိုက်ဦးမယ်"

"သူက ထမင်းပွဲပြင်ထားတာ ဆရာရဲ့၊ ကျွန်တော်ရောက် ကားသိမ်း၊ ရေချိုးပြီးမှ သူနဲ့အတူ ထမင်းစားကြတာ။ ကျွန်တော် မလာမချင်း ထမင်းမစားဘူး ဆရာ"

အင်း. . . အဲဒါဆိုရင် မင်းလည်း ခံရဦးမှာပဲလို့ ကျွန်တော့်စိတ်ထဲက တွေးမိပေမယ့် ကျွန်တော် ထုတ်တော့မပြောတော့ပါဘူး။ ဟုတ်တယ်လေ. . . အိမ်ထောင်ကျတာ ခြောက်ရက်ပဲရှိသေးတယ်ဆိုတော့. . . ။

"အိမ်ပြန်ရောက်ရောက်ချင်း "အာပွား" အရင်ပေးလိုက်ကွာ"

"အာ. . ဆရာကလဲ. . . ကျွန်တော် အမှန်ဆို ဒီဈေးနဲ့မလိုက်ဘူးဆရာ၊ ကျွန်တော်ကလည်း ဒဂုံကိုပြန်ရမယ်ဆိုတော့ လမ်းသင့်နေတာနဲ့"

"ကဲ. . . ဒါဆို. . . တစ်ထောင်ယူပါကွာ"

"အာ. . . ဆရာ. . . ဆရာ. . . ကျွန်တော် အဲဒီလို လိုချင်လို့ပြောတာမဟုတ်ဘူးဆရာ. . . မဟုတ်ဘူးဆရာ. . . မပေးပါနဲ့"

ကားဆရာက ကျွန်တော့်ကို အိမ်ရှေ့အထိ လိုက်ပို့ပေးပါတယ်။ ကျွန်တော် ပိုပေးသည့်ငွေနှစ်ရာကိုလည်း မယူဘဲ မောင်းပြေး





သွားရော။ ကျွန်တော်နှင့် ဝေး၍ဝေး၍သွားသော သူ့ကားနောက်မီးကိုကြည့်ပြီး ဒီနေ့အဖို့တော့ ကိစ္စပြီးပြီ။ အိမ်ကမိန်းမကိုလည်း မူးမူးနှင့် "အာပွား" ကြီးပေးလိုက်ဦးမယ်. . . ဆိုတာတွေတွေးရင်း အိမ်ပေါ်ကို တက်တော့မှ ကျွန်တော့်ခြေထောက်ထဲမှာ စီးထားတဲ့ဖိနပ်က ကျွန်တော့်ဖိနပ်မဟုတ်မှန်း သိရတာခင်ဗျာ။

ကျွန်တော် ဖိနပ်ချွတ်ပြီး ရှေ့ခန်းမှာ ခြေချိတ်ထိုင်တုန်းက အဖြစ်ကို ပြန်သတိရမိတယ်။ ကျွန်တော် ကားပေါ်ကဆင်းတော့ ပိုပေးတဲ့ ပိုက်ဆံနှစ်ရာကိစ္စကို ပြောကြဆိုကြရင်းနဲ့ ကောက်စီးတဲ့ဖိနပ်ဖြစ်ဟန်တူပါတယ်။ ကျွန်တော် ရယ်လည်းရယ်ချင်တယ်။ ကျွန်တော့်ဖိနပ်ကလည်း ဝယ်ထားတာ သူ့လိုပဲ ခြောက်ရက်ပဲရှိပါသေးတယ်။

ကျွန်တော်က အကောင်သေးလေတော့ ခြေထောက်လည်းသေးတာပေါ့ခင်ဗျာ။ ဒီတော့ ဖိနပ်ဝယ်ရတာ သိပ်ဒုက္ခရောက်ပါတယ်။ ယောကျာ်းစီးထဲမှာ အသေးဆုံးဆိုဒ်ကတောင် ကျွန်တော့်ခြေထောက်နဲ့ မတော်ပါဘူး။ ဒီတော့ ကျွန်တော် ပိန်းတန်းဖိနပ်ဝယ်ရင် မိန်းကလေးဆိုဒ်ထဲကပဲ ဝယ်ရလေ့ရှိပါတယ်။

အခုတော့ ကျွန်တော့်ဖိနပ်ကလေး သွားရှာပြီပေါ့ခင်ဗျာ။

မှားတာမှ ကျွန်တော်ကညာဘက်၊ သူ့ဖိနပ်က ဘယ်ဘက်ကြီးခင်ဗျ။ အေးလေ သူက ကျွန်တော့်ညာဘက်မှာ ထိုင်တာကိုး. . . ။ ကျွန်တော့်ဇနီးလေးဒီချပ်ပြားကို ပြောပြတော့ သူက ခပ်တည်တည်ပါပဲ။

"မူးနေတာကိုး. . . "

"မူးလို့မဟုတ်ဘူးကွ. . . ၊ ပိုက်ဆံနှစ်ရာကို သူကလည်းအားနာ၊ ငါကလည်း အားနာဖြစ်နေကြလို့"

"ကိုယ့်ဖိနပ်မဟုတ်တာကို ဘယ်နဲ့ညာ မှားစီးလာတာကိုတောင် မသိတာ. . . မူးနေလို့ပေါ့"

"ဟေ့ကောင်. . . မင်း. . . တော်စမ်းကွာ"

"အမလေး. . . ဒီကလည်း စကားမပြောချင်ပါဘူး"

ဖြစ်နိုင်ရင်တော့ ကျွန်တော် နောက်ထပ် သုံးပက်လေးက



www.burmeseclassic.com

www.burmeseclassic.com

ဆက် ကစ်ပစ်လိုက်ချင်တာ. . .။ ဒါပေမဲ့ ကျွန်တော့်စိတ်ကို ကျွန်တော် ချုပ် တီးပြီး အိပ်ယာထဲဝင်ခဲ့တယ်။ လေဒီချပ်ပြားက ဟိုဘက်လှည့် ကျွန်တော် က ဒီဘက်လှည့်ပေါ့ဗျာ။

မိန်းမတွေဟာ အလကားပါဗျာ။ (ကိုယ့်မိန်းမကို ကိုယ်ဆိုလိုသည်) ခဏကြာတော့ Rum က ကျွန်တော့်ဝိညာဉ်ကို အသာကလေး ခိုးသွားတယ်။ ကျွန်တော်လည်း ပထမတော့ ဒေါသစိတ်နဲ့ ရင်ခုန်သံကလေးနဲ့ နေကြည့်သေးတယ်။ ဒါပေမဲ့ အရက်တို့မည်သည် ဝိညာဉ်ကို ခိုးတဲ့နေရာမှာ တော်တော်ကလေးကို ကျွမ်းကျင်တယ်ခင်ဗျ။ အဲဒီတော့ ကျွန်တော့် ဝိညာဉ်ကလေးပါသွားတာပေါ့။

ဘယ်လောက်ပါသွားသလဲတော့ မသိဘူး။ ကျွန်တော့်ဇနီးက နှိုးတော့မှပဲ ကျွန်တော့်စိတ်ကို ကျွန်တော် တင်းဆန်ပြီး နိုးရတယ်။

"ဘာလဲကွ"

"ပြဿနာတက်နေပြီ"

"ဘာပြဿနာလဲ၊ မီးလောင်တာလား"

"မဟုတ်ဘူး၊ ရှင်စီးလာတဲ့ကားဆရာနဲ့၊ သူ့မိန်းမ အိမ်ရှေ့မှာ ရောက်နေတယ်"

"ဟေ. . . ဘာဖြစ်လို့လဲ"

"ဖိနပ်တဲ့. . ."

အချိန်ကိုကြည့်တော့ နှစ်နာရီကျော်နေပြီဗျာ. . .။ ကျွန်တော် အိမ်ရှေ့ကိုထွက်လိုက်တယ်ဆိုတာနဲ့ ကားဆရာက ကျွန်တော့်ကို အူယားဖားယားနဲ့ ပြေးပြီး လက်ကိုဆွဲရင်း ပြောတာပါပဲ။

"ဆရာ. . . ကယ်ပါဦးဆရာ"

"ဘာတုန်းဟ"

"ဆရာနဲ့ကျွန်တော် ဖိနပ်မှားသွားတယ် ဆရာ"

"အေးလေ. . . မင်းကွာ. . . ဖိနပ်ကလေးတစ်ရံမှားတာများ ဒီအချိန်ကြီး လာလဲရတယ်လို့၊ ကဲ. . . ဟိုမှာ. . . ယူသွား. . ."

"မဟုတ်ဘူး. . . ဆရာ"





"ဘာလဲကွ. . . မင်းဟာက. . ."

"သူက. . . သူက. . . ဆရာ အဲဒီဖိနပ်က မိန်းကလေးဖိနပ်၊ ကျွန်တော်က မိန်းကလေးတစ်ယောက်နဲ့ ကားပေါ်မှာ ပျော်ပါးခဲ့ပြီးတော့ အဲဒီကောင်မလေးရဲ့ဖိနပ်နဲ့ မှားပြီးလာတာဆိုပြီး ပြဿနာရှာနေတယ် ဆရာ၊ ပြီးတော့ သူ့မြို့ကိုသူပြန်မယ်တဲ့. . ."

"သူက. . . ဘယ်မြို့ကတုန်း. . ."

"ပြည်က. . . ဆရာ. . ."

"အင်. . ."

ကားဆရာရဲ့ဇနီးကလေးက မှည့်ပါတယ်။

ဒါကြောင့်မို့လည်း ဟိုငတိ ဒီလောက်ဖြစ်နေတာပေါ့။ ကျွန်တော်က အိမ်ပေါ်ကိုခေါ်ပြီး မှားသွားတဲ့ဖိနပ်ကို နောက်တစ်ဖက်နဲ့တိုက်ပြပြီး စီးပြလိုက်တော့မှ ကောင်မလေးက ငိုပါတယ်။ ပြီးတော့ ကားဆရာရဲ့ လက်ကိုဆုပ်ကိုင်လို့ သူမှားသွားတာကို ခွင့်လွှတ်ပါပေါ့လေ. . .။

ကျွန်တော့် လေဒီချပ်ပြားကတော့ ဘာမှန်းညာမှန်းမသိဘဲ ကော်ဖီတွေအတင်းဖျော်တိုက်နေလို့ အဲဒီငတိနှစ်ကောင် ကော်ဖီသောက်သွားရသေးတယ်။ သူတို့ပြန်သွားတော့ မနက်သုံးနာရီခွဲနေပါပြီ။ မူးရတဲ့ ဇိမ်ကလေးလည်း ဘယ်ကို လွင့်သွားမှန်းတောင်မသိတော့ဘူး။

ကျွန်တော် အရက်သောက်တုန်းက ရခဲ့တဲ့ အဖြစ်အပျက်တွေက သင်ခန်းစာလည်း မပါ,ပါဘူး။ ဆုံးမစရာလည်း မရှိပါဘူး။ သောက်ပြီး လွဲခဲ့တဲ့ "သောက်အလွဲ" တွေပါ။ အဲဒီကားဆရာက ပြန်ခါနီးမှာ ကျွန်တော့်ကို လက်ဆွဲနှုတ်ဆက်ပြီး သူ့ရဲ့နာမည်ကို ပြောသွားပါတယ်။

အဲဒီ ကားဆရာရဲ့နာမည်က. . .

"မောင်မျိုး" တဲ့ ခင်ဗျာ. . .။

■



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## ကိုရွှေထူး(ပြည်) ၏ "နည်း"

ကျွန်တော်တို့ အဲဒီနေ့ညနေခင်းကတည်းက တော်တော်လေးကို အူမြူးနေကြပါသည်။

အူမြူးရတဲ့အကြောင်းရင်းက နိုင်ငံတော်အစိုးရ ဆက်သွယ်ရေးဝန်ကြီးဌာနက ကျွန်တော်တို့ အနုပညာသမားတွေကို Hand Phone တစ်လုံးစီ ဝယ်ခွင့်ပါမစ်ထုတ်ပေးတော့ ကျွန်တော်နဲ့ ကိုရွှေထူး (ပြည်) တို့ တစ်ယောက်တစ်လုံးစီ ရကြလို့ပါပဲ. . .။

ကျန်လူတွေက ပထမတော့ Phone တွေချပေးမယ်ဆိုတာ မယုံတာနဲ့ မလျှောက်လို့ မရကြသေးဘူးပေါ့ဗျာ၊ ကိုယ့်ဆရာပဲ စဉ်းစားကြည့်လေ၊ လူတွေကြပ်ညှပ်နေတဲ့ ဘားလမ်းလိုပလက်ဖေါင်းပေါ်မှာ ကိုယ့်လက်ထဲမှာကိုင်ထားတဲ့ Hand Phone ကလေးက တတွီတွီ တတော်တော်ထမြည်. . .။ လမ်းသွားလမ်းလာနဲ့ ကောင်မလေးတွေကလည်း လှမ်းငေးကြည့်ကြ. . .။ အဲဒီလိုအကြည့်ခံရတဲ့ အရသာက လူ့ဘဝမှာ ရခဲဘိခြင်းမဟုတ်ဘူးလား. . .။

ကျွန်တော်က Hello ထူးရင်း လမ်းလျှောက်ရင်း စကားပြောသွားတော့ လူတွေက ဝိုင်းငေးလို့။ ကျွန်တော်ကလည်း . . .

"အေး. . . ကိုယ်ရောက်အောင်လာခဲ့မယ်လေ၊ မနေ့ကကိစ္စ





ကို ပြတ်အောင်ရှင်းထားလိုက်ပေါ့။ ကိုယ်လည်း အကုန်ပြောပြီးပြီပဲဟာ"

". . ."

"ဘာ. . . အဲဒီကိစ္စကို လုံးဝမလုပ်နဲ့၊ အဲဒါက ကိုယ်ရှင်းမှရမှာ၊ မင်းတို့နဲ့မဆိုင်ဘူး. . . ခက်တယ်ကွာ"

". . ."

"ဟုတ်ပြီ. . . ဟုတ်ပြီ. . . ငါပြောတဲ့အတိုင်း ဆက်လုပ်ထား၊ အရေးတကြီးဘာရှိသေးလဲ"

". . ."

"အေး. . . မရှိရင် ဒါပဲ၊ ကိုယ်က ပလက်ဖေါင်းပေါ်ကနေ ပြောနေရတာ၊ ဒါပဲ. . . ဟုတ်ပြီလား၊ နောက်နာရီဝက်လောက်နေမှ Phone ပြန်ခေါ်. . . ကြားလား"

ကျွန်တော်က Phone ကို ခပ်တည်တည်ပဲ အိတ်ထဲကိုထည့်လိုက်တယ်။

ဘေးလူတွေအမြင်မှာတော့ ကျွန်တော့်ကို လုပ်ငန်းရှင်ကလေးတစ်ယောက်ဟု ထင်ကောင်းထင်ကြမှာပါ။ ဒါပေမဲ့ ခုနကိစ္စက ကျွန်တော့်ဇနီး လေဒီချပ်ပြားက အိမ်ဖော်ကောင်မလေးတစ်ယောက်ရလို့ လှမ်းဆက်တာပါ။ ဒါပေမဲ့ ကျွန်တော်ကတော့ စကားလုံးကြီးကြီးကျယ်ကျယ်တွေသုံးပြီး ပြောပစ်လိုက်တယ်လေ. . .။

ဒါကြောင့် Hand Phone ကလေးတစ်လုံးရတယ်ဆိုတာ အထင်ကြီးခြင်း၊ လေးစားခြင်း၊ ဦးစားပေးခံရခြင်း၊ ပြောသမျှအောင်မြင်ခြင်း စ,တာတွေကိုပါ ရတယ်လို့ ကျွန်တော် ခံစားရတယ်။

ကိုရွှေထူးကျတော့ တစ်မျိုးခင်ဗျ။

သူက Phone ကလေးကို လွယ်အိတ်ထဲမှာထည့်ထားတယ်။ ပြီးတော့ သူနဲ့ အလုပ်ကိစ္စချိန်းတာ ၅-နာရီဆိုလို့ရှိရင် သူက သူ့ညီမျိုးကြီးကို Store ဆိုင်ကလေးမှာရှိတဲ့ အိမ် Phone နဲ့ သူ့ Phone ကို လှမ်းဆက်ခိုင်းထားတယ်။ ဒီတော့ သူနဲ့ လုပ်ငန်းအတူလုပ်နေတဲ့ ငနဲကလည်း



www.burmeseclassic.com

www.burmeseclassic.com

နည်းနည်းတော့ လန့်သွားတာပေါ့။ ဖုန်းသံက မြည်နေပြီးမှ ကိုရွှေထူးက ငြိုးတယ်. . .။

ပြီးတော့မှ Hello လို့ ရွှေထူး တုန့်ပြန်တယ်။

ကိုရွှေထူးရဲ့ထူးသံကြားရတာနဲ့ မျိုးကြီးရဲ့တာဝန်ကျေပြီ။ ဆိုင်ကို ပိုက်ဆံတစ်ရာပေးပြီး လစ်တော့တာပဲ။ ဟိုဘက်မှာ ကိုရွှေထူးကသူ့ Phone ထဲမှာ ဘာမှမပါဘဲ ဆက်ပြောလိမ့်မယ်။

"ပြော. . . ကိုမိုးကြည်. . ."

". . ."

"အာ. . . လာပြန်ပြီလားဗျာ ဒီစကား၊ ဒီမှာ ကိုမိုး. . . ခင်ဗျားလုပ်ပုံက ကျွန်တော့်လူမှုရေးကိုရော၊ စီးပွားရေးကိုရော လာသတ်သလိုဖြစ်နေတာဗျ"

". . ."

"ကောင်းပြီ. . . ကျွန်တော် ခင်ဗျား သိန်းလေးဆယ်တောင်းတယ်၊ ခင်ဗျားရော ခင်ဗျားဇနီးကပါ တောင်းတောင်းပန်ပန်ပြောလို့ကျွန်တော်တို့ သုံးဆယ့်ငါးနဲ့ သဘောတူခဲ့တာ၊ အဲဒါကို ခင်ဗျားက ထပ်ဆစ်တာတော့မကောင်းဘူးပေါ့ဗျာ"

". . ."

"ဒီမှာ. . . ကိုမိုး. . . ကျွန်တော်က ငွေကြောင့် အလုပ်လုပ်နေတာမဟုတ်ဘူး၊ ခင်ဗျားနဲ့ ကျွန်တော် ကတိထားပြီး တစ်ပတ်လောက်နေတော့ သူဇာ စာပေကလာတယ်။ သင်းရနံ့စာပေကလာတယ်။ နံပါတ်ဝမ်း Computer ကလည်း လာတယ်။ ကျွန်တော်တောင်းတဲ့ဈေးကို သူတို့စရံမပေးတော့ဘဲ ပက်ခနဲပေးသွားမယ့်လူတွေပါ။ ဒါပေမဲ့ ကျွန်တော်ငြင်းလိုက်တယ်။ ဟုတ်တယ်လေ. . . ခင်ဗျားနဲ့ကျွန်တော် ကတိထားပြီးသား မဟုတ်လား၊ ဒါကို ခင်ဗျား ဈေးထပ်ဆစ်တယ်ဆိုတာ. . ."

". . ."

"ဟား. . . ဟား. . . ဟား. . . ကျွန်တော့်စောင်ရေကိုသိချင်ရင် ရန်ကုန်မြို့အလယ်ကောင်တည့်တည့်တွေမှာ တင်ထားတဲ့ ဆိုင်





မှာလိုက်မေး၊ ဦးဦးစာပေကိုလည်းမေး၊ ဒါမှမကျေနပ်သေးရင် မန္တလေးက ဦးထွန်းဦးနဲ့ နဂါးထွန်းရွှေကိုမေးကြည့်လိုက်၊ တစ်သောင်းလေးထောင်လောက်ကုန်တယ်ဆိုတာကို ခင်ဗျား သိရလိမ့်မယ်"

ကိုရွှေထူးရှေ့ကလူသည် ပါးစပ်ကြီးကပြဲ. . . မျက်လုံးထဲမှာလည်း အထင်ကြီးစိတ်၊ လေးစားစိတ်တို့က ခိုင်ခိုင်မာမာကြီးကို ရှိနေတယ်။

". . ."

"ဟုတ်ပြီလေ. . . ခင်ဗျားတို့ချင်းက ဘာမှမရှိဘူး၊ အလုပ်ဖြစ်မဖြစ် သုံးရက်အတွင်းမှာ အကြောင်းပြန်"

". . ."

"OK ... OK ရပြီ"

"ဆရာ့ကို ဟိုဘက်က ရစ်နေတာလားဆရာ"

ကိုရွှေထူး၏ အေးစက်ပုံကိုကြည့်ပြီး ကိုသက် ဒေါသတွေဘာတွေ ဖြစ်နေသည်။

"မေ့ထားလိုက်ကြတာပေါ့ကွာ၊ ကဲ. . မင်း. . . လုပ်ချင်တာပြော"

ဒီတော့မှ ကိုသက်က ရှင်းပြသည်။ ရိုးရိုးကလေးပါ။ မဂ္ဂဇင်းပေါင်းဖုံမှာပါခဲ့သည့် ကိုရွှေထူး၏ ကာတွန်းတွေကို စုထုတ်ချင်တယ်။ ကိုရွှေထူးရင်ထဲမှာ တရုပ်နဂါးပွဲငါးခုလောက် လှည့်နေပြီ။ ဒါပေမဲ့ ဟန်ကိုယ့်ဖို့ကလေးကတော့ ထားရတယ်မဟုတ်လား။

"မင်းစိတ်ကူးကတော့ ကောင်းပါတယ်၊ ဒါပေမဲ့ စဉ်းစားဦးကွ"

"ဘာ. . . ဘာဖြစ်လို့လည်းဆရာ. . ."

"ပထမအချက်က ငါဆွဲခဲ့တဲ့ကာတွန်းတွေကများတယ်၊ မဂ္ဂဇင်းပေါင်းဖုံမှာ ဆွဲခဲ့တာ၊ ငါ့မှာ လက်ခံမရှိတော့ဘူးကွ၊ ရှိသင့်တာလေးတွေပဲ ရှိတော့တာ"

"ဟာ. . . အဲဒီအတွက်ကတော့ မပူပါနဲ့ဆရာ၊ ကျွန်တော့်မှာစုထားတဲ့ပုံတွေလည်း ရှိပါတယ်။ ပြီးတော့ စာကြည့်တိုက်မှာရှာမယ်



www.burmeseclassic.com

www.burmeseclassic.com

ဆရာ၊ ကျွန်တော့်သူငယ်ချင်းရဲ့ နှမကလေးက စာကြည့်တိုက်ဝန်ထမ်းပါ ဆရာ. . . မခက်ပါဘူး. . . "

"ဟ. . . ဒါဆိုကောင်းတာပေါ့ကွ၊ မင်း Photo ဆွဲပြီးရင် ငါ့ကို တစ်စုံပေးကွာ၊ ငါလည်း သိမ်းထားချင်လို့"

"ပေးပါ့မယ်ဆရာ၊ ပြီးတော့ဆရာ့အတွက် အနုပညာကြေး က. . . "

ကိုရွှေထူးက ငုံထားသောကွမ်းတံတွေးတွေကို ဖျစ်ခနဲထွေး ထုတ်ရင်း ဘာစကားမှမပြောဘဲ အဝေးသို့ငေးနေသည်။ ဇော်မောင်၏ "အမှား"ကာတွန်းတိုကလေးတွေ ထုတ်တုန်းက ဘယ်လောက်ယူတယ်ဆို တာကို မမေးမိတာကိုလည်း မချင့်မရဲဖြစ်လို့ပေါ့။

အခုမှတော့ မတတ်နိုင်တော့ပြီ။ ထင်ရာရမ်းပြီးပြောရမှာပဲ၊ များသွားတော့လည်း ပြန်ညှိကြတာပေါ့။

"ကိုယ်. . . ဆယ့်ငါးသိန်းတော့ယူမယ်ကွာ"

"ဗျာ. . . ဆရာရယ် ကျွန်တော်က ဆရာ့ပရိသတ်ပါ၊ ဆရာ့ကို လည်း လေးစားပါတယ်၊ ဈေးဆစ်တယ်လို့တော့မထင်ပါနဲ့ ဆရာ၊ ကျွန် တော် ဈေးညှိတာပါ၊ တစ်ဆယ်တော့ထားပေးပါဆရာ၊ တကယ်လို့ ပုံ ရေများရင်လည်း နှစ်အုပ်ခွဲထွက်ပေးပါ့မယ်ဆရာ"

"အေး. . . ငါတို့ကလည်း မင်းတို့လူငယ်ကလေးတွေရဲ့ အနု ပညာကို တန်ဖိုးထားပြီး ထုတ်ဝေသူလုပ်လာတာကို အားပေးချင်ပါ တယ်ကွ၊ အဲဒီတော့. . . ချကွာ. . . "

"ဒါဆိုရင်လည်း စရံငါးသိန်းကိုတော့ လက်ခံပေးပါဆရာ"

"ဟာ. . . ငါက အလုပ်မပြီးဘဲ ငွေကြိုမယူချင်ဘူးကွ"

"အာ. . . ဆရာကလည်း ဆရာ့အလုပ်တွေက မဂ္ဂဇင်းမှာပါ ပြီးသားဆိုတော့ အလုပ်က ပြီးနေပြီလေဆရာ"

"အေးကွ. . . ဒါလည်းဟုတ်တာပဲ"

ထို့ကြောင့် ထိုနေ့က ကိုရွှေထူးသည် စရံငါးသိန်းကို ရလေ သတည်း. . . ။





ဒီနေ့ ကျွန်တော်တို့ ဝေလမင်းသို့ချီတက်ရသော ခေါင်းစဉ်မှာ "Hand Phone မွေးနေ့" ဟုပြောလျှင် ပိုပြီး အဓိပ္ပါယ်ရှိတာပေါ့ခင်ဗျာ။

ဆိုင်ကိုရောက်တော့ ထုံးစံအတိုင်း Rum တစ်လုံး၊ ကြေးအိုးစွပ် တစ်ပွဲ၊ နံရိုးနုကြော်တစ်ပွဲ ရေသန့်လေးဗူးကို မှာလိုက်ကြပါတယ်။ ကျွန် တော်က ကောင်းဘွိုင်မင်းသားတစ်ယောက်။ သူ့ခါးကြားထဲကသေနတ် ကို စားပွဲပေါ်ကိုပစ်တင်လိုက်သလို ကျွန်တော့် Phone ကို စားပွဲပေါ်ကို ပစ်တင်လိုက်တယ်။

ကိုရွှေထူးကတော့ ကျွန်တော့်လိုမဟုတ်ပါဘူး။ သူ့ Phone ကို လွယ်အိတ်ထဲမှာပဲ ဖွက်ထားပါတယ်။

အဲဒီမှာပဲ အသားမဲသလောက်အရုပ်ရှည်တဲ့ ကောင်းထိုက်ဆို တဲ့ ငတိက . . .

"ခဏကိုင်ကြည့်မယ်နော်. . . "

"ကိုင်ပေါ့ဗျာ၊ ခင်ဗျားကိုင်လို့ ကျွန်တော့် Phone က ဘာဖြစ် သွားမှာမို့လို့လဲ"

"အေးဗျာ. . . တောသားလို့ပြောရင်လည်း ခံရတော့မှာပဲ၊ ကျွန် တော်က Hand Phone တစ်ခါမှ မကိုင်ဖူးဘူးဗျ"

"ဒီလိုကွ. . . မင်းဆက်ချင်တဲ့ Phone နံပါတ်ကို ဒီမှာပါတဲ့ ခလုတ်လေးတွေအတိုင်း နှိပ်လိုက်ပြီးရင် Send လို့ခေါ်တဲ့ ဟောဒီအပြာ ရောင်ကလေးကို နှိပ်လိုက်. . . ဒါပဲ"

"ဟုတ်လို့လားဗျာ"

"မင်းကို ငါကညာရမှာလား၊ အေး. . . မင်းဆက်ချင်တဲ့ Phone က အိမ်ကကြိုးသွယ်လိုင်း Phone ဆိုရင်တော့ ရှေ့မှာ ဇီးရိုးဝမ်းခံပြီး ဆက်ရမယ်. . . "

ကိုစိုးစံဝင်းကတော့ ကျွန်တော်တို့အုပ်စုထဲမှာ ဂျိမ်းစဘွန်းပဲ။ သူမသိတာမရှိဘူး။ အေး. . . အဲဒီသိထားတာတွေကို သူကိုယ် တိုင်လိုက်လုပ်သလားဆိုတော့လည်းမလုပ်ဘူး။ သူ့ကို ကျွန်တော် သဘော ကျတာက သူဟာ အတ္တဟိတနည်းပြီး တကယ့်ကို ပရဟိတသမားတစ်



www.burmeseclassic.com

www.burmeseclassic.com


ယောက်မို့ပါပဲ။

"ဒါဆိုရင် ကျွန်တော့်အိမ်ဘေးက Phone ကို ဆက်ကြည့်မယ်ဗျာ"

"ဆက်လေ. . . မင်း Phone နံပါတ်ပြော. . ."

ကိုစိုးစံဝင်းက (01) ခံပြီး Phone ကို နှားထောင်သည်။ ဟိုတစ်ဖက် Hello ဆိုသည့်အသံကိုကြားတော့မှ ကောင်းထိုက်ထံ ထိုးပေးလိုက်၏။ ကောင်းထိုက်လည်း ဘာပြောရမှန်းမသိသဖြင့် ယောင်တိယောင်ကမ်းတွေ ဖြစ်ကုန်သည်။

"မ. . . မ. . . မစိုးလား"

". . ."

"ကျ. . . ကျွန်တော် ကောင်းထိုက်ပါအစ်မ၊ အမေ့ကို ပြောပြပေးပါ၊ ကျွန်တော် ဒီနေ့ နောက်ကျချင်ကျလိမ့်မယ်လို့"

". . ."

"ဟုတ်ကဲ့. . . ကျေးဇူးပါပဲနော်. . . မမစိုး"

ကောင်းထိုက်က တအံ့တသြနှင့် Phone ကလေးကို ကြည့်၍နေသည်။

"မင်းက ဒီနေ့ နောက်ကျရအောင် ဘယ်ကိုသွားဦးမှာမို့လို့လဲ"

ဖိုးစောက ဝင်မေးသည်။ ဒီတော့မှ ကောင်းထက်က မျက်နှာစပ်ဖြဲဖြဲကလေးနဲ့. . .

"သွားစရာမရှိပါဘူး၊ ဘာပြောရမှန်းမသိတာနဲ့ ပြောလိုက်တာ"တဲ့။

ကျွန်တော်တို့အားလုံး ကောင်းထိုက်ကို ဝိုင်းဟားလိုက်ကြတယ်။

"အခု. . . မင်းဆက်တဲ့ မမစိုးဆိုတာ မင်းတို့အိမ်နားကလား"

"မဟုတ်ဘူး၊ လမ်းထိပ်အိမ်က. . ."

"တောင့်တော့တောင့်တယ်ဗျ၊ အပျိုကြီးတော့မဟုတ်ဘူး၊ တစ်ခုလပ်တဲ့"

"အမလေး. . . သွားပါပြီ. . . ကုန်ပါပြီရှင့်. . . ကုန်ပါပြီ"



ကိုစိုးစံဝင်းက မိန်းမအိုက်တင် မိန်းမလေသံနှင့်ဝင်ပြောတော့ ကျွန်တော်ရဲ့ အမျိုးသမီးများအား ကြည့်ရှုစစ်ဆေးရေးဥက္ကဋ္ဌ အေပီကေက. . .

"ဘာလဲ. . . ခင်ဗျားတို့က မိန်းကလေးဆို တစ်ခုလပ်လို့ စော်ကားချင်တာလား"

တစ်ခုလပ်ဆိုတာ လောကကြီးရဲ့ဒဏ်ကို တစ်ဝက်ခံထားပြီးသားဗျ။

သူ့မှာရှိတဲ့အရည်အချင်းမျိုးကို ဘယ်အပျိုမိန်းကလေးတွေဆီမှာမှ မရဘူး။ ကျုပ်ကတော့ တစ်ခုလပ်ဆို ပိုနိုင်တယ်ထင်တာပဲ။

သို့နှင့် စကားဝိုင်းက တစ်ခုလပ်တွေအကြောင်း ရောက်သွားတော့တာပေါ့ဗျာ။ အရက်ဝိုင်းဆိုတာက စာတမ်းဖတ်ပွဲတို့၊ ဆွေးနွေးပွဲတို့လို အကြောင်းအရာတစ်ခုတည်းကို ပြောရမယ်ဆိုတဲ့ ဥပဒေမှ မရှိတာကိုး. . .။

အဲဒီအချိန်မှာ ဖိုးစောက Rum နောက်တစ်လုံးရယ်၊ ဝက်နံရိုးကြော်ရယ်၊ ငါးရှဉ့် ခြောက်စပ်ရယ်၊ ဝက်စတူးရယ် ထပ်မှာတယ်။

ဒီတော့ ကျွန်တော်တို့ဝိုင်းကို နောက်မှရောက်လာတဲ့ APK ကြီးက မျက်လုံးကြီး တော်တော်ပြူးသွားတယ်။

"ဟ. . . ဖိုးစောကြီးရ မှာတာတွေများလှချည်လား၊ ကြည့်ကျက်လုပ်ဦးနော်"

"ဟဲ. . . ဟဲ. . . ဟဲ. . . စိတ်ချလိုက်စမ်းပါ ဆရာပီရဲ့၊ ဒီနေ့ မွေးနေ့ရှိတယ်၊ အဝသာစိတ်ကြိုက်ကစ်ပေတော့. . . ဟဲ. . . ဟဲ. . ."

ဖိုးစောက တဟဲဟဲရယ်ရင်း လက်ထဲကလန်ဒန်တစ်လိပ်ကို မီးညှိပြီး နတ်ကတော်ကြီးတွေသောက်သလို သောက်နေတယ်ခင်ဗျ၊ ဟုတ်တယ်ခင်ဗျ. . . ဖိုးစောက စီးကရက်သောက်တဲ့လူ မဟုတ်ဘူး၊ အရက်ဝိုင်းမှာ သူတော်တော်ကလေးတွေလာတော့မှ စီးကရက်ကို လက်ညှိုးနဲ့ လက်ခလယ်ထိပ်မှာညှပ်၊ ကျန်တဲ့လက်တွေလည်း အကုန်ဖြန့်ပြီးသောက်တော့ နတ်ကတော်တွေ စီးကရက်သောက်သလိုကြီး ဖြစ်


www.burmeseclassic.com

www.burmeseclassic.com



နေတာပေါ့ဗျာ။

"ဒါဆို မွေးနေ့ရှင်က စိုးသော်တာလား"

"ဟာ. . . ခင်ဗျားကလဲဗျာ. . ."

စိုးသော်တာ တော်တော်လေးရှက်သွားတယ်။ သူက မိန်းမရလို့ ကလေးပဲရတော့မယ်။ ရှက်ရင် အပျို့ဖြန်းကလေးရှက်သလို ရှက်တတ် တုန်းပဲ။ အဲဒီနေ့က စိုးသော်တာ အရက်မသောက်ပါဘူး။ အမြည်းပဲ စားပါတယ်။ စိုးသော်တာမဟုတ်ဘူးဆိုတော့ ဆရာပီလည်း နည်းနည်း တော့စဉ်းစားတယ်။

"ကိုရွှေထူးတော့ မဖြစ်နိုင်ဘူး၊ ဟင်းတစ်ပွဲနဲ့ ညီအစ်ကိုနှစ် ယောက် ထမင်းစားတဲ့လူမျိုးက ဒီလို ဖောချင်းသောချင်း ဘယ်တော့မှ မကြွေးဘူး။ ဒီတော့ မွေးနေ့ပွဲဆိုရင် ဟောဒီက ငတိ မောင်ရဲဝင်းကလေး ပဲဖြစ်ရမယ်။ ဟုတ်တယ်မဟုတ်လား။ ဇာတ်ညွှန်းကလည်း ဝင်ငွေ ကလေးက ဖြောင့်နေတယ်လေ. . ."

"တစ်စိတ်ပဲမှန်တယ် အစ်ကိုကြီးရ၊ တစ်ပိုင်းနဲ့တစ်စိတ်မှား တယ်"

"အမလေး. . . လူငယ်ခြေတက်ကိုယ်တော်လေးရဲ့အမှား အမှန် ပြောတာကိုတောင်မှ တစ်စိတ်တစ်ပိုင်းတွေဘာတွေ လုပ်သွား သေးတယ်၊ ကဲ. . . ကဲ. . . ကျွန်တော်မျိုးကြီး မှားတဲ့ တစ်စိတ်တစ်ပိုင်း ကို ပြောစမ်းပါဦးခင်ဗျာ"

ဆရာပီက ရှေ့ကခွက်ကို တစ်ချက်တည်း မော့သောက်ပစ်လိုက် ပြီး နံရိုးနုတစ်ဖတ်ကို အရိုးမကျန်အောင်ဝါးစားပြီး ရှေ့ကကြေးအိုးစွပ်ကို ရှူးခနဲသောက်ချလိုက်. . . ပြီးတော့ ကျွန်တော့်ကိုစိုက်ကြည့်ကာ ပုခုံးကို တွန့်၍ပြသည်။ ဘာသဘောလည်းတော့ ကျွန်တော်လည်းမသိ။

"ဒီလို. . . အစ်ကိုကြီးရ၊ ဒီဝိုင်းကိုရှင်းမယ့်အထဲမှာ ကိုရွှေထူး ပါတယ်၊ ဒီတော့ တစ်ပိုင်းမှားသွားရော၊ နောက်ပြီးတော့ ကျွန်တော့် မွေးနေ့မို့ ကြွေးတာဆိုတော့ နောက်ထပ် တစ်စိတ်မှားသွားရော၊ အစ်ကို ကြီး မှန်တာဆိုလို့ "မွေးနေ့" ဆိုတဲ့ တစ်စိတ်ပဲမှန်တယ်"



"ဒါဆို ဘယ်သူ့မွေးနေ့လဲ"

"Hand Phone မွေးနေ့. . ."

"ဘာ. . ."

ကျွန်တော်တို့ ရှင်းပြလိုက်တော့ ဆရာပီသည် မျက်စေ့ကို စုံ မှိတ်ကာ ခေါင်းကို နောက်သို့လှန်ချရင်း အားရပါးရကြီးကို ရယ်ပါ တယ်။ ကျွန်တော် ဆရာပီ အဲဒီလိုအားရပါးရကြီးရယ်တတ်တာကို သိပ် သဘောကျတာပဲ။ ရင်ထဲမှလာသောရယ်သံသည် ရိုးသားပွင့်လင်းမှုကို ပါ တစ်ခါတည်းခေါ်လာနိုင်ခဲ့သော ရယ်သံမျိုးဖြစ်နေမယ်ဆိုတာကို ကိုယ့်ဆရာ သတ္တိရှိရင် တစ်သန်းကြေးတောင် လောင်းလိုက်ချင်သေး တယ်။ ကျွန်တော် အဲဒီလိုမရှက်တတ်ပါ။ ဒါကြောင့်လည်း ကျွန်တော် ဆရာပီ့ကို ကိုယ့်အစ်ကိုကြီးတစ်ယောက်လို ချစ်နေရခြင်းဖြစ်လိမ့်မည် လို့ ထင်တာပါပဲ။

"ကိုင်း. . . ကိုင်း. . . ဒါဆို မောင်ရင်တို့ပစ္စည်းတွေ ကျုပ် ပြစမ်းပါဦးဗျာ၊ မကိုင်ဘူးလို့ ခဏကိုင်ကြည့်ချင်လို့ပါ"

"အော်. . . ဆရာပီလိုင်းပြောင်းသွားတာ ကြာပြီလားဟင်"

ကိုစိုးစံဝင်းက ဝင်ပြီး မိန်းမလျာလေ၊ မိန်းမလျာအိုက်တင် နှင့်ပြောတော့ဆရာပီ ဒေါကန်ပြီး ချက်ချင်းပြန်ပြောပါတယ်။

"ခင်ဗျားထက်တော့ နောက်ကျတာပေါ့ဗျာ"

အဲဒီနေ့က တသောသောရယ်၊ တဂွတ်ဂွတ်သောက်၊ တကြွပ် ကြွပ်ဝါးနှင့် ၉-နာရီကျော်မှ ထဖြစ်ကြသည်။

အပြန်ကျတော့ ထုံးစံအတိုင်း လူစုတွေကွဲကုန်ကြပြီ။ ကိုစိုးစံ ဝင်းက ကျွန်တော်နှင့်အတူ လိုက်အိပ်နေသူမို့ ဘားလမ်းထိပ်က ၃၈ (သို့) ၄၉ ကားလေး ပတ်စီးဖို့ထွက်ခဲ့သည်။

ကမ္ဘာကြီးသည် ၃၂ ဒီဂရီထက် ပိုပြီး တိမ်းစောင်းသွားသလို ထင်ရ၏။ လူစုခွဲကြပြီ။ ကျွန်တော်နှင့် ကိုစိုးစံဝင်းကတော့နောက်ဆုံး ခွက်ကို ဗိမ်နဲ့တီးပြီးမှထမယ်ပေါ့။ နံရိုးနုကြော်တွေကလည်း ကျန်နေ သေးတာကိုး ကိုဌေးဝင်းရဲ့ စားပွဲထိုးကလေးတွေကတော့ အနိုင့်သိမ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးငြီးရင်း ခုံတွေသိမ်းနေကြပြီ။ ဒါပေမဲ့ သူတို့က "ဆရာတို့ အေးဆေးနော်ဆရာ၊ အေးဆေးသာသောက်" လို့ အားပေးတတ်ပါတယ်။

ဒါလည်း နှင်နည်းတစ်မျိုးပါပဲ။ ဒီတော့ ကျွန်တော်တို့လည်း ခွက်ထဲကလက်ကျန်ကို တရှိန်ထိုးမော့၊ နံရိုးနှုနှစ်ဖတ်စီလောက် ပါးစပ်ထဲထည့်ပစ်လိုက်ပြီး ဆိုင်ထဲကထွက်ခဲ့တယ်။

ပြဿနာက အဲဒီမှာ စတာပါပဲ။

မူးတယ် မမူးဘူးဆိုတဲ့ကိစ္စက ထိုင်နေတုန်းသာ သိပ်မသိသာတာ၊ ထရပ်ပြီး လမ်းလျှောက်တော့မှ သိတာဗျို့။ တော်တော်လေးမူးနေပြီဆိုတာကို သိရတော့ ကျွန်တော်ဟာ အာရုံတွေအားလုံးကို စုလိုက်ရတယ်။ လာစုတဲ့အာရုံတွေကလည်း မူးနေတဲ့ အာရုံတွေပေါ့ခင်ဗျာ။

ပထမဦးဆုံး ကျွန်တော် သတိထားမိတာက လက်ထဲက တစ်နေ့ကမှရထားတဲ့ Phone ပဲ။ ဒီတော့ ကျွန်တော့်ဟမ်းဘက်အိတ်ထဲကို သေသေချာချာထည့်၊ ဇစ်ကို သေသေချာချာပိတ်ပြီး ဟမ်းဘက်အိတ်ကို စလွယ်သိုင်းလွယ်လိုက်တယ်။ ပြီးပြီပေါ့။ ကျန်တာပျောက်ချင်တာပျောက်ပါစေတော့။

ကျွန်တော်တို့ဘော်ဒါတွေနဲ့ စားနေသောက်နေကျတုန်းက ကျွန်တော့် Phone ကို တစ်ယောက်ယောက်ကဆက်စေချင်တာ အမှန်ပါပဲ။ ဒါပေမဲ့ ကျွန်တော့် Phone ကို ဘယ်သူကမှ မဆက်ကြဘူး။ Phone တွေကလည်း ရကာစ ပြောစရာအကြောင်းကလည်း မရှိကြ။ သူ့ Phone နံပါတ်လည်းကိုယ်မသိ ကိုယ့် Phone နံပါတ်လည်း သူမသိဆိုတော့ မဆက်ဖြစ်ကြဘူးပေါ့လေ။

၃၈-လမ်းဈေးက လူစုကွဲစပြုနေပါပြီ။ ပစ္စည်းသိမ်းတဲ့ လူတွေတောင်မှ သိမ်းနေပြီ။ ကိုစိုးစံဝင်းက ကျွန်တော့်ပုခုံးကိုဖက်ပြီး ထိန်းလျှောက်တယ်။ ပြီးတော့ ပြောသေးတယ်။

"ခင်ဗျား တော်တော်မူးနေပြီ. . . တဲ့"

ကိုယ့်ဘာသာမူးတာက တော်သေးတယ်။ သူလာဖက်တော့မှ ယိုင်ယိုင်သွားတဲ့ သူ့ခန္ဓာကိုယ်ကို လိုက်ထိန်းနေရတာကြာရင် နှစ်



ယောက်စလုံးလဲမယ့်ကိန်းပဲ။ ဒီတော့ သူ့ကိုပြောရတယ်။

"ကိုယ့်ဘာသာလျှောက်ဗျာ၊ လာမဖက်နဲ့၊ နှစ်ယောက်စလုံးလဲလိမ့်မယ်"

ဒီတော့လည်း ကိုယ့်ဆရာက ပုခုံးပေါ်ကလက်ကို ဖယ်ပါတယ်။ ၃၈-လမ်းထဲကနေ ကျွန်တော်တို့နှစ်ယောက် ပန်းဆိုးတန်းပွိုင့်ကိုသွားမယ်၊ အဲဒီကနေ သုဝဏ္ဏကိုကားငှားမယ်။ ဈေးလုံးဝမဆစ်ဘူး ကားပေါ်မှာ ဇိမ်နဲ့လိုက်သွားမယ်. . .။ အဲဒီအတွေးကလေး တွေးနေတဲ့အချိန်မှာပဲ. . .။

"ဟာ. . . ဟေ့လူ ကိုရဲ ကျွန်တော့်ဖိနပ်တစ်ဖက် မရှိတော့ဘူးဗျ"

"ဘာဖြစ်တယ်"

"ကျွန်တော့်ညာဘက်ကဖိနပ်တစ်ဖက် မရှိတော့ဘူးလို့ ပြောနေတာ"

"ဟာဗျာ. . . ခင်ဗျား တော်တော်ရူပ်တဲ့လူပဲ၊ ဆိုင်ကထွက်ကတည်းက မသိဘူးလား"

"သတိမထားမိဘူးဗျာ၊ ဒီလိုလုပ် ခင်ဗျားက ပန်းဆိုးတန်းကနေကားငှားပြီးစောင့်နေ၊ ကျွန်တော်က ဖိနပ်ပြေးယူလိုက်မယ်၊ ဟုတ်ပြီလား"

"ဒါပဲရှိတော့တဲ့ဟာ"

ထိုအချိန်မှာပင်. . .

"ဟောဒီမှာ ဖိနပ်တစ်ဘက်ဗျို့၊ ဖိနပ်တစ်ဘက် ဘယ်သူ့ဖိနပ်တစ်ဘက်လဲ"

"ဟာ. . . ကျွန်တော့်ဖိနပ်ပါ၊ ကျွန်တော့်ဖိနပ်ပါ. . ."

ကိုစိုးစံဝင်းက အားရဝမ်းသာကြီးကို ပြေးချသွားတော့ ကျွန်တော်လည်း နောက်ကလိုက်ရတာပေါ့ဗျာ၊ ဘယ့်နှယ်ဗျာ. . . ကိုယ့်ဖိနပ်ကျွတ်ကျလို့ကျမှန်းမသိအောင် မူးတာတော့ တရားလွန်တာပေါ့။

"ဒါ. . . နင့်ဖိနပ်ဆိုတာ သေချာတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ထောင်ထောင်မောင်းမောင်း ဒေါင်ကောင်းကောင်းမိန်းမကြီး လက်ညှိုးထိုးပြတဲ့နေရာကို ကြည့်လိုက်တော့ ကျွန်တော့်ကိုယ်စောင့်နတ်က နှလုံးသားကို မ,ပြီးလစ်ပြီ။ ကိုစိုးစံဝင်းရဲ့ဖိနပ်က ရှမ်းချဉ်ထည့်ထားတဲ့ဇလုံကြီးထဲမှာ ကွက်တိကြီးနစ်ဝင်လို့. . .။

"ကဲ. . . ဘာပြောင်းချင်သေးလဲ။ ဟိုဘက် တစ်ဘက်ချွတ်လိုက်စမ်း၊ တွေ့လား. . . အတူတူပဲ နင်တို့လျော်ပေတော့"

ကျွန်တော်တို့ ဘာမှမပြောင်းနိုင်တော့ဘူးလေ။ ဒီ ~သာက် ခိုင်လုံတဲ့သက်သေရဲ့ရှေ့မှာ ဘယ်လိုလုပ်ငြင်းလို့ရမှာလဲ။ ထုံးစံအတိုင်း လူတွေကလည်း အုံလာကြတယ်။

"ကျွန်တော်တို့ အမှတ်တမဲ့ဖြစ်တာပါဗျာ"

"အမှတ်တမဲ့တွေ အမှတ်တရတွေလုပ်မနေနဲ့၊ လျော်. . . လျော်ပြီးရင် တစ်ဗန်းလုံးယူသွားတော့. . ."

"ဒီလိုလုပ်ပါလား အန်တီရယ်၊ ဖိနပ်နဲ့ထိတဲ့ နေရာကလေးတွေကိုပဲ ဖယ်ပြီး ကျွန်တော်. . ."

"တော်ပြီ. . . သောက်ရည်ကျတော့ သောက်လာတယ်မဟုတ်လား၊ သောက်ရည်မူးပြီး လမ်းဘေးမှာ ဒါနဲ့လုပ်စားနေရတဲ့လူရဲ့ ဘဝကို ဖျက်မလို့လား. . . လျော်. . ."

"ဘယ်. . . ဘယ်လောက်လဲဟင်"

"ငါးထောင်. . ."

ဒုက္ခကရောက်ပြီဖြစ်သည်။

ကျွန်တော်က Hand Phone မွေးနေ့ပွဲမှာ ပါသမျှ လမ်းစရိတ်သာချန်၍ အကုန်သဒ္ဒါပွားခဲ့ရသဖြင့် ကျွန်တော့်ဆီမှာ နှစ်ထောင်လားကျန်တော့သည်။ ကိုစိုးစံဝင်းကတော့ လူမိုက်နဲ့ငွေ အတူမနေ၊ မဟုတ်ပါဘူး။ ပျော်ပျော်နေသူနဲ့ငွေ မတူမနေပါ။ ကျွန်တော် တောင်းပန်ရတော့မည်ဆိုတာကို သိလိုက်ပါပြီ။

"အန်တီရယ်. . . ကျွန်တော်တို့လည်း ငွေ ၂၀၀၀/- ပဲပါလို့ပါ။ ကျေနပ်ပါအန်တီရယ်. . . နော်. . ."



အန်တီကြီးက ကျွန်တော့်မျက်နှာငယ်ကလေးကိုတွေ့တော့ စိတ်မကောင်းဖြစ်သွားဟန်တူပါတယ်။

ကျွန်တော် ဗန်းထဲကဖိနပ်ကို ကုန်းကောက်မယ်လုပ်တော့. . .

"အမယ်. . . ဒါမျိုးမလုပ်နဲ့လေ၊ သက်သေကို သက်သေအတိုင်းထား၊ မကိုင်ပါနဲ့၊ နှစ်ထောင်ကတော့ နည်းတယ်ကွာ၊ နည်းနည်းတိုးပေးဦး"

ထိုသို့ ပြေလည်နေချိန်တွင် ကျွန်တော့်အိတ်ထဲက Hand Phone က ထမြည်လေသည်။

ဝိုင်းကြည့်နေကြတဲ့လူတွေအားလုံးရဲ့ မျက်လုံးတွေက ကျွန်တော့်ဆီကို "ဝုန်းခနဲ" ရောက်လာကြတာပေါ့ခင်ဗျာ. . .။

သောက်ကျိုးနည်း အဆက်ခံစေချင်တုန်းကတော့ မဆက်။ အသနားခံနေရချိန်ကျမှ. . .

"Hello"

"ကိုရဲ နင်က Hand Phone ကလေးလည်းရသွားရော ငါ့ကိုတောင် Phone လှမ်းခေါ်ဖို့ သတိမရတော့ဘူးပေါ့ ဟုတ်လား"

"အဲဒီလိုမဟုတ်ပါဘူး အစ်ကိုကြီးရာ"

"လုံးချင်း ဘယ်တော့အပ်မှာလဲ"

"နှစ်ရက်လောက်တော့ စောင့်ရဦးမယ်အစ်ကိုကြီး"

"အေး. . . အေး. . . ပြီးအောင်ရေး၊ ပြီးအောင်ချ. . . ဒါပဲ"

ကိုမျိုးဘက်က Phone ချသွားပြီဖြစ်ပြီဖြစ်သည်။ ထိုစဉ်မှာပင် ကျွန်တော်အကြံတစ်ခု ခေါင်းထဲရောက်လာရောဗျို့။

"ကိုရွှေထူးနည်း"

သူတို့ဘက်ကလည်း လာပါတယ်။ Hand Phone ကို တွေ့သွားပြီလေ. . .။

"ဟဲ့. . . သောင်းတင်ရဲ့၊ နင်ရူးနေလား၊ ဒီတစ်ဇလုံဟာ အနည်းဆုံး တစ်သောင်းလောက်ရှိတယ်ဆိုတာ နင်မသိဘူးလား အမူမရဲ့"



www.burmeseclassic.com

www.burmeseclassic.com

"ရှစ်ထောင်တော့ပေးရမှာပေါ့"

"အစ်ကိုကြီး. . . ကျွန်တော် ဒီမှာ ပြဿနာတစ်ခုတက်နေတယ်။ ကျွန်တော်တို့ နည်းနည်းပါးပါးသောက်ပြီး ပြန်လာတာ၊ ဆရာစိုးစံဝင်းက ရှမ်းချဉ်ဗန်းကြီးကို တက်နင်းမိလို့ သူတို့က အလျော်တောင်းနေတယ်"

". . ."

"ရှစ်ထောင်တဲ့. . ."

". . ."

"ဟုတ်ကဲ့. . . ပလက်ဖေါင်းပေါ်မှာပါ"

". . ."

"ခင်ဗျားတို့မှာ တရားဝင်ဈေးရောင်းချခွင့်လိုင်စင် ရှိလားတဲ့. . ."

တစ်သောင်းဝင်တောင်းသည့်ငတိနှင့် ရှစ်ထောင်အန်တီတို့ ဘာမှမပြောဘဲ ငြိမ်သွားတာပေါ့ခင်ဗျာ။

ဆရာစိုးစံဝင်းလို့ ပြောထားတော့ ဘာမှန်းလည်းမသိကြတော့ဘူးနဲ့တူပါရဲ့။

"ဘာမှမပြောဘူး အစ်ကိုကြီး"

". . ."

"ဟုတ်ကဲ့. . . အစ်ကိုကြီး၊ ကျွန်တော်တို့လည်း ဆိုင်မှာ ကျွတ်လာခဲ့တော့ နှစ်ထောင်လောက်တော့ ရှိပါတယ်။ ထားလိုက်ပါတော့ အစ်ကိုကြီးရယ်၊ ပြဿနာရှာမနေပါနဲ့တော့. . ."

". . ."

"ခင်ဗျားတို့နာမည် ဘယ်သူလဲ၊ ဘယ်မှာနေတာလဲတဲ့"

"ထားပါတော့ကွယ်၊ ပါတာပဲပေးခဲ့ပါ. . . ကိုယ့်ကံပေါ့"

"ရတယ်အစ်ကိုကြီး၊ လုပ်မနေပါနဲ့တော့၊ သူတို့လည်း ကျေနပ်သွားပါပြီ"

". . ."





"ပလက်ဖောင်းဆိုတာ လူသွားဖို့လုပ်ထားတာတဲ့၊ အဲဒီမှာ ချထားတဲ့ပစ္စည်းတွေ စည်ပင်နယ်နိမိတ်ကို ကျူးကျော်တာတဲ့၊ ဒါကို နိုင်ငံတော်က လူမှုရေးအရ လစ်လျူရှုပြီး အဖမ်းအစည်းမလုပ်တာတဲ့။ ကျွန်တော်လည်း အဲဒါတွေ သိပ်နားမလည်ဘူး။ ဒီတော့ အန်တီရယ်၊ ကျွန်တော်တို့မှာ ပါသမျှနဲ့သာ ကျေနပ်လိုက်ပါဗျာ. . . နော်"

"အေးပါကွယ်. . . အေးပါ"

(ကက) ကားပေါ်ရောက်တော့ လူရောစိတ်ပါ လျှော့ချလိုက်တော့ နုံးခွေ၍သွားတာပဲဗျာ. . .။

ပြူတင်းပေါက်ကတိုးဝင်လာတဲ့ လေမှာ လက်ကျန် မူးစကလေး တစ်စနှစ်စကိုတော့ မြူခွယ်ပြီးဇိမ်ရစ်ပေးနိုင်သေးလို့သာ တော်သေးတာ ကိုယ့်လူရေ. . .။

"ဟေ့လူ. . . ဒါ ကိုရွှေထူးနည်းမဟုတ်လား"

"နောက်. . . ခင်ဗျားမူးလာရင် အလယ်ကောင်လျှောက်ဗျာ၊ ဘေးကနေ မလျှောက်နဲ့"

"အေးဗျာ. . . ခင်ဗျားတို့ ဟမ်းဖုန်းမွေးနေ့က အပီကိုင်တာကိုးဗျ၊ ဒီတော့ ကျွန်တော်လည်း မျှားသွားတာပေါ့"

သူတင်မဟုတ်ပါ။ အဲဒီနေ့က ကျွန်တော်လည်း မျှားတာပါပဲ။ မျှားလို့သာ ဒီလို လိမ်သော၊ လှိမ့်သော မရိုးသားသောစကားတွေကို ပြောရဲတာပေါ့။ ကားဆရာကိုတော့ အိမ်ကိုရောက်မှပဲ ပိုက်ဆံတောင်းပေးလိုက်ရတယ်။

နောက်နေ့ကျတော့ ၃၈-လမ်းဈေးမှာအဲဒီအန်တီကြီးကို ရှာပါတယ်။ တွေ့တော့ ကျွန်တော်က ပိုက်ဆံသုံးထောင် ထပ်ပေးပါတယ်။ ဒါပေမဲ့ အန်တီကြီးက မယူဘူးခင်ဗျ။

"ယူပါအန်တီ. . .၊ အဲဒီနေ့က အန်တီတောင်းတဲ့ငါးထောင်က တန်ပါတယ်၊ ကျွန်တော့်မှာ ပိုက်ဆံ တကယ်မပါလို့ မပေးနိုင်တာပါ၊ ယူပါ. . . အန်တီ ရှမ်းချဉ်တွေအားလုံး သွန်ပစ်လိုက်သလား။

"ဖိနပ်နားတစ်ဝိုက်ကတော့ ဖယ်ပစ်ရတာပေါ့ကွယ်. . ."


www.burmeseclassic.com

www.burmeseclassic.com


"ယူပါ အန်တီရယ်၊ ရော့ . . . မနေ့က ကိုရွှေထူးနည်းသုံးလိုက်ရတာတော့ စိတ်မကောင်းပါဘူး။

"ဘာ. . . ကိုရွှေထူးနည်း. . . ဟုတ်လား. . . "

■

မှတ်ချက်

ယခု Hand Phone ကိုင်နေကြသောသူများ အလျဉ်းသင့်လျှင် သင့်သလို ကာတွန်း ကိုရွှေထူး (ပြည်) ၏နည်းကို အသုံးပြုနိုင်ပါသည်ခင်ဗျား. . . ။



မမှူးတဲ့ ပင်လယ်. . .


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဒီတစ်ခါတော့ ကာတွန်းဆရာတွေရဲ့မူးတာကို ခဏထားပြီး ကျွန်တော်လည်း နည်းနည်းကျင်လည်ခဲ့ဖူးတဲ့ ရုပ်ရှင်လောကရဲ့အကြောင်းကို ရေးချင်တာပါ။

ကျွန်တော်ရေးချင်တာက ရုပ်ရှင်လောကကအကြောင်း မဟုတ်ပါဘူး။ ရုပ်ရှင်လောကမှာ ခင်ခဲ့ရတဲ့ တစ်ယောက်နဲ့တစ်ယောက် နားလည်ခဲ့ရဘူးတဲ့ လူနှစ်ယောက်အကြောင်း ရေးချင်တာပါခင်ဗျာ။

အဲဒီလိုရေးလိုက်တော့ ကျန်တဲ့လူတွေမပါဘူးလားလို့ ပြောချင်တဲ့သူတွေက ပြောကြလိမ့်မယ်။ ကျွန်တော်က အားလုံးကို ချစ်ခဲ့ခင်ခဲ့တဲ့သူတွေပါ။ မောင်မိုးဆို အခင်ဆုံးပေါ့။ ဒါပေမဲ့ ဒီကိစ္စက ကျွန်တော်နဲ့ခင်တဲ့လူတွေ၊ ကျွန်တော့်မိတ်ဆွေတွေနဲ့ မဆိုင်ဘဲ သီးသန့်ဖြစ်ခဲ့တဲ့ ကြုံခဲ့ရတဲ့ ကိစ္စတစ်ခုမို့ပါ။

အခုလို အစချီတော့ ဘာတွေများလည်းလို့မတွေးပါနဲ့၊ ကျွန်တော် စပြောချင်တာ "ဘကြီးခိုင်" အကြောင်းပါ။ ဘကြီးခိုင်ဆိုတာ အခု ရုပ်ရှင်လောကမှာ "ဦးခိုင်တင်" ဆိုပြီး သရုပ်ဆောင်နေရတဲ့ ကျွန်တော်ချစ်သောသူပါ။

ငယ်ငယ်တုန်းက ပန်းချီခိုင်တင်ရဲ့ "ဂျစ်"ကို ကျွန်တော် တော်တော်ကလေး စွဲလန်းဖူးတယ်။ ငယ်စဉ်ဘဝဆိုတာက ကာတွန်းတွေနဲ့ပဲ





ရင်းနှီးရတာဆိုတော့ ကျွန်တော် ဒီဆရာ့ကို တော်တော်"ခိုက်"တယ်ဆိုပါတော့လေ. . ."

ဒါပေမဲ့ "ဆရာခိုင်" (ဒီလိုပဲခေါ်ပါရစေ) နဲ့ ကျွန်တော် စပြီးတွေ့ပုံက မမိုက်ဘူးခင်ဗျ။ အဲဒီတုန်းက မောင်မျိုးမင်း (ရင်တွင်းဖြစ်) ရိုက်တဲ့ ကျွန်တော်ကလည်း ဇာတ်ညွှန်းရေးခဲ့ရတဲ့ "နတ်သမီး" ဆိုတဲ့ ကားမှာတွေ့တာ. . .။

ကိုမျိုးမင်းကတော့ သူ့အလုပ်တွေနဲ့သူ ရှုပ်နေတာပေါ့လေ။ ဒါရိုက်တာဆိုတာ အားလုံးကို တာဝန်ယူထားရတာဆိုတော့ ဒီလိုပါပဲ။ ကျွန်တော်တို့လည်း ပြေးကြည့်ကြ၊ အခြေအနေအရ လိုအပ်တဲ့အကြံဉာဏ်လေးတွေ ပေးလိုက်ကြ၊ ကိုယ့်ထိုင်ခုံကိုယ်ပြန်ထိုင်လိုက်ကြနဲ့ပါပဲ. . .။

"မင်းက . . . ခိုင်တင်ဆိုတာကို ဘာကြိုက်တာလဲ"

ဒါက ဘကြီးခိုင်မေးတဲ့ စကားပါ။

"ကျွန်တော်က ပန်းချီခိုင်တင်ရဲ့ ကာတွန်းတွေထဲက ကောင်မလေးတွေအကြိတ်တာကို ကြိုက်တယ်။ ပြီးတော့ "ဂျစ်" က ဘာစကားမှမပြောဘဲ လှည့်ထွက်သွားတာကို ကြိုက်တယ်"

"ဒါဆို. . . ဟုတ်ပြီကွာ. . ."

ဘကြီးခိုင်ကလည်း သောက်၊ ကျွန်တော်ကလည်းတီးနဲ့ အဲဒီနေ့ညက ရိုက်ကွင်း ဘယ်လိုပြီးသွားလိုက်မှန်းတောင် မသိလိုက်ပါဘူး။

တော်ပြီလေ. . .။

ကျွန်တော့်ဘဝမှာ ငယ်ငယ်လေးကတည်းက လူချင်းမသိဘဲ တိတ်တိတ်ကလေး ခင်ခဲ့ရတဲ့သူနဲ့ ဆုံခဲ့ရတာမဟုတ်လား။ ကျွန်တော် အဲဒီညရဲ့မူးရစ်မှုကို ကျေနပ်ခဲ့ပါတယ်။

အဲဒီလိုတွေရေးနေတော့ ကျွန်တော့်ကို "ဆရာခိုင်တင်" ဆိုတဲ့ "ဘကြီးခိုင်"အကြောင်း ပြောပြလိမ့်မယ်လို့ ထင်မလား. . .။

ကျွန်တော်ရေးချင်တာက "ဘကြီးခိုင်" အကြောင်း မဟုတ်ပါဘူး။ ဒါပေမဲ့ "ဆရာခိုင်"တော့ အခုပြောမယ့်ထဲမှာ ပါပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ ချောင်းသာကိုသွားကြတော့ ပင်လယ်ပြင်မှာ ဇာတ်လမ်းတွေဆင်မယ်ဆိုတဲ့ စိတ်နဲ့ပါ။ ကျွန်တော်ဟာ ချောင်းသာကမ်းခြေကို မောင်မိုးနဲ့လည်း အကြိမ်ကြိမ်ရောက်ခဲ့၊ မောင်မျိုးမင်း (ရင်တွင်းဖြစ်)နဲ့လည်း အကြိမ်ကြိမ် ရောက်ဖြစ်ခဲ့တဲ့ငတိပါ။

ဒါပေမဲ့ ဒီတစ်ခါထူးတာက ကျွန်တော် ချောင်းသာကို စာရေးစရာ ဘာမှမပါဘဲနဲ့ စိတ်လွတ်ကိုယ်လွတ်လာရတာပါ။ တာဝန်မရှိဘဲ အလကားပါလာတဲ့သူဆိုပါတော့။

ကိုမျိုးမင်းကတော့ ကားရိုက်ရှိတော့ ဒါရိုက်တာတွေရဲ့ စိတ်ပူခြင်းမျိုးနဲ့ စိတ်ပူရတာပေါ့လေ. . . ။

အဲဒါလေးတော့ ကျွန်တော်ရှင်းပြချင်ပါတယ်။ ဒါရိုက်တာတွေမှာ သူတို့လုပ်ချင်တာနဲ့ ဖြစ်သွားတာနဲ့ မမျှကြပါဘူး။ ဒါကို ကျွန်တော်က ဘေးကနေတဲ့သူမို့ နားလည်တာပါ။ အဲဒီစကားဟာ ဒါရိုက်တာဆိုတဲ့ ယူတိုင်းကို ပြောတဲ့စကားပါ။ ကျွန်တော်တို့ ဇာတ်ညွှန်းတို့၊ ဝတ္ထုတို့ ရေးတဲ့သူဆိုရင် ပိုဆိုးတာပေါ့။ ဘယ့်နှယ့် ကိုယ်ဖြစ်ချင်သလိုဖြစ်ပါ့မလဲ။ ဘယ့်နှယ် ကိုယ်လုပ်ချင်သလိုလုပ်လို့ရပါ့မလဲ။

အဲဒီတော့ ကျွန်တော်တို့က ဝိုင်းကလေးထိုင်တာပေါ့ဗျာ။

ဝိုင်းကလေးဆိုလို့ လူတွေအများကြီးမထင်နဲ့ဗျို့။ ကျွန်တော်ရယ်၊ ဘကြီးခိုင်ရယ် Rum တစ်လုံးနဲ့ ပင်လယ်ကြီးကို ကစ်ပစ်လိုက်မယ်ဆိုတဲ့ အမြည်းနဲ့. . . ။

မဟုတ်ပါဘူး. . . ။

ကျွန်တော်တို့ရဲ့ အကောင်းဆုံးအမြည်းက စကားပြောခြင်းပါ။ စကားပြောရတာလောက် ကောင်းတဲ့အမြည်းမရှိပါဘူး။

ကိုယ် စကားပြောချင်တဲ့သူနဲ့ ပြောလိုက်ရတာလောက် ကောင်းတဲ့အမြည်းက ပိုပြီးတော့မရှိပါဘူး။ ဒီတော့ ကျွန်တော်တို့နှစ်ယောက်က အဲဒီတုန်းက ပင်လယ်ရယ်. . . Rum ရယ်နဲ့ ငြိမ့်နေတာပေါ့ခင်ဗျာ။

အဲဒီအချိန်မှာ ထူးထူးခြားခြား ကိုမျိုးကဆင်းလာတယ်ခင်ဗျ။ သူ့ကိုကြည့်တော့လည်း ညဝတ်အင်္ကျီကြီးနဲ့။ ဒါပေမဲ့ သူက ပြုံးပြုံးရွှင်





ရွှင်ပါပဲ။ မင်းသား မင်းသမီးတွေကို နှုတ်ဆက်ပြီးတော့ ကျွန်တော်တို့ဝိုင်းကိုဝင်ထိုင်ပါတယ်။

ကျွန်တော်တို့ဝိုင်းဆိုတာက ချောင်းသာကမ်းခြေမှာရှိတဲ့ "ရွှေပင်လယ်"ဆိုတဲ့ဆိုင်ပါ။ အခုတော့ မရှိတော့ပါဘူး။

ကိုမျိုးမင်းဝင်ထိုင်ကာစမှာ ကျွန်တော်တို့က နောက်ထပ် "ဂျင်" တစ်လုံး ထပ်မှာတယ်။ အမှန်ကတော့ Rum မရှိတော့လို့ပါ။ ဒါပေမဲ့ ကိုမျိုးမင်းကတော့ မသိဘူးခင်ဗျ။ ရှေ့ကိုရောက်လာတဲ့ ပုလင်းကိုကြည့်ပြီး ကျွန်တော့်ကိုမေးတယ်။

"ဒါ. . . ဘာလဲ. . . ကိုရဲ"

"ဂျင်"

"မူးလား"

"မမူးပါဘူး. . . "

ဘကြီးခိုင်က ကျွန်တော့်ကို တစ်ချက်လှမ်းကြည့်ပါတယ်။

အဲဒီအကြည့်ကို ကျွန်တော်သိတာပေါ့။

"မလုပ်နဲ့" ဆိုတဲ့အကြည့်ပါ။ ဒါပေမဲ့ ကိုမျိုးမင်းက ပုလင်းကိုကိုင်ကြည့်နေပြီဆိုတော့ ပင်လယ်ကြီးနဲ့ ကျွန်တော်တို့ပဲ မိတ်ဆွေဖြစ်လို့ ဘယ့်နှယ့်ရပါ့မလဲ။ ဘယ်တရားပါ့မလဲ။ ဒါနဲ့ ကိုမျိုးမင်းကို တစ်ခုတော့ ပြောရတယ်။

"အစ်ကိုကြီးက တစ်ခါမှသောက်တဲ့လူမဟုတ်တော့ မသောက်နဲ့ဗျာ"

"ခင်ဗျားတို့က ဘာသဘောလဲဗျ"

"မဟုတ်ပါဘူးကွာ၊ မင်းကို မတိုက်ချင်လို့မဟုတ်ဘူး၊ မမူးစေချင်လို့ပါ၊ မနက်ကျတော့ မင်းမှာ အလုပ်ရှိတယ်လေ"

"ကျွန်တော် သိပါတယ်၊ ကဲ. . . ထည့်ပါဗျာ"

ကျွန်တော်နှင့်ဘကြီးခိုင်သည် အချင်းချင်းကြည့်လိုက်ကြပြီး တစ်ခုခုသဘောတူလိုက်ကြရသည်။ ထိုသဘောတူညီမှုသည် နားလည်မှု တစ်ခုလည်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

လူတစ်ယောက်ကို ထွက်ပေါက်မပေး၍မရပါ။ ကျွန်တော်တို့လို အနုပညာသည်များမှာ ထွက်ပေါက်သည် ပို၍လိုအပ်သည်ဆိုတာကို ကျွန်တော်တို့အချင်းချင်း သိလိုက်ကြပါသည်။ သူ တစ်ခါမှမသောက်ဖူးသော "ဂျင်" တစ်ပိုင်းကို တစ်ယောက်တည်း အေးအေးဆေးဆေးပင် "ကစ်"၍သွားသည်။

ကျွန်တော်တို့ အံ့သြရုံမှတစ်ပါး အခြား ဘာမှမရှိ။

ပြီးတော့မှ ကိုမျိုးမင်းသည် သူ့အခုရိုက်နေသော ကားအကြောင်းကို လုံးစေ့ပါတ်စေ့ တစ်ခွန်းမကျန်ပြောပြပြီး သူဖြစ်ချင်တာကိုလည်း ပြောလိုက်သေးသည်။ ဒီတော့ ကျွန်တော်တို့နှစ်ယောက် ကိုမျိုးမင်းကိုကြည့်ကာ ဘာမှမပြောဖြစ်ကြတော့. . .။ သူ မူးတယ်ဆိုတာကို ယုံဖို့ခက်နေကြသည်။

နေ့အချိန်တွင်ပင် ကိုမျိုးမင်းက အလုပ်တာဝန်တွေကို ခဏထားပြီး လက်ရှိဘဝထဲကို ပြန်ရောက်လာသလိုမျိုး ကျွန်တော်တို့ကို မေးသည်။

"ခုနက ဘာလဲဗျ"

"ဂျင်. . . ပါ"

"ဩော်. . . တော်တော်ပျော့တာပဲ၊ ကျွန်တော်ကတော့ ဘယ်လိုမှမနေဘူး၊ ကျွန်တော် မမူးဘူးဗျ"

"ဟုတ်ကဲ့. . ."

"ကျွန်တော် မမူးဘူးဆိုတာ. . . မမူးဘူး"

"အေး. . . ကောင်းတာပေါ့ကွာ၊ ငါတို့ကတော့ မူးနေပြီ"

"ကျွန်တော်. . . မ. . . မူး. . . ဘူး. . . ကိုရဲ"

"ဟုတ်ကဲ့၊ ကောင်းတာပေါ့ဗျာ"

"ကျွန်တော်. . . မ. . . မူး. . . သေး. . . ဘူး. . . "

ကျွန်တော် မမူးဘူးဆိုသောစကားကို ကိုမျိုးမင်းက ကျွန်တော်တို့ မရေတွက်နိုင်လောက်သော အကြိမ်အထိပြောပြီး ညဘက်မို့ လှိုင်းသံတွေသာကြားပြီး ဘာမှမမြင်ရတော့သော ပင်လယ်ကြီးကိုကြည့်ပြီး





သူ့အခန်းသူ ပြန်သွားသည်။ ကျွန်တော်တို့နှစ်ယောက်ကတော့ "ဂျင်" တစ်ပြားလုံးကို "ကစ်"သွားပြီး ဒီလိုနေနိုင်သူကို အံ့သြ၍သာ ကျန်နေခဲ့သည်။

"မင်း. . . ခေါ်ဖို့မသင့်ဘူး"

ဘကြီးခိုင်က ကျွန်တော့်ကိုဆူသည်။

"သူ့သဘောနဲ့သူ လာတာပါဗျာ"

"သူက သောက်တတ်တာမှမဟုတ်ဘဲ၊ ငါတို့တွေက ဘာအရေးလဲ၊ မူးပြီး ကြိုက်တာလုပ်လို့ရတာပဲ"

"ကျွန်တော်လည်းမခေါ်ပါဘူး"

ဒီတော့မှ ဘကြီးခိုင်သည် ကျွန်တော့်လက်ကိုဆွဲနှုတ်ဆက်သည်။

ပြီးတော့ ကျွန်တော်က "ဂျင်"တစ်ပြားထပ်မှာသည်။ သကြားနှင့်သံပုရာသီးလည်း မှာသည်။ "ဂျင်"သည် သကြား၊ သံပုရာသီးကလေးဖြင့်သောက်လျှင် ငြိမ့်၏။

ချောင်းသာကမ်းခြေသည် မှောင်မဲလျက်ရှိသည်။ သို့သော် ကိုယ့်ဆရာတို့ကမ်းခြေမှာ လမ်းလျှောက်ကြမည်ဆိုလျှင်တော့ ပင်လယ်မှာသာသော လမင်းသည် အချင်းချင်းမြင်အောင် လင်းပေးပါလိမ့်မည်။

ကျွန်တော်တို့လည်း ထိုအတိုင်းပင်ဖြစ်သည်။

ကျွန်တော်သည် ကိုမျိုးမင်းနှင့် ခင်ကာစကတည်းက အရက်သောက်ခဲ့သည်။ သို့သော် ကျွန်တော် အလုပ်ကိုတော့မပျက်ကွက်အောင် ကြိုးစားခဲ့သည်။

ထို့ကြောင့်လည်း ကိုမျိုးမင်းသည် သူ့ရှေ့တွင်ရော၊ သူ့ကွယ်ရာတွင်ရော ကျွန်တော်သောက်ခဲ့သော အရက်များကို ဥပေက္ခာပြုထားခဲ့သည်။ ဒါမှမဟုတ် နားလည်ထားခဲ့သည်ထင်ပါသည်။

ဘကြီးခိုင်နှင့် ကျွန်တော် တိတ်ကစ်ကြသောနေ့တွေလည်း ရှိ၏။

ဒါပေမဲ့ အခုတော့ ဘကြီးခိုင်သည် လုံးဝ အရက်မသောက်



www.burmeseclassic.com

www.burmeseclassic.com


တော့။ သူ့ကို ဆရာဝန်ကတားသဖြင့် မသောက်တာမဟုတ်တော့ဘဲ သူ့ကိုယ်သူက တားသဖြင့် မသောက်တော့တာဖြစ်ပါလိမ့်မည်။ ကျေးဇူးပါ ဘကြီးနိုင်။

ကျွန်တော်သည် ယခု ဒီအကြောင်းများကိုရေးရခြင်းမှာ နာမည်တွေကြောင့်လည်းမဟုတ်ပါ။

အခြေအနေတွေကြောင့်လည်း မဟုတ်ပါ။

ကျွန်တော် ကြုံတွေ့ခဲ့ရသော အံ့ဩစရာကောင်းသည့် ဖြစ်ရပ်များကို ကျွန်တော်မှတ်မိသမျှ ပြန်လည်၍ မှတ်တမ်းကလေးတစ်ခု တင်ခြင်းသာဖြစ်ပါသည်။

ထိုမှတ်တမ်းကို အပြစ်ဆိုလျှင် ဆိုနိုင်ပါသည်။

ထိုကိစ္စများသည် လွန်ခဲ့သော (၁၀)နှစ်ခန့်က ကျွန်တော်တို့ချင်းချစ်ခင်ရင်းနှီးစွာဖြင့် ကြုံခဲ့ရသော ဘဝမှတ်တမ်းတစ်ခုသာ ဖြစ်ပါသည် ခင်ဗျား. . .။

■



# "ခဲ" ကလေး



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ အသောက်သမားများသည် ခံစားချက်မျိုးစုံရှိပေရာ ထိုစိတ်ဖိစီးမှုများကို လွတ်စေရန်အတွက် အရက်ကလေးကိုတော့ အဖော်ပြုရပါသည်။ ခံစားချက်ဆိုသော်လည်း ကျွန်တော်ကတော့ ချဲ့သင့်သောခံစားချက်ကိုချဲ့ကာ လျှော့သင့်သောခံစားချက်ကို လျှော့တတ်သော အလေ့အကျင့်ကလေး လုပ်၍ထား၏။

တစ်ခါတစ်လေတော့လည်း ထိုအလေ့အကျင့်သည် ကောင်းမလိုလိုနှင့် မကောင်းမှန်း ကျွန်တော်သိပါသည်။ ည တစ်နာရီလောက်ကျမှ စာထရေးသည့်အခါ ရေးနေသည့်ဘော(လ်)ပင်က မှင်မလိုက်တော့သဖြင့် ကျန်သော ဘော(လ်)ပင်များကို စမ်းရေးသည့်အခါတွင်လည်း ထိုနည်းအတိုင်းဖြစ်နေသဖြင့် ကျွန်တော့စားပွဲတွင်ထားသော ဘော(လ်)ပင်များကို ကြည့်သည့်အခါ ရေးနေကျဘော(လ်)ပင်သည် မရှိတော့ကြောင်းကို သိသည်နှင့် ကုတင်ပေါ်မှာ ဇိမ်နှပ်ကြီးလုပ်နေသော ကျွန်တော့်၏ လေဒီချပ်ပြားကို နှိုး၍မေးရသည်။

"ဟေ့. . . ကောင် ဒီပေါ်ကဘော(လ်)ပင် မင်းယူသလား"

ကျွန်တော်က ဒေါသဖြင့်မေးသော်လည်း အမေးခံရသော လေဒီချပ်ပြားမှာ လှုပ်ပင်မလှုပ်ဘဲ အိပ်နေမြဲဖြစ်သဖြင့် ကျွန်တော့ ဒေါသသည် နှစ်ဆတိုးသွားရလေပြီ။





ဒေါသနှစ်ဆတိုးသွားရခြင်းမှာ တော်ရုံလူသိရန် ခဲယဉ်းလိမ့်မည်ထင်သည်။

စာရေးဆရာသည် ဘာမှသေချာသူတစ်ယောက်မဟုတ်. . .။ သူ့စိတ်ကူးထဲတွင်ရှိသော စကားလုံးများကို အသိနှင့်ယှဉ်ပြီး စိတ်နှင့်ဆုံးဖြတ်၍ လက်နှင့်ရေးရသောလူတစ်ယောက်သာ ဖြစ်သည်။ အသိစိတ်မှ အနှောင့်အယှက်ကင်းကင်းနှင့် ထွက်လာသော စကားလုံးများကို ဖမ်း၍ ရေးချရမည့်အချိန်တွင် ရေးရသော ဖောင်တိန်၊ ဘော(လ်)ပင်တို့ မကောင်းသည့်အခါ အသိစိတ်အတွင်းမှ နှလုံးသားအတွင်းထဲမှ ထွက်လာသော စကားလုံးများ၊ ဝါကျများသည် ဘယ်ကိုရောက်သွားမှန်းမသိ။ ပျောက်သွားလေ့ရှိ၏။

တစ်ခါတစ်ရံ ကိုယ့်စာကိုယ်ပြန်ဖတ်ပြီး. . .

"ဩော်. . . ဒါ ဒီနားမှာ ဒီလိုရေးသင့်ပါရက်နဲ့ ဘာဖြစ်လို့မရေးနိုင်တာလဲ"

ဟု နောင်တရသည့်အခါမျိုးတွင် ထိုဝါကျကိုအရောက်၌ ဘယ်သူက နှောင့်ယှက်သည်ဆိုသည်ကို ကျွန်တော် ပြန်၍ ခံစားမိပါသည်။

အခုလို စာအုပ်ထွက်ပြီးကာမှ (သို့မဟုတ်) မဂ္ဂဇင်းတွင်ပါပြီးကာမှ ထိုကိစ္စကို ဒေါသတကြီးသွားပြောနေလျှင်လည်း နှောင့်ယှက်မိသောသူက မှတ်ပင်မှတ်မိလိမ့်မည်မဟုတ်ချေ။ သူတို့က သိလည်းမသိ ခံလည်းမခံစားတတ်သူများ ဖြစ်၏။

ကျွန်တော့်ဘဝတွင် ထိုကဲ့သို့အဖြစ်မျိုးဖြစ်ခဲ့သည်မှာ အလွန်ပင်များလှပါသည်။ ထိုခံစားချက်များကို စုပုံထားခဲ့၍လားမသိ။ ယခု ဒေါသက နှစ်ဆတိုးသွားခြင်းဖြစ်သည်။

ကိုယ်က ကိုယ့်ခံစားချက်နှင့်ကိုယ် ဒေါသနှစ်ဆတိုးနေသော်လည်း သူကတော့ ဇိမ်နှပ်ကြီးပင်ဆက်လုပ်နေသဖြင့် ဒေါသသည် သုံးဆ၊ လေးဆ၊ ငါးဆ. . . တိုး၍တိုး၍သွား၏။

ထိုဒေါသနှင့်ပင် ကျွန်တော်သည် ကုတင်ပေါ်တွင် ဇိမ်နှပ်ကြီးလုပ်နေသော လေဒီချပ်ပြားဆီသို့ရောက်သွားပြီး ဇိမ်နှပ်ကြီးလုပ်နေ



www.burmeseclassic.com

www.burmeseclassic.com

သော သူ့ကို ဆွဲပြီး ပက်လက်လှန်လိုက်သည်နှင့် သူလည်း နှပ်နေရာမှ နိုးပြီး "ဘာလဲ" ဟု မေး၏။

"ဘာကမှာလဲ၊ ဘော(လ်)ပင်ကွ၊ ဘော(လ်)ပင်. . . မင်း ငါ့ ဘော(လ်)ပင်ကို ဘယ်မှာထားသလဲ"

"အမလေး. . . ဖြစ်မှဖြစ်ရလေ၊ ဒီဘော(လ်)ပင်အတွက်နဲ့များ ဒီလောက် ဒေါသတကြီးနဲ့၊ ဒီမှာ အိပ်နေတာမတွေ့ဘူးလား"

"အေး. . . အိပ်နေတာကိုတွေ့လို့ ဒေါသပိုထွက်တာဟေ့၊ တကယ်ဆို ကိုယ့်ယောကျ်ားက စာရေးနေတဲ့အခါ ခြင်ဆေးကလေးထွန်းပေးတာတို့၊ ကော်ဖီကလေးဖျော်ပေးတာတို့နဲ့ အနားမှာနေပါလား၊ အခုတော့ မင်းက ငါးခူငပိကောင်လို အိပ်ယာပေါ်မှာအိပ်နေတော့"

"ရှင်. . . ကျွန်မကို မိုက်မိုက်ရိုင်းရိုင်း စကားမပြောနဲ့နော်"

"ဟေ့ကောင်. . . ငါ မင်းကိုပြောတဲ့အထဲမှာ ဘာရိုင်းတာပါလို့လဲ"

"ငါးခူငပိကောင်ဆိုတာပေါ့"

"မင်း. . . ဒါကို ခံစားတတ်တယ်ဆိုရင် မဆိုးပါဘူး"

"တော်ပြီ. . . ရှင်နဲ့နေရတာ အပိုပဲ၊ ကျွန်မဘဝကို ကျွန်မ လျှောက်မယ်၊ ညအချိန်မတော်ကြီးကျမှ ဘာမှမဟုတ်တဲ့ ဘော(လ်)ပင် တစ်ချောင်းနဲ့ ပြဿနာရှာတယ်။ အဲဒီလို ပြဿနာရှာမယ်ဆိုတာ ကျွန်မက အစကတည်းကသိပြီးသား"

"ဟေ့ကောင်. . . မင်းစကားကိုကြည့်ပြော၊ ငါ စာရေးတယ်ဆိုတာ ငါတစ်ယောက်တည်းအတွက် မဟုတ်ဘူး။ အားလုံးအတွက် ရေးနေတာ၊ ငါစာရေးတုန်းမှာ ငါရေးနေကျ. . ."

"အမလေး. . . သိပ်ပါတော်၊ သိပ်ပါ၊ ရှင့်မိဘအတွက် ရှင့်အမျိုးတွေအတွက် ရှင်လုပ်ချင်ရာလုပ်ဖို့အတွက်ပဲ ရှင်စာရေး. . ."

ဘော(လ်)ပင်ကိစ္စပျောက်သွားပြီး အခြေအနေက ရှုပ်ထွေးသွား၏။

ကျွန်တော့်မိခင်က ဝင်ပါလာပြီး. . .





"ဟဲ့. . . မိဘကိုလုပ်ကျွေးတာ နင်က နာနေရသေးသလား"

ဟု အော်ဟစ်၍ မိန်းမနှစ်ယောက် ပါးစပ်ထဲရှိရာ စကားများကို သံပြိုင်ဟစ်ကြပါတော့သည်။

ကျွန်တော်စတင်ခဲ့သော မူရင်းကိစ္စသည် ဘယ်ကိုရောက်လို့ ရောက်သွားသည်ဆိုတာကို မသိနိုင်တော့လောက်အောင်ပင်။ မိခင်နှင့် ဇနီး၏စကားများက ကျွန်တော့်မူရင်းကိစ္စနှင့် ဝေးသည်ထက်ဝေး၍ ဝေး၍ သွားကုန်ကြပြီး သူတို့ပြောချင်တာတွေကိုသာ ပြောနေကြတော့သည်။

ဥပမာဆိုရလျှင် ဆိပ်ကမ်းမှ တရွေ့ရွေ့နှင့်ခွာသွားသော သင်္ဘောကိုမမီလိုက်သည့် ခရီးသည်က ထိုသင်္ဘောကို လှမ်းငေးရင်း . . .

"ဪ. . . ငါ ဆယ်မိနစ်လောက်သာစောမိခဲ့လျှင် အကောင်းသား"

ဟု နောင်တရနေပုံမျိုးနှင့် တူပါသည်။

"မနေဘူး. . . ငါ ဒီအိမ်မှာမနေဘူး၊ ဘော(လ်)ပင်ကလေး တစ်ချောင်းနဲ့ ပြဿနာအရှာခံရတဲ့အိမ်မှာ မနေဘူး၊ ငါ့မှာလည်း ဆွေနဲ့ မျိုးနဲ့ရှိတယ် မှတ်ထား. . ."

"အေး. . . မနေချင်ရင် သွားပေါ့ဟဲ့၊ ဒါ ငါ့အိမ်၊ နင်မနေချင်ရင် မနေနဲ့"

ကျွန်တော် နောက်ထပ် အရက်တစ်ခွက်ကို မြန်မြန်လေး ကစ်လိုက်ရသည်။ လေဒီချပ်ပြားက ဘာတွေမှန်းမသိ ပြောနေသေး၏။ ကျွန်တော် ကြားလည်းမကြားချင်တော့။ သိလည်းမသိချင်တော့ဘဲ ကျွန်တော့် ရေးလက်စဝတ္ထုကလေးအတွက် ပျောက်ဆုံးသွားသော အကြောင်းအရာများ၊ ပျက်စီးသွားသော စကားလုံးများ၊ မျှော်လင့်တကြီး ယုံကြည်ထားသော ခံစားမှုများကိုသာ နှမြောလျက်နှင့် အိပ်ပျော်၍သွားသည်။

မနက်မိုးလင်းတော့ ဇနီးသည်မရှိတော့။ အိမ်ပေါ်မှဆင်းသွားပြီ. . .။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်ဇနီး လေဒီချပ်ပြား အိမ်ပေါ်မှဆင်းခြင်းသည် ယခု တစ်ကြိမ်တည်းမဟုတ်ဘဲ အရင်ကလည်း ကြိမ်ဖန်များစွာဆင်းခဲ့ဖူး သဖြင့် ကျွန်တော့်မှာ အလေ့အကျင့်ရနေသလိုဖြစ်ပြီး ထူးထူးထွေထွေ စိတ်ထဲမှာ မခံစားရတော့ပါ။ ကျွန်တော့် ရေးလက်စလုံးချင်းဝတ္ထု ကလေးကို ဆက်၍မရေးနိုင်ခြင်းကိုသာ စိတ်ထဲတွင် ဝမ်းနည်းလျက်ရှိ နေပါသည်။

•

ထို့ကြောင့် ကျွန်တော်သည် ကျွန်တော်တို့ရပ်ကွက်ထိပ်က ဆိုင် ကလေးသို့ ရောက်ခဲ့ခြင်းဖြစ်သည်။

ကျွန်တော်သည် ဘာမဟုတ်တာကလေးနှင့် ပြဿနာရှာသည် ဟု တစ်အိမ်လုံးက ထင်ကောင်းထင်ကြပါလိမ့်မည်။ မဟုတ်ပါ။ ထို အချိန်တွင် ထို ဘော(လ်)ပင်သည် ကျွန်တော့်အတွက် အလွန်အရေးကြီး သော ကိစ္စဖြစ်နေသည့်အတွက် ထိုသို့ဖြစ်ရခြင်းဖြစ်ပါသည်။ ကျွန် တော် လျှော့သောအရာတွေကို လျှော့ခဲ့ပြီးပါပြီ။ ကျွန်တော် ချဲ့သင့်သောအရာ (ကျွန်တော့်စိတ်ထဲတွင် အဓိကဖြစ်သောအရာ) ကိုတော့ သူတို့မသိကြ သည့်အတွက် ကျွန်တော် ဝမ်းနည်းမိပါသည်။

ကျွန်တော် ယခု ဘော(လ်)ပင်ဆယ်ချောင်း ဝယ်လာခဲ့သည်။

ထိုဘော(လ်)ပင်ဆယ်ချောင်းနှင့် ကျွန်တော်သည် ကျွန်တော် တို့လမ်းထိပ်က အရက်ဆိုင်ကလေးသို့ဝင်လာပြီး ဘီအီးတစ်စိတ်ကို မှာ သည်။ ပြီးတော့ အမြည်းဘာစားမလဲဆိုသည့်အတွက် လျှာကိုထိမှ ကြိုက်တတ်သော ကျွန်တော်သည် ပဲခြမ်းသုတ်ကို ရှောက်သီးညှစ်၊ ကြက်သွန်နီများများထည့်သုပ်ပေးရန် ဖြစ်သည်။

"ခေါင်းသုပ်ရတယ်ဆရာ. . . စားဦးမလား"

ထိုဆိုင်ကလေး၏နာမည်ကြီးခြင်းမှာ ဝက်ခေါင်းသုပ်ကောင်း ခြင်းကြောင့်ဖြစ်သည်ကို ကျွန်တော် သိသည့်အတွက် သူစကားကို





စဉ်းစားမနေတော့ဘဲ သဘောတူလိုက်ပါသည်။

"ငါ့ကို နားရွက်ကလေး များများပိုထည့်ကွာ"

"ဟုတ်ကဲ့. . . ဆရာ"

ဘီအီး တစ်စိတ်ရောက်လာတော့ ကျွန်တော် မသောက်သေးဘဲ ဆိုင်ထဲကလူတွေကိုသာ လျှောက်ကြည့်နေမိရင်း အခုချိန်ဆိုလျှင် ၃၃- လမ်းမှာတော့ လူစုံလောက်ပြီဟု တွေးနေမိသည်။ ကျွန်တော် ၃၃- လမ်းကိုသွားခဲ့လျှင် အခုလို ခြောက်သွေ့နေမည်မဟုတ်။

ကျွန်တော့်ကိုခင်သော ကျွန်တော်ကခင်သော ရေးဖော်ရေး ဖက်၊ သောက်ဖော်သောက်ဖက်များနှင့် ပျော်ပျော်ရွှင်ရွှင်ရှိမှာ ကျိန်းသေ သော်လည်း ကျွန်တော့်စိတ်က သွားချင်စိတ်မရှိဘဲ စာရေးချင်စိတ်သာ ရှိနေသဖြင့် ကိုယ့်အိမ်ရှေ့လမ်းကလေးရှိ ဆိုင်ကလေးမှာပင် ဒီနေ့ညနေ အတွက် "ကစ်ပြီး" စာပြန်ရေးဖို့ စိတ်ကူးရှိသောကြောင့်ဖြစ်၏။

ကျွန်တော်တွေးနေတုန်းမှာပင် ပဲခြမ်းသုပ်ရောက်လာသဖြင့် ကျွန်တော် ရှေ့ကလစ်ပိုပုလင်းထဲတွင်ရှိသော ဘီအီးကို ဖန်မြေမှန်မြေ မှထုတ်ပြီး အကြိမ်တစ်သန်းလောက် အသုံးပြုထားရဟန်တူသော ဖန် ခွက်ကလေးသို့ ထည့်လိုက်၏။

"လစ်ပိုယူဦးမလား ဆရာ"

"အေး. . . ယူကွာ. . ."

"တစ်ဖုံးလား. . . နှစ်ဖုံးလားဆရာ. . ."

ကျွန်တော် စိတ်ညစ်နေရသည့်အထဲ ကိုယ့်အတွေးနှင့်ကိုယ်မနေရ အောင် ဒီစားပွဲထိုးကလေးက လုပ်နေသဖြင့် ကျွန်တော်လည်း ကော်ရော့ ပြောလိုက်ခြင်းသာဖြစ်ပါသည်။ ကျွန်တော်သည် မည်သူ့ကိုပင်ဖြစ်စေ ထို "လေ"မျိုး၊ ထိုအမူအယာမျိုးကို ပြောခဲလှပါသည်။

ခဏလေးကြာတော့ ကျွန်တော့်ဖန်ခွက်ထဲမှာ လစ်ပိုရောထား သော ဘီအီးတစ်ခွက်သည် အဆင်သင့်ဖြစ်နေပြီဖြစ်သည့်အတွက် ကျွန် တော် ဖန်ခွက်ထဲကဘီအီးကိုတစ်လှည့်၊ အပြင်မှာ ညနေရီနေရောင်အ အလင်းဖျော့စဖြစ်နေသော အရောင်ကိုတစ်လှည့်ကြည့်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com

"အင်း. . . အတူတူပါပဲလား"

ဟု တွေးပြီး ရှေ့ကခွက်ကို ကောက်မော့ပစ်လိုက်၏။

ပြီးတော့ ဝယ်လာသည့်ဘော(လ်)ပင်တွေကို ထုတ်ကြည့်ရင်း ပဲခြမ်းသုပ်ကိုစားသည်။ ဘီအီးနောက်တစ်ခွက်ကို ထပ်ထည့်သည်။ ထိုအချိန်တွင် ဝက်ခေါင်းသုပ်ရောက်လာပြီး စားပွဲထိုးကလေးက ကျွန်တော့်ကိုပြောသည်။

"ဆရာ. . . ရှယ်ပဲဆရာ၊ ဆရာ့အတွက်မို့လို့ ရှယ်ကြီးကို သုပ်နိုင်းလိုက်တာ၊ နည်းနည်းတော့ကြာသွားတယ်ဆရာ"

"ရပါတယ်ကွာ"

"ဘော(လ်)ပင်တွေများလိုက်တာ ဆရာ၊ ဆရာ စာရေးတော့မလို့လား"

ဒီတော့မှ ကျွန်တော် စားပွဲထိုးကလေးကို သေသေချာချာကြည့်မိသည်။

သူက ကျွန်တော် စာရေးဆရာဆိုတာကို သိနေသဖြင့် ကျွန်တော် ဘာလုပ်ရမှန်းမသိဖြစ်သွား၏။ ကျွန်တော် ဒီဆိုင်ကို တစ်ခါမှ မလာဘူးပါ။ ဆိုင်လည်း မထိုင်ဘူးပါ။ ကိုယ့်လမ်းထိပ်ကဆိုင်ဖြစ်သဖြင့် ထိုင်လျှင် ရပ်ကွက်ထဲကလူတွေမြင်မှာ အိမ်ကသိမှာ စသည်ဖြင့် စိုးရိမ်သောကြောင့် ကျွန်တော်သည် အရက်သောက်ချင်လျှင် ကျွန်တော့်မိတ်ဆွေတွေရှိသော ၃၅-လမ်း၊ လမ်း-၄၀ တို့မှာပင် သွား၍သောက်တတ်သူဖြစ်ပါသည်။

ကျွန်တော်တို့ မြန်မာစကားပုံတွင် "သိသာသိစေ မမြင်စေနဲ့" ဟူသောစကားရှိသဖြင့် ကျွန်တော် အရက်မူးပြီးပြန်လာတာကိုသာ မိဘနှစ်ပါးက သိစေပါသည်။ ကျွန်တော် အရက်ဆိုင်မှာ အရက်ထိုင်သောက်နေတာကိုတော့ မိဘနှစ်ပါးကို မမြင်စေလိုသောကြောင့်လည်း ပါ့ပါသည်။

"မင်းက ငါ့ကိုသိလို့လား"

"သိတာပေါ့ဆရာရယ်၊ ဆရာက နီကိုရဲပဲ၊ ဆရာ့ကို ကားနဲ့





လာခေါ်တာတို့၊ ဆရာ ဒီလမ်းထိပ်ကနေ ကားငှားသွားတာတို့ကို အကုန်သိတာပေါ့"

အင်း. . . ငါတော့မှားပြီဟု တွေးမိသည်။ သို့သော်လည်း မတတ်နိုင်တော့။ လူက စိတ်ဖိစီးမှုခံနေရတုန်းမှာ စိတ်ကိုလွှတ်ထားလိုက်တာက ပိုကောင်းမည်ဟု ကျွန်တော် တွေးပြီး စားပွဲထိုးကလေးနှင့် အေးအေးဆေးဆေး စကားပြောနေလိုက်သည်။

ဟုတ်တယ်လေ။ အခု ဒီဆိုင်မှာထိုင်တာကို အိမ်ကလူတွေပဲ တွေ့တွေ့၊ ရပ်ကွက်ထဲကလူတွေပဲ တွေ့တွေ့ ကျွန်တော် ဘာမှမဖြစ်ဘူးဟူသော စိတ်နှင့် ထိုင်နေတာမဟုတ်ဘူးလား။

ကျွန်တော် အရက်သောက်သည့်အချိန်မှာ ကျွန်တော့်မိတ်ဆွေတွေကလည်းမရှိတော့ တစ်ယောက်တည်း ပျင်းခြောက်ခြောက်ကြီးလည်း ဖြစ်နေတယ်မဟုတ်ဘူးလား။ ဒီတော့. . . ဒီကောင်လေးရှိနေတာဟာ ကောင်းတာပေါ့လို့ စိတ်ကိုလွှတ်ပေးထားလိုက်ပါသည်။

"ခေါင်းသုပ်. . . စားကြည့်ပါဦးဆရာ"

"ကောင်းပါတယ်ကွာ၊ မင်းတို့ဆိုင်က ခေါင်းသုပ် နာမည်ကြီးပဲဟာ"

"ကျွန်တော် ဆရာ့အတွက် ရှယ်လုပ်ပေးထားတာပါဆရာ"

"အေးပါကွာ၊ ဒါနဲ့ မင်းက နယ်ကလား"

"ဟုတ်တယ်ဆရာ၊ ကျောက်ဆည်ဘက်ကပါ၊ မြို့ပေါ်ကတော့ မဟုတ်သေးဘူးဆရာ၊ ရွာကပါ၊ မြို့ကနေ နေ့ဝက်လောက်သွားရပါတယ်"

"ဩော်. . . ရန်ကုန်ရောက်တာကြာပြီလား"

"တစ်နှစ်ပြည့်တော့မယ် ဆရာ. . ."

ကျွန်တော် ဘီအီးနောက်တစ်ခွက်ထည့်ပြီး တစ်ရှိန်ထိုးကစ်ပစ်လိုက်ပြီး ခေါင်းသုပ်တစ်လှည့် ပဲခြမ်းတစ်လှည့်စား၍ အပြင်က ညနေခင်းကို ငေးနေမိသည်။ ကျွန်တော့်အတွေးထဲမှာ ရေးလက်စဝတ္ထုသတိရ၏။



www.burmeseclassic.com

www.burmeseclassic.com

သို့သော်လည်း ကျွန်တော့်အနားမှာထိုင်နေသော စားပွဲထိုးကလေးက ထ၍မသွား၊ ဆိုင်မှာကလည်း ညနေရီဝင်ကာစမို့ လူကကြဲသေးသည့်အတွက် သူ အချိန်ရနေခြင်းဖြစ်သည်။

"ဆရာ. . . ကျွန်တော့်ကို ခင်ခင်မင်မင်နေပါဆရာ"

"အေးပါကွာ. . .၊ ငါ လူတိုင်းကိုခင်ပါတယ်။ ဒါပေမဲ့ လူတိုင်းကတော့ ငါ့ကို မခင်ကြဘူးကွ"

ကျွန်တော်လည်း နှစ်ခွက်ကစ်ပြီးပြီဖြစ်သဖြင့် စကားပြောချင်စိတ်ကလေးကဝင်လာပြီး သူ့ကိုပြောသည့်အခါ သူက နားလည်ပုံမရပါ။

သူနားမလည်သည်ကို ကျွန်တော်က အပြစ်ဆိုနေခြင်းမဟုတ်ပါ။ ကျွန်တော်က ကိုယ့်ပြဿနာ၊ ကိုယ့်ခံစားချက်နှင့်ပြောသည့် စကားမို့ ကျန်သည့်ခံစားချက်များက လိုက်မီအောင်မတတ်နိုင်ချင်းအတွက် ထိုသို့ လိုက်မမီသော ခံစားချက်ရှိသောလူများကို အပြစ်တင်နေ၍မရဆိုခြင်းကို ကျွန်တော် နားလည်နိုင်ပါသည်။

"ဆရာ့ကို. . . ကျွန်တော်လေ. . ."

"ပြောကွာ. . ."

ကျွန်တော် ခေါင်းသုပ်ကို သုံးလေးဇွန်းစားပြီး ပဲခြမ်းသုပ်ကိုလည်း နှစ်ဇွန်းစားပြီး လက်ကျန်ဘီအီးကို အကုန်ထည့်လိုက်သည်။ ညက ကစ်ထားတာနှင့်ဆိုလျှင် ကျွန်တော်လည်း တော်တော်လေးအရှိန်ရနေပြီဖြစ်သည်။ ညက ကစ်ထားတာ ဝီစကီဖြစ်ပြီး ယခုကစ်တာက ဘီအီးမို့ နှစ်မျိုးရောလျှင် ခေါင်းကိုက်တတ်သဖြင့် ကျွန်တော် အိမ်ကို ပြန်ပြီးနားချင်နေပါပြီ။ ဒါပေမဲ့ ကောင်လေးက ကျွန်တော့်ဝိုင်းမှ မထသေး။ သူ ကျွန်တော့်ကိုကြည့်နေပုံကလည်း ခင်ခင်မင်မင်နှင့် လေးစားသောအကြည့်ဖြစ်မှန်း ကျွန်တော်သိသဖြင့် ဆက်မသောက်တော့ဟု ဆုံးဖြတ်လိုက်ပါသည်။ အမှန်ဆိုလျှင်မူ ကျွန်တော် နောက်ထပ်တစ်ပိုင်းလောက် ကစ်၍ရပါသေးသည်။

ကျွန်တော် ပဲခြမ်းနှင့် ခေါင်းသုပ်ကိုစားနေသဖြင့် ကောင်





လေးက စောင့်၍နေရခြင်းကို ကျွန်တော် တွေ့မြင်သည်နှင့် သူ့ကို "ပြောကွာ" ဟု ပြောပြီးမှ မပြောအောင် လုပ်သလိုဖြစ်နေသလားဟု တွေးမိပြီး သူ့ဘက်သို့မျက်နှာလှည့်ပြီး ခင်မင်စွာပင်ပြုံးပြ၍ စကားလမ်းခင်းပေးလိုက်ပါသည်။

"ကဲ. . . မင်း. . . ဘာပြောချင်တာလဲ. . . ပြောကွာ. . ."

ကျွန်တော်က စကားလမ်းခင်းပေးတော့မှ ကောင်လေးသည် ရှက်ကိုးရှက်ကန်းဖြစ်သွားသလိုနှင့် သူ့မျက်နှာကို ငုံ့ပြီး သူ့ခေါင်းကို သူ လေးငါးချက်ကုတ်ပြီးမှ. . .

"ကျွန်တော် ကဗျာတစ်ပုဒ်ရေးထားတယ်ဆရာ၊ အဲဒါ ဆရာ့ကိုပြချင်လို့၊ မဂ္ဂဇင်းတိုက်တွေလည်း ပို့ချင်တယ်ဆရာ၊ ဒါပေမဲ့ ဘယ်လိုလုပ်ရမှန်းကိုမသိတာ။ ဆရာ ဒီကဗျာကိုဖတ်ပေးပြီး တစ်ခုခုတော့ပြောပါဆရာ၊ ကျွန်တော့်ကို ဒါလေးတော့ကူညီပါဆရာ၊ ဆရာပဲပြောပါ"

ကျွန်တော်တို့စာရေးဆရာဘဝတွင် ဒုက္ခအရောက်ရဆုံးမှာ ထိုကိစ္စမျိုးပင်ဖြစ်ပါသည်။ စာရေးဆရာမှန်းသိသည့်အခါ လူတော်တော်များများက သူတို့ဘဝဇာတ်ကြောင်းကို ပြောပြမည်။ ကျွန်မဖြစ်ခဲ့တာလေးကတော့ . . . အစရှိသည်တို့ကို ကျွန်တော် တော်တော်လေးလန့်ပါသည်။ စိတ်မပါဘဲနှင့် မထူးခြားသော (နေ့စဉ် လူတွေကြုံတွေ့ရသော) ဇာတ်ကို သူတို့က ပြောချင်ရာပြောတာကို ဧည့်ခန်းပေါင်းများစွာတွင် ကျွန်တော် ထိုင်နားထောင်ခဲ့ရပြီးပါပြီ။ ကျွန်တော့်အတွက်လည်း ဘာမှအကျိုးမရှိခဲ့ပါ။

သို့သော် ဒီကောင်လေးက တောင်းတောင်းပန်ပန်ဖြင့် ပြောနေသဖြင့် စာရေးဆရာတို့မည်သည် တစ်ဖက်သားကို အားနာတတ်သည့်စိတ်ကောင်းကောင်းကြီးရှိသဖြင့် မလွဲမရှောင်သာတော့သောကြောင့် သူ့ကို နားလည်ပေးရန်လိုကြောင်း ဆုံးဖြတ်ပြီး ကျွန်တော်က ပြောလိုက်သည်။

"ကဲ. . . ပေးကွာ၊ မင်းရေးထားတဲ့ကဗျာ"

"ကျွန်တော် ဒီတစ်ပုဒ်တည်းရေးဖူးတာပါ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါပြီကွာ. . .၊ ငါဖတ်ကြည့်ပါမယ်"

ကောင်လေးက အိတ်ထဲကစာရွက်ကလေးကို မာဖီးယားဂိုဏ်းသားတွေ ရုပ်ရှင်ထဲမှာ ဘိန်းပေးသလိုမျိုး ကျွန်တော့်လက်ထဲကို လူမသိအောင်ပေးပြီး ထိုင်နေရာမှ ထွက်ပြေးသွား၏။

ကျွန်တော့်လက်ထဲရောက်လာသည့် စာရွက်ကလေးမှာ နွမ်းဖတ်နေပါပြီ။ ကျွန်တော် ဝက်ခေါင်းသုပ်ကိုလက်စသိမ်း၍ ဝါးရင်း ထိုစာရွက်ကလေးကို ဖွင့်ဖတ်ကြည့်လိုက်တော့. . . ကဗျာကလေးတစ်ပုဒ်ကို ဖတ်လိုက်ရသည်။ သူ့ကဗျာတွင် ခေါင်းစဉ်လည်း တပ်၍မထားပါ။

ကဗျာက စာတင်စင်တင်လောက်သောကဗျာ မဟုတ်ရုံမက ဘာအဓိပ္ပါယ်မှလည်းမရှိသော ကဗျာတစ်ပုဒ်ဟု စာဖတ်သူက ဆိုကောင်းဆိုပါလိမ့်မည်။

သို့သော် ထိုကဗျာသည် ထိုနေ့အတွက်တော့ ကျွန်တော်နှင့် တိုက်ဆိုင်နေသဖြင့် ကျွန်တော် အမှတ်တရသိမ်း၍ထားခဲ့၏။ သူ၏ကဗျာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

*ဘာမှမဟုတ်ဘဲနဲ့*
*ခဲကလေး*
*ခွဲပြေး*
*အသည်းလေး. . .။*
*ငါညာတာ*
*မင်းသိပြီး*
*မင်းညာတာ*
*ငါမသိခဲ့. . .။*
*ခွဲပြေးတဲ့ ခဲကလေးရေ*
*အိပ်မရတော့မှ*
*မင်းအကြောင်းတွေပိုသိ*





*ငါရှိတာ*
*မင်းလည်းအသိ*
*ဟီ. . . ဟီ. . . ဟီ. . .။*

လို့ရယ်ပါ။ ဒါပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## လူငတ်သော "နေ့"

ဒီနေ့ တစ်ယောက်တည်း ကျွန်တော် "အထီး"ကျန်နေသည်။

ကောင်မကလေးတွေဆိုလျှင်တော့ "အမ" ကျန်နေသည်ဟု ပြောမည်လားမဆိုတတ်ပါ။

သို့သော်လည်း "ကျား"ပင်ဖြစ်စေ "မ"ပင်ဖြစ်စေ တစ်ယောက်တည်းရှိလျှင် အထီးကျန်သည်ဟုသာ သုံးနှုန်းရကြောင်းကို ကျွန်တော် ကောင်းကောင်းကြီးသိပါသည်။

လူတွေကတော့ ဘတ်စ်ကားပေါ်မှာရော၊ ဒက်ဆန်းကားတွေပေါ်မှာရော၊ ကိုယ်ပိုင်ကားတွေပေါ်မှာရော ပြည့်သိပ်ကြပ်ညပ်လျှက်ရှိ၏။

သို့သော် ကျွန်တော်သည် အထီးကျန်နေသည်။

ကျွန်တော်ထိုင်နေသော ၃၃-လမ်း "လေထန်ကုန်း" ရှေ့မှာလည်း လူတွေအများကြီး လမ်းကို ဟိုဘက်ဒီဘက်လျှောက်၍ သွားနေကြ၏။ ကျွန်တော့်ရှေ့ကပိုင်းမှာလည်း စာရေးဆရာကြီးတစ်ယောက်အကြောင်းကို အားရပါးရ (အမှန်တော့ သူတို့သိပ်မသိပါ) ပြောနေကြသောလူများ ရှိပါ၏။ သို့သော် ကျွန်တော် အထီးကျန်နေသည်။





ကျွန်တော် "အထီးကျန်" နေသောအကြောင်းကို ကျွန်တော် သေသေချာချာတွေးမိသည်။ ကျွန်တော်တို့၏နှလုံးသားသည် တစ်ခုခုကို စိတ်နှစ်ပြီးတွေးလိုက်သည့်အခါမျိုးတွင် ဝမ်းနည်းချင်လျှင်လည်း အကြီးအကျယ်ဝမ်းနည်းလာတတ်၏။

ဒေါသဖြစ်စရာရှိလျှင်လည်း လူသတ်လျှင်သတ်ရဆိုသော စိတ်မျိုးဖြစ်လာတတ်ပြီး ပျော်စရာဆိုလျှင်လည်း ထ၍ က,ချင်လောက်အောင် ပျော်တတ်ပြီး ကြည်နူးစရာဆိုလျှင်လည်း ဘေးလူက အရူးဟုထင်ရလောက်အောင် တစ်ယောက်တည်း ပြုံးပြုံး ပြုံးပြုံးနှင့် ရှိတတ်ပါသည်။

ဒီနေ့တော့ ကျွန်တော်သည် လူပေါင်းတစ်သိန်းကျော်ခန့်ရှိသော ရန်ကုန်မြို့လည်ခေါင်တွင် တစ်ယောက်တည်း အထီးကျန်လျှက်ရှိပါသည်။

စာရေးဆရာကြီး ဟဲမင်းဝေရေးသော The Old Men and Sea ဆိုသော စာအုပ်ထဲတွင် သူ့ဇာတ်လိုက်အဖိုးကြီး ဆာတီပိုသည် ပင်လယ်ထဲတွင်ရောက်နေပြီး ရေငတ်သောအကြောင်းကို ပြန်သတိရသည်။

ဆရာ သစ္စာနီကလည်း ကျွန်တော်က လူတွေထဲမှာနေပြီး လူငတ်နေတဲ့လူတစ်ယောက်ပါ. . . ဟု (အတိအကျ ကျွန်တော်မမှတ်မိတော့သော်လည်း အဓိပ္ပါယ်ကတော့ ထိုအတိုင်းဖြစ်ပါသည်) ပန်းပွင့်နှင့်လူထဲတွင် "မင်းဝေ" ဆိုသော ဆရာသစ္စာနီ၏ ဇာတ်လိုက် (သို့) ဇာတ်ကောင်ကပြောသောစကားတွေကို ပြန်၍ သတိရနေမိသည်။

ဟုတ်သားပဲ. . . ။

ကျွန်တော့်ရှေ့တွင် လူပေါင်းများစွာလမ်းလျှောက်ပြီး၊ ကားစီးပြီး၊ အော်ဟစ်ပြီး၊ ရယ်ရွှင်ပြီး ကိုယ့်စတိုင်(လ်)ကိုယ်ထုတ်ပြီး ရှိနေကြသော်လည်း ကျွန်တော်ကတော့ ငုတ်တုတ်ကြီးသာထိုင်နေရ၏။

လူဆိုသည်မှာ ကိုယ်နှင့်မသိလျှင် စကားပြောခွင့်မရှိသော သတ္တဝါဖြစ်ကြောင်း ကျွန်တော် အခုမှ ကောင်းကောင်းကြီး သဘောပေါက်၍သွား၏။



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်ခုက ကိုယ်နှင့်သိသော်လည်း ကိုယ်နှင့် ရင်ခုန်သံမတူလျှင် ထိုသူသည် ထိုလူကို စကားပြော၍မရကြောင်း ကျွန်တော်သေသေချာချာတွေးရင်းတွေးရင်း သိ၍သိ၍လာသည်။

ထိုနေ့က ကျွန်တော်၏ရင်ဘတ်မိတ်ဆွေများဖြစ်ကြသော ကာတွန်းဆရာများ တစ်ယောက်မျှ "လေထန်ကုန်း" သို့ ရောက်မလာကြပါ။

(နောက်မှသိရသည်မှာ ကာတွန်းဆရာကြီး ဦးဖေသိန်းမွေးနေ့ပွဲအတွက် သွားနေကြခြင်းဖြစ်၏။)

ရာသီဥတုက ဆောင်းနှောင်းကာလ ဒီဇင်ဘာလဟု ကျွန်တော်ထင်ပါသည်။ (သေသေချာချာတော့ မမှတ်မိတော့ပါ)

မှောင်ရိပ်ကလေးပျိုးချိန်တွင် ကျွန်တော်တစ်ယောက်တည်း အထီးကျန်သော ခံစားမှုကို မခံစားနိုင်တော့သဖြင့် ကျွန်တော် "လေထန်ကုန်း"မှထ၍ ထွက်လာခဲ့ပြီး ဆူးလေမှ တာမွေသို့ရောက်သော ဒက်ဆန်းကားကလေးကိုစီး၊ တာမွေမှ ကျွန်တော့်အိမ် သယ်န်းကျွန်းသို့ပြန်၍လာခဲ့ပါသည်။

ကားကလေးအပေါ်မှာ စပါယ်ယာက ဟောက်တာကိုခံရတာကမှ တစ်ယောက်တည်း အထီးကျန်ရတာနှင့်စာလျှင် တော်ဦးမည်ဟု ကျွန်တော် စိတ်ကူးမိသည်။

ဆူးလေကားဂိတ်ရောက်တော့ မ. ထ. သဝန်ထမ်းတွေက ကားလေးပေါ်တက်ရမည့်လူတွေအားလုံးကို တန်းစီရမည်ဆိုတာ စည်းကမ်းထိန်းသိမ်းလျက်ရှိသဖြင့် ကျွန်တော်လည်း ဘာမှမတတ်နိုင်တော့ဘဲ အများနည်းတူ လူတန်းရှည်ကြီးထဲတွင် ဝင်၍ မတ်တပ်ကလေးရပ်နေရပါသည်။

ဘာပဲဖြစ်ဖြစ် တစ်ယောက်တည်း အထီးကျန်နေရတာထက်စာလျှင် တော်ပေသေးသည်ဟု သဘောထားပြီး စိတ်ကိုဖြေရပါသည်။

ကျွန်တော့်ရှေ့တွင် မတ်တပ်ရပ်နေသူက ကောင်မလေးတစ်ယောက်ဖြစ်ပြီး လက်ထဲတွင် အနီရောင်ခြင်းကလေးနှင့် ထမင်းချိုင့်ထီးတစ်လက်၊ တစ်ရှူးပေပါကုန်ခါနီးကလေးတစ်ခုကို တွေ့ရသဖြင့် . . .

"အင်း. . . Company ဝန်ထမ်းလား၊ Store ဆိုင်ကဝန်ထမ်းကလေးလားဟု တွေးပြီး လူတွေ တစ်ချက်တစ်ချက်ရွှေ့သွားသော်လည်း ကျွန်တော်သည် သူ့နောက်ကဖိမလိုက်ဘဲ ခပ်ခွာခွာလိုက်ခဲ့၏။ (သူက ကိုယ့်ဆရာတို့အကြိုက်ဘော်ဒီမျိုး ရှိ၏။)

နောက်ကလူတွေက ကျွန်တော်ခွာထားသဖြင့် မကျေနပ်ကြ။ မ. ထ. သဝန်ထမ်းများကလည်း ကျွန်တော့်ကို ခပ်ဖိဖိအော်ကြသဖြင့် နောက်ဆုံးတော့ မတတ်နိုင်တော့ပဲ သူ့နောက်ကို ရင်ချင်းထိမျှကပ်၍လိုက်ရပါတော့သည်။

ကျွန်တော်ကသာ အားနာနေသော်လည်း ဤသို့ဖြစ်ရခြင်းအတွက် ထိုမိန်းကလေးက မည်သို့မှ သဘောထားဟန်မရှိပါ။ သူထားနေသောအာရုံက ကားပေါ်သို့တက်ရရေးသာဖြစ်ပါသည်။

ယောကျ်ားလေးတစ်ယောက် ကိုယ့်သစ္စာကိုကိုယ်စောင့်ပြီဆိုလျှင် ဤသို့ပင် မိန်းကလေးတွေနှင့် လွဲတတ်သည်ဟု ယခုအခါ ကျွန်တော် ပြန်လည်တွေးမိပါသည်။

ထိုသို့နှင့် နောက်ကားတစ်စင်းဝင်လာ၍ လူတွေ တက်ကြသောအခါ ကျွန်တော်လည်း တက်ရလိမ့်မည်ဟုထင်ပြီး အိမ်ပြန်ရောက်ချင်စိတ်သည် ထမင်းဆာသကဲ့သို့ ဆာလောင်လာသောအချိန်ကြမှ ထိုကောင်မကလေး တက်သွားပြီးသည်နှင့် တာဝန်ရှိဝန်ထမ်းက . . .

"မောင်း. . . မောင်း. . ." ဟု ဝီစီကို အသံကျယ်ကျယ်မှုတ်ပြီး အော်သဖြင့် ကျွန်တော့်မှာ လူတန်းရှေ့ဆုံးမှာ ကျန်နေရစ်တော့သည်။

ကျွန်တော့်ဘဝမှာ ဒီလိုလွဲရတာများပြီးဖြစ်သဖြင့် ဘာမှမပြောတော့ဘဲ နောက်ကားဝင်လျှင်တော့ ကိုယ်က ထိပ်ဆုံးကမို့ ဘာမျှပြောနေစရာမလိုတော့သဖြင့် စိတ်ကို ဒုန်းဒုန်းချထားလိုက်၏။

ထိုစဉ်မှာပင်. . .

"ဆရာ. . . ဆရာက နီကိုရဲမဟုတ်လားဆရာ"




ကြောင်နှစ်ကောင်စာပေ
www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်မှာ နာမည်နှင့်တကွ တိတိကျကျအမေးခံလိုက်ရသဖြင့် မငြင်းနိုင်အောင်ရှိသော်လည်း ထိုလာမေးသော လူ၏မျက်နှာကို ကြည့်သောအခါ ကျွန်တော်သိသူတစ်ယောက်မဟုတ်သဖြင့် ဘာစကားပြောရမှန်းမသိ ဖြစ်၍နေသည်။

"ဆရာက ကျွန်တော့်ကို သိမှာမဟုတ်ပါဘူး။ ကျွန်တော်က ဆရာ့ရဲ့ စာဖတ်ပရိတ်သတ်တစ်ယောက်ပါ။ ကာတွန်းစောမင်းဝေရေးတဲ့ ဆရာ့ပုံတွေကိုကြည့်ပြီးတော့ ဆရာဟာ နီကိုရဲပဲလားလို့ ကျွန်တော်နောက်ကတန်းစီရင်းတွေးနေတာ၊ အဲဒီအချိန်မှာ ဆရာ့အလှည့်ရောက်တော့မှ ဆရာမတက်ရဘဲ ကားကထွက်သွားတော့ ဒါဟာ ကျိန်းသေပြီလို့ ကျွန်တော်တွက်ပြီး ဆရာ့ကို လာနှုတ်ဆက်တာပါ"

ကျွန်တော်လည်း လူငတ်နေတုန်း လူတစ်ယောက်ရသဖြင့် တော်တော်ပျော်သွားသည့်အပြင် ထိုလူက ကျွန်တော့်၏စာဖတ်ပရိသတ်ဟုဆိုသဖြင့် ဖြစ်နိုင်လျှင် ထတောင်ခုန်ပေါက်၍ ပျော်ရွှင်လိုက်ချင်ပါသေးသည်။

"ကျေးဇူးတင်ပါတယ်ဗျာ. . .၊ နှုတ်ဆက်တဲ့အတွက်ပါ၊ ကျွန်တော် နီကိုရဲပါ။ ကျွန်တော်က ကိုယ့်အလှည့်ကျရင် ဒီလိုဖြစ်နေကျကထုံးစံပါ"

"သိတယ်ဆရာ. . . သိတယ်၊ မကြည်ပြာနဲ့လည်း ဒီလိုပဲ၊ ကျော်ကျော်မေနဲ့လည်း ဒီလိုပဲမဟုတ်လား"

"ဟာ. . . ခင်ဗျားဗျာ. . . နာမည်တွေထည့်မပြောနဲ့ဗျ"

ဘာမှမဟုတ်ဘဲနဲ့ သူနှင့်ကျွန်တော် ပြိုင်တူရယ်ဖြစ်လိုက်ကြသည်။

လူငတ်နေသောကျွန်တော်သည် သူ့ကို ကောင်းကောင်းလေးသောက်ပစ်လိုက်ပြီး တစ်ယောက်နှင့်တစ်ယောက် လက်ဆွဲနှုတ်ဆက်လိုက်ကြ၏။ သူကလည်း သူ့ကို ခဏချင်း ဒီလောက် လိုက်လိုက်ရောရောဆက်ဆံသော ကျွန်တော့်ကို အံ့သြပြီး ဝမ်းသာနေပုံလည်းရပါသည်။





"ဆရာ. . . ဘာဖြစ်လို့ တန်းစီနေတော့မှာလဲ၊ ဆရာနဲ့ကျွန်တော် သွားကြမယ်ဆရာ"

"အာ. . . မင်းကလည်း ကားက လာတော့မယ့်ဥစ္စာ"

"ဆရာက ဒီမှာ သိပ်မစီးဖူးဘူးထင်တယ်၊ ရန်ကုန်ပြန်အတက်ကားတွေက လူမရတော့ တာမွေတို့ မင်္ဂလာဈေးတို့မှာ အကြာကြီးထောက်တတ်တာဆရာ၊ ကျွန်တော့်အစ်ကိုက ကားဆရာပါ၊ ဆရာနဲ့တွေ့တုန်း ကျွန်တော်လည်း စကားလေးပြောချင်တာနဲ့ ကျွန်တော်နဲ့လိုက်ခဲ့ပါဆရာ"

"ဘယ်ကိုလဲကွ"

"ဆိုင်ပေါ့ဆရာ၊ နှစ်ပက်သုံးပက်လောက်ပါပဲ"

ကျွန်တော် တစ်ချက်တော့စဉ်းစားရမည်။

သူ့ပုံစံကိုကြည့်ပြီး ရိုးသားသူမှန်း ကျွန်တော်သိနိုင်ပါသည်။ ကျွန်တော့်တွင်လည်း ပိုက်ဆံက သုံးထောင်ကျော်နှင့် ရွှေမဝတ်၊ နာရီမပါ။ အင်္ကျီနှင့်လုံချည်ကသာမန်မို့ ဘာမှဖြစ်နိုင်စရာမရှိဟု ဆုံးဖြတ်ရင်း လူတန်းထဲမှာရပ်နေရသောဒုက္ခမှလွတ်ပြီး တစ်ခွက်နှစ်ခွက်လောက်ချရန် ထွက်လာပါတော့သည်။

"ညဉ့်နက်ရင် အပြန်ခက်တယ်ကွ"

"မခက်ပါဘူးဆရာ၊ ကကတွေရှိပါတယ်။ ဒဂုံအရောက် တစ်ယောက်ကိုသုံးရာဆရာ၊ ရှေ့ခန်းကထိုင်ရင် လေးရာ့ငါးဆယ်ပေးရတယ်"

"ဟာ. . . ဟုတ်လို့လားကွာ. . ."

"ဆရာကလည်း ကျွန်တော့်အစ်ကိုက ကားဆရာပါဆိုမှ၊ ဆရာဘာမှမလွဲစေရဘူး၊ စိတ်ချ"

သူက ပိုင်ပိုင်ကြီးပြောနေသဖြင့် ကျွန်တော်လည်း ဘာမှမပြောတော့ဘဲ သူခေါ်ရာနောက်သို့လိုက်လာရင်း သူက လမ်းမှာတွေ့သော အမဲအူသုပ်ဆိုင်တွင် အမဲအူအစုံသုပ်တစ်ပွဲကို ဝယ်လိုက်သေးသည်။

ပြီးတော့ ရှမ်းခေါက်ဆွဲ၊ ဆန်ပြား၊ ဆန်စီးတို့နှင့် အရက်ပါ


www.burmeseclassic.com

www.burmeseclassic.com

ရောင်းသောဆိုင်ကလေးတစ်ဆိုင်သို့ ရောက်ခဲ့ကြသည်။ (ယခု ထိုဆိုင်ကလေးမရှိတော့ပါ) ဆိုင်နှင့် သူကတော့ လာနေကျဖေါက်သည် ဖြစ်ဟန်တူသည်။ စကားဝဲသော ရှမ်းတရုတ်မိန်းကလေးတွေက သူ့ကို ပျူပျူငှာငှာပင် ဆက်ဆံကြပြီး သူ ဘာမှမမှာရသေးဘဲ စားစရာတွေကို အဆင်သင့်ချပေးရင်း Rum တစ်ပုလင်းကိုပါချပေးသောအခါ ကျွန်တော် နည်းနည်းလန့်၍သွား၏။

"မင်းပြောတော့ တစ်ပက်နှစ်ပက်ဆို"

"ဟာ. . . ဆရာကလည်း ကျွန်တော်ကပြုစုတဲ့ဟာကို၊ ပိုတော့လည်း ယူသွားတာပေါ့ဆရာ၊ အရက်ဆိုတာ သိုးသွားတာမဟုတ်ဘဲ ဆရာကလဲ"

သူက ပြောပြောဆိုဆိုနှင့်ပင် Rum ပုလင်းအဖုံးကိုဖွင့်ရန် ပုလင်းဖင်ကို သုံးလေးချက်ရိုက်ပြီးနောက် ပုလင်းအဖုံးကို "ခွပ်"ခနဲ ဖွင့်လိုက်ရာ ပုလင်းအဖုံးသည် အေးအေးဆေးဆေးပင် ပွင့်၍သွားလေသည်။

သူက သူ့ဖန်ခွက်ထဲသို့ Rum ကို လက်လေးလုံးလောက်ထည့်ပြီး ကျွန်တော့်ကိုတော့ ပုလင်းကိုသာထိုးပေးရင်း. . .

"ဆရာ. . . ကြိုက်သလောက်သာကစ်ဆရာ၊ ဆော်ဒါမှာဦးမလား"

"မလိုဘူးကွ၊ ငါက ရေနဲ့ပဲတီးတာ"

"ကောင်းတယ်ဆရာ၊ ကောင်းတယ်၊ ရေသန့်မှာဦးမလား"

"မလိုပါဘူးကွာ၊ ဒီမှာ ရေဘူးကြီးရှိနေတဲ့ဟာ"

"OK ဆရာ. . . ထည့်လေ. . ."

ကျွန်တော်က အရက်ကို ဝမ်းပက်လောက်ပဲချိန်ပြီး ထည့်နေတုန်းမှာ သူက ရေဗူးထဲမှ ရေနည်းနည်းကိုထည့်ပြီး ထိုလက်လေးလုံးလောက်ရှိသော Rum ကို တစ်ချက်တည်းမော့ချလိုက်ပြီးနောက် ရှေ့မှ ဝက်ခေါက်ကြော်ကို အချဉ်ရည်နှင့်တို့ပြီး တစ်ချက်စားသည်ကို တွေ့လိုက်ရကတည်းက ဒီငတိသည် ကျွန်တော့်ထက် အရက်ကိုပိုသောက်





မည့်သူဆိုတာကို ကျွန်တော် အကဲခတ်နိုင်လေပြီဖြစ်၏။

"သောက်လေ. . . ဆရာ"

"ရပါတယ်ကွာ. . . ငါက အေးအေးဆေးဆေးသောက်တတ်တဲ့ကောင်ပါ"

"ကောင်းတယ်ဆရာ၊ ကျွန်တော် တုန့်ယန်ကွန့်ဟင်းချိုမှာထားတယ်၊ ဒီဆိုင်က အဲဒီဟင်းချို သိပ်ကောင်းဆရာ"

"ဟာ. . . ဘာဖြစ်လို့ အဲဒါမျိုးတွေမှာရတာလဲကွာ၊ ဒီမှာ ဝက်ခေါက်နဲ့ တို့ဟူးကြော်ရှိရင် တော်ပြီပေါ့ကွ"

"ကိုယ့်ဆရာကို ပြုစုချင်လို့ပါ"

ကျွန်တော်လည်း ဘာမှပြောမနေတော့ဘဲ ဖန်ခွက်ထဲကအရက်ကို ရေရောပြီး တစ်ရှိန်ထိုး ကစ်ပစ်လိုက်သည်။ သူက ကျွန်တော့်ကို အပြုံးနဲ့ကြည့်ပြီး ခေါင်းကိုညိတ်နေပုံက "မဆိုးဘူး. . . လက်ရည်တူချင်းတွေ့တယ်" လို့ အဓိပ္ပါယ်ဖွင့်ရမယ်ထင်သော စိတ် ကျွန်တော့်တွင် ပေါ်လာသည်။

သူက နောက်တစ်ခွက်ငှဲ့ပြီး ရှေးနည်းအတိုင်းပင် ကစ်ပစ်လိုက်သည်။

ပြီးတော့ ကျွန်တော့်ဘက်သို့ Rum ပုလင်းကို ရိုရိုသေသေပင် ရွှေ့ပေးပြီးတော့မှ ဝက်ခေါက်တစ်ခုကို အချဉ်ရည်နှင့်တို့စားသဖြင့် ကျွန်တော်လည်း အသောက်သမားချင်း အားနာကာ Rum ကို ခုနကထက် များများပိုထည့်ထားလိုက်သည်။

သူနှင့်ကျွန်တော်သည် ထိုအချိန်အတွင်းမှာ စကားမပြောကြဘဲ ကိုယ့်စိတ်ကူးနှင့်ကိုယ်သာ နေကြ၏။ ထိုသို့ တိတ်တိတ်နေကြသည်မှာ ဆယ်မိနစ်ခန့်ရှိလိမ့်မည်ဟု ကျွန်တော်ထင်ပါသည်။

ထိုသို့နေစဉ်အတွင်း သူမှာထားသော တုန့်ယန်ကွန့်ဟင်းချိုက ရောက်လာသည်။ ဟင်းချိုသည် အငွေ့တစ်ထောင်းထောင်းနှင့်အရောင်နှင့် အနံ့မှာ လူကို တော်တော်ဆွဲဆောင်မှုရှိလွန်းသဖြင့် ထိုကောင်မလေးတွေထည့်ပေးသွားသော ကျွန်တော့်ရှေ့က ကြွေပန်းကန်အသေးလေး



www.burmeseclassic.com

www.burmeseclassic.com

ထဲမှ ဟင်းချိုကို သောက်ကြည့်လိုက်သည့်အခါ ချဉ်ခြင်း၊ ချိုခြင်း၊ စိမ့်ခြင်း ဟူသော အရသာသုံးပါးနှင့် ပြည့်စုံပါပေသည်။

သူကလည်း သူ့ရှေ့မှာရှိသည့် ဟင်းချိုကို သုံးလေးဇွန်းလောက် သောက်ပြီး နောက်ထပ် လက်လေးလုံးခန့်ထည့်ပြန်၏။ ပြီးတော့ ထုံးစံအတိုင်းပင် ရေနည်းနည်းကလေးပဲရောကာ ကစ်ပစ်လိုက်ပြန်သဖြင့် ဒီကောင်မှာ ကလင့်အိဝုတ်တို့၊ ကောင်းဘွိုင်တွေ သေလို့ ဝင်စားတဲ့ ကောင်ပဲဖြစ်ရမယ်. . . ဟု ကျွန်တော့်စိတ်ထဲမှာ တွေးမိလေသည်။

"သောက်လေ. . . ဆရာ"

သောက်တတ်သူချင်း ဒါမျိုးဆိုလျှင် မခံချင်သောစိတ် (အမှန်တော့မကောင်းပါ) ဖြင့် ကျွန်တော်လည်း ရေနည်းနည်းသာရောပြီး ကစ်ပစ်လိုက်၏။ ပြီးတော့ တို့ဟူးကြော်ကလေးတစ်ခုကို အချဉ်နှင့်တို့ပြီး စားသည်။ သူက ကျွန်တော်လုပ်သမျှကို ငေး၍ကြည့်နေသည်။ ပြီးတော့ မှ. . .

"ဆရာ့ကို ကျွန်တော်ခေါ်လာတာက ဒီလိုပါဆရာ၊ ကျွန်တော့်ဇာတ်ကြောင်းလေးကို ပြောချင်လို့ပါ၊ ဆရာသာရေးလိုက်၊ အဲဒီဇာတ်က ပေါက်ကိုပေါက်ရမယ်ဆရာ၊ တကယ့်အဖြစ်အပျက်ပါ။ ကျွန်တော် ရင်နင့်အောင်ခံစားခဲ့ရတဲ့ဇာတ်၊ ရုပ်ရှင်ရိုက်ရင်လည်း ပေါက်ရမယ် ဆရာ"

သွားပြီ. . . ။

ကျွန်တော် အဲဒီတော့မှ ကိုယ့်ကိုယ်ကို နောင်တရမိသည်။

ကျွန်တော့်ကို စာရေးဆရာဟုသိပြီး အရက်တိုက်ဖို့ခေါ်ကတည်းက အမှန်ဆိုလျှင် ကျွန်တော်သည် ဒီလိုကိစ္စမျိုးဆိုတာကို သိဖို့ကောင်းရမည်ဖြစ်သည်။

အခုတော့ သူတိုက်သည့်အရက်ကိုလည်း သောက်မိနေပြီ။ ဒီတော့ သူပြောမည့်စကားကို နားထောင်ဖို့ကလွဲပြီး ဘာမှမရှိတော့။

"အေးပေါ့ကွာ"

"ဒီလိုဆရာ. . . ငယ်ငယ်တုန်းက ကျွန်တော်ကဆင်းရဲတယ်





ဆရာ"

"အေး. . . ငါလည်း ဒီလိုပါပဲ"

"ဆင်းရဲတော့ ကိုယ့်ကိုအချစ်မခံရဘဲ ကိုယ်ကပဲ ချစ်ခဲ့ရတာပေါ့ ဆရာ"

အံမယ် ကိုယ့်လူကတယ်ဟုတ်ပါလားဟု စိတ်ထဲမှာတွေးမိပြီး ဆက်နားထောင်တော့ သူက စကားပြောရင်းနှင့်ပင် နောက်ထပ် နှစ်ခွက်လောက်က ကစ်လိုက်သေးသည်။

ကျွန်တော်လည်း မူးမှ နားခံသာတော့မည်ဟုသဘောထားပြီး ကစ်ပစ်လိုက်၏။ သူပြောသည့်အကြောင်းအရာက ဘာမျှမထူးဆန်း။ ကိုယ်လိုသူလိုလူတွေမှာ ကြုံလေ့ကြုံထရှိသော အဖြစ်အပျက်မျိုးပင်ဖြစ်သော်လည်း လူဆိုသည်မှာ ကိုယ့်ခံစားချက်ကိုသာ ကိုယ် အဟုတ်ကြီးထင်တတ်သော သတ္တဝါဖြစ်သည့်အလျောက် သူ့ကို အပြစ်ဆိုစရာမရှိဟု ကျွန်တော် ခံစားရပါသည်။

ခဏကြာတော့ ကျွန်တော်လည်း မူး၍သွား၏။

ဒီတော့ ဘာမျှမထူးဆန်းသော သူ့ဇာတ်လမ်းကိုလိုက်ပြီး အမြွက်အပင့်ကလေးတွေနှင့် ပြောလာနိုင်ပြီဖြစ်သည်။ ထိုအချိန်တွင် ကျွန်တော်တို့၏ Rum ပုလင်းမှာ လက်လေးလုံးခန့်သာကျန်တော့သည်။ (သူပြောသည်များကို ကျွန်တော်လည်း တစ်လုံးမှ မမှတ်မိတော့ပါ။)

"သွားကြရအောင်ကွာ"

"ကောင်းတယ်ဆရာ၊ ဒီအချိန်ဆို ဒဂုံမြို့သစ်ကိုဆွဲတဲ့ ကားတွေ ရောက်နေလောက်ပြီ"

"ငါက စံပြဈေးမှာပဲဆင်းမှာဆိုတော့ လမ်းတည့်ပါတယ်"

"ဟာ. . . အဲဒီလိုဘယ်ရမလဲဆရာ၊ ဆရာ ကျွန်တော့်အိမ်ကို လိုက်အိပ်ပြီး မနက်မှပြန်ပေါ့ဆရာ"

"အာ. . . မလုပ်နဲ့ကွ၊ ငါ အိမ်ပဲပြန်ချင်တာ"

"မရဘူးဆရာ၊ ဆရာ ကျွန်တော့်အိမ်ပဲလိုက်ရမယ်၊ ကျွန်တော် မြူစုမယ်ဆရာ"



www.burmeseclassic.com

www.burmeseclassic.com

မူးနေသည့်လူဆိုသည်မှာ ကျွန်တော့်ရှေ့တွင်ဖော်ပြခဲ့သည့်အတိုင်း စိတ်ခံစားချက်လွယ်ခြင်း၊ ဒေါသထွက်ခြင်း. . . စသည်တို့ဖြစ်တတ်ကြလေရာ ကျွန်တော်သည် (မူးနေ၍) သူနှင့်လိုက်ရန် သဘောတူလိုက်ပါသည်။

ဆူးလေဂိတ်ကိုပြန်ရောက်တော့ သူပြောသည့်အတိုင်း ကကသမားများကို တွေ့လေသည်။

ကျွန်တော်တို့ ရှေ့ခေါင်းခန်းကို ထိုင်သည်သာသိတော့သည်။ ကားထွက်သွားတော့ လေကလေးတစ်အေးအေးဖြင့် ကျွန်တော် ဖိမ်နှပ်ကြီးလုပ်၍သွားသဖြင့် အိပ်ပျော်သွားဟန်တူသည်။ ကျွန်တော်ကိုယ်တိုင်ကလည်း စိတ်ကို နိုးနိုးသားသားပင်ထား၍ လျှော့ချလိုက်သည့်အတွက် အိပ်စက်ခြင်းထဲသို့ ခန္ဓာကိုယ်တစ်ခုလုံး ကျံဝင်သွားဟန်တူပါသည်။

"ဆရာ. . . ဆရာ. . . ထ. . . ထ. . ."

ဒီတော့မှပင် ကျွန်တော်နိုးတော့သည်။

နိုးနိုးချင်း ကျွန်တော်ကြည့်တော့ ပတ်ဝန်းကျင်သည် မှောင်မဲ၍နေသဖြင့် ကျွန်တော်ရောက်နေသောနေရာသည် ကမ္ဘာပေါ်မှာမှ ဟုတ်ပါလေစဟုပင် ထင်မိသည်။

ထိုစဉ်က ဒဂုံမြို့သစ်သည် တည်ကာစဖြစ်သောကြောင့် မဆောက်ရသေးသောအိမ်များ၊ ဆောက်လက်စအိမ်များနှင့် လျှပ်စစ်မီးလည်းမရှိ၊ ဘာလည်းမရှိ၊ ဘာမှလည်းမရှိသော ကျွန်တော် တစ်ခါမှ မရောက်ဘူးသေးသော မြို့ကြီးတစ်မြို့ဖြစ်၍နေသည်။

သို့သော် ကိုယ့်ဆရာကတော့ သူနေရာကိုသူ ကျွမ်းပုံရသည်။ ကားဆရာက ကိုယ်တိုင်ငှားတာမဟုတ်ဘဲ အမျှားနှင့်ငှားသဖြင့် ကျွန်တော်တို့ကို သင့်တော်ရာလမ်းတွင် ချထားပေးခဲ့ဟန်တူပါသည်။ ကျွန်တော်နှင့်သူ မှောင်ကြီးမဲကြီးထဲတွင် ဆယ့်ငါးမိနစ်လောက်လမ်းလျှောက်ပြီးတော့မှ သူကဆိုသည်။

"ဒါ. . . ကျွန်တော်တို့လမ်းပဲဆရာ"





"တော်သေးတာပေါ့ကွာ"

"ဟာ. . . ဆရာကလည်း ဒီရပ်ကွက်မှာ ကျွန်တော်ပြီးရင်ပြီးပါတယ် ဆရာ"

ကျွန်တော်လည်း ဘာမှပြန်မပြောတော့ဘဲ သူပြောသောလမ်းသို့ ချိုးအကွေ့တင် လမ်းပေါ်၌ဂစ်တာတီးနေကြသော လူသုံးလေးယောက်ကိုတွေ့သည်။ မှောင်မှောင်မဲမဲမို့ ဘယ်သူတွေမှန်းတော့ ကျွန်တော်မသိသော်လည်း သူ့ကိုတော့ ဂစ်တာဝတီတွေကသိကြသဖြင့် အတင်း ဝိုင်းတားကြသည်။

"ငါ့မှာ ဧည့်သည်ပါလာလို့ကွာ၊ အိမ်သွားပြီးရင်ပြန်လာမယ်"

"ဘယ်ကဧည့်သည်လဲကွ"

"ဒါပဲ. . . ဒါ. . . စာရေးဆရာ နီကိုရဲ"

ဟိုင်တီက အားရပါးရကြီးပြောသော်လည်း ဂစ်တာဝတီတွေက တစ်ယောက်မှ ကျွန်တော့်ကို သိပုံမရပါ။

"သြော်" ဆိုသည့် စကားလေးမျှကိုပင်မပြောဘဲ အေးအေးဆေးဆေးပင် သူတို့တီးလက်စသီချင်းကို ပြန်တီးနေကြ၏။

"ငါ. . . ပြီးရင်ပြန်လာခဲ့မယ်"

"OK"

ကျွန်တော်တို့ သူ့အိမ်ကိုရောက်တော့ သူ့အိမ်က နှစ်ထပ်အိမ်ကလေးဖြစ်သည်။ ဆယ်ပေလောက်သာရှိမည်ထင်ရ၏။ ထိုလမ်းတစ်လမ်းလုံးမှာလည်း (ဘာကြောင့်မှန်းတော့မသိ) နှစ်ထပ်အိမ်တွေချည်းသာဖြစ်သည်။

ကျွန်တော်လည်း သူခေါ်ရာသို့ ရမ်းသမ်းဝင်သွားတော့ မိန်းမတစ်ယောက် တံခါးဖွင့်ပေးသည်။ သူက ထုံးစံအတိုင်းမိတ်ဆက်ပေးသည်မှာ ထိုမိန်းမသည် သူ့မိန်းမဖြစ်ပြီး ကျွန်တော့်နာမည်ကို ပြောပြသော်လည်း ထိုမိန်းမက ဆီတစ်ဆယ်သားဈေးလောက်မှ စိတ်မဝင်စားသည့်ပုံပေါ်သဖြင့် ကျွန်တော်လည်း ဘာစကားမျှမပြောတော့ဘဲ တိတ်တိတ်ပင်နေလိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

မိနစ်နှစ်ဆယ်ခန့် ကျွန်တော် အိမ်အောက်ထပ်တွင်လှဲလျောင်းပြီးသည့်အချိန်တွင် ဟိုင်တီပြန်ဆင်းလာပြီး လမ်းထိပ်သို့ထွက်ရန် ပြောသဖြင့် ကျွန်တော်စဉ်းစားမိသည်မှာ သူ့အိမ်တွင် သူမရှိဘဲ သူ့ဇနီးနှင့် တစ်မိုးတည်းအောက်မှာ ကျွန်တော် မနေသင့်ဆိုသောအတွေးကြောင့် (အိပ်ချင်နေသော်လည်း) ထ၍လိုက်ခဲ့ပါသည်။

လမ်းထိပ်ကိုရောက်တော့ ဂစ်တာဝိုင်းသည် အရက်ဝိုင်းဖြစ်နေလေပြီ။

· သူတို့ကစ်နေသည့်အရက်က "ရွှေစပါးနှံ" ဆိုလားဘာလားဆိုတာကို မှောင်ကြီးမဲကြီးမို့ ကျွန်တော်လည်းမမှတ်မိတော့။ သောက်ကြည့်တော့ မွှေးတေးတေးတော့ရှိပါ၏။

ခဏကြာတော့ ကျွန်တော် မျက်နှာတွေထူအန်းပြီး ခေါင်းတွေအုံ၍လာသည်။

ကျွန်တော် အရက်သောက်ခဲ့သောအချိန်များတွင်ရှိသောအကျင့်တစ်ခုမှာ ကျွန်တော်သည် အရက်ကို တစ်မျိုးတည်းသာသောက်၍ ရသည်။ အရက်နှစ်မျိုး ရောလိုက်သည်နှင့် ကျိန်းသေမှောက်သွားသောအဖြစ်ကို ရောက်လေ့ရှိ၏။

အခုလည်း ကျွန်တော် မှောက်ချင်နေပြီဖြစ်သည်။

သို့သော် ဟိုင်တီကတော့ ပညာရှိလုပ်ကာ သူ့ဘော်ဒါတွေနှင့် အပေးအယူကောင်းကောင်းကလေး တည့်နေသဖြင့် ကျွန်တော် ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။

"ဟေ့ကောင်. . . ငါပြန်ချင်ပြီကွာ၊ စံပြဈေးကို ကားရှိလား"

"ဟာ. . . ဆရာကလည်း အခုပဲ နှစ်နာရီထိုးနေပြီ၊ မနက်ကျတော့မှ ပြန်ပေါ့ဆရာရယ်၊ အခု ကားဘယ်ရှိတော့မလဲ"

"အဲဒါဆို ငါအိပ်ချင်ပြီကွာ၊ နားချင်တာဆိုပါတော့"

"အိမ်မှာပြန်အိပ်လေဆရာ၊ ကျွန်တော့်မိန်းမကို ပြောပြီးသားပဲ"

"အေး. . . အဲဒါဆို ငါသွားပြီကွာ၊ မနက် ကားရတဲ့အချိန်ငါ့ကိုနှိုး"

"ဟုတ်ကဲ့ဆရာ. . . ဟုတ်ကဲ့ပါဆရာ. . . စိတ်ချပါဆရာ"

ကျွန်တော်နှင့် စကားအပေးအယူလည်းမရှိ၊ သူတို့ချင်းပြောနေကြတာတွေကိုလည်း ကျွန်တော် တစ်ခါမှမသိသူတိုက်သောအရက်ကလည်း ကျွန်တော်နှင့် ဘာမှမဆိုင်သောကြောင့် ကျွန်တော့်ကို တမင်ဒုက္ခပေးသောငတိကို ဒေါကန်ရင်း အိမ်ထဲသို့ဝင်လိုက်တော့ မိန်းကလေးတစ်ယောက် ငုတ်တုတ်ကလေးထိုင်နေတာကို တွေ့ရ၏။

"ဟိုကောင်ပါမလာဘူးလား"

"လမ်းထိပ်မှာ"

"သောက်နေတာလား"

"နည်းနည်းပါးပါးပါ၊ သူငယ်ချင်းတွေနဲ့ စကားပြောနေတယ်"

"သေချင်းဆိုး"

"ဗျာ"

"ဟိုကောင့်ကိုပြောတာ"

"ဟုတ်ကဲ့. . . ဟုတ်ကဲ့. . . "

မိန်းကလေးက ဒေါသတကြီးပုံစံမျိုးနှင့် ထသွားပြီး ဖယောင်းတိုင်မီးကို မှုတ်၍ အိပ်ပေါ်ထပ်သို့တက်သွားသဖြင့် ကျွန်တော်လည်း ခုနက မိန်းကလေးထိုင်နေသော ခုံတန်းရှည်ကလေးမှာပင် ဝင်၍အိပ်ရန် လှဲလိုက်ပြီးနောက် ဘာကိုမှ သတိမရတော့ဘဲ တစ်နေကုန်ပင်ပန်းထားခြင်း၊သူသောက်ကိုယ်သောက်သောက်ထားခြင်းတို့ကြောင့် အိပ်စက်ခြင်း၏ခေါ်ရာသို့ ပါသွားပါသည်။

"ဟေ့ကောင်. . . ထစမ်း. . . ထစမ်း. . . မင်းဘယ်သူလဲ၊ ထစမ်း"

အတင်းလှုပ်နှိုးခံရ၍ ကျွန်တော့်အသိတွေအားလုံး လောကကြီးထဲကို ပြန်ရောက်လာတော့ ကျွန်တော့်ကို ဒုတ်တွေနှင့်မိုးထားတာကို တွေ့ရ၏။

ကျွန်တော်လည်း ဘာဖြစ်မှန်းမသိရပါ။





www.burmeseclassic.com

www.burmeseclassic.com

"ဟေ့ကောင် . . . မေးနေတယ်၊ မင်း ဘယ်သူလဲ၊ မင်း ဘာဖြစ်လို့ ငါ့အိမ်ထဲမှာ ဝင်အိပ်နေရတာလဲ"

"ကျွန်တော်က ဒီအိမ်က ဟိုလူဗျာ၊ သူနဲ့သူငယ်ချင်းပါ၊ မြို့ထဲမှာသိလာတာ"

"ဟေ့ကောင် . . . ဒီအိမ်မှာ ယောကျ်ားလေးဆိုလို့ ငါတစ်ယောက်ပဲရှိတာ"

"ဗျာ . . . ကျွန်တော် လမ်းထိပ်ကဂစ်တာဝိုင်းမှာ အရက်သောက်ပြီးပြန်လာတဲ့သူပါဗျာ၊ ကျွန်တော် ဒီမှာပဲအိပ်တာပါ"

"သူက ရှင့်သူငယ်ချင်းမဟုတ်ဘူးလား"

"ဘယ်ကလာဟုတ်ရမှာလဲ . . . မြင်တောင်မမြင်ဖူးဘူး"

"သူက . . . သူ့ဘာသာ ခုံတန်းမှာအိပ်တာပါတော်၊ ရှင်ကသာမိန်းမရှိလျက်နဲ့ မူးပြီးအိမ်မပြန်တာ၊ ရှင်သာအိမ်မှာရှိရင် ဒီလိုဖြစ်ပါ့မလား"

"ဒါဆို . . . မင်း ဘယ်သူနဲ့ပါလာတာလဲကွ၊ မင်းက ဘာကောင်လဲ"

"စာရေးဆရာပါ"

"ဟာ . . . ခဏနေဦးအစ်ကို၊ သိန်းမင်းက ကျွန်တော်တို့နဲ့ ညက ဂစ်တာဝိုင်းမှာ စာရေးဆရာဆိုပြီး မိတ်ဆက်ပေးတယ်၊ ပြီးတော့ အဲဒီအစ်ကိုက သူအိပ်ချင်ပြီဆိုပြီးပြန်သွားတာ၊ အိမ်မှားတယ်ထင်တာပဲ အစ်ကို"

"အေး . . . အဲဒါဆို သိန်းမင်းကိုသွားခေါ်ကွာ၊ ဟေ့ကောင် . . . မင်း ဘယ်မှမသွားနဲ့"

"လူများကိုသွားဟောက်မနေနဲ့၊ အပြစ်က . . . ရှင်၊ ကျွန်မမှာကြောက်လိုက်တာ၊ ရင်တွေ တဆတ်ဆတ်တုန်တယ်ရှင့်၊ ရှင်သိရဲ့လား။ သူ အောက်မှာအိပ်နေလို့သာ ကျွန်မ သတ္တိရှိပြီး အပေါ်ထပ်မှာအိပ်ရဲတာ၊ ဒီမှာ ကိုယ်ဝန်နဲ့ဘာနဲ့ဆိုတာကိုလည်း ရှင် သတိရစမ်းပါဦး"

ကျွန်တော်လည်း အခုမှ သေသေချာချာမြင်ဖူးသောမိန်းကလေး





ကိုကြည့်ရင်း ဟီးရိုးတစ်ယောက်ပါကလားဟု စိတ်ထဲက ခင်မင်မိတော့သည်။ ကျွန်တော့်ကို ဒုတ်နှင့်မိုးထားသောတီမှာ သူ့မိန်းမကို ဘာမှပြန်မပြောနိုင်ဘဲ ဆေးပေါ့လိပ်ကိုသာ ဖွာ၍နေ၏။

ထိုအချိန်မှာပင် ကျွန်တော်နှင့် တစ်ညတာအတူနေခဲ့သောတေီ ရောက်၍လာသည်။

"ဟာ . . . ဆရာရယ် ဘယ်လိုဖြစ်တာလဲ၊ ဆရာ အိမ်မှားတာလား"

"အေးပေါ့ကွာ၊ ရှင်းတော့ ရှင်းပြလိုက်ပါဦးကွာ"

"ဇော်ကြီး . . . ဒါ ငါ့ဆရာပါကွာ၊ ငါနဲ့အတူ မြို့ထဲကလာတာ၊ ငါက လမ်းထိပ်မှာထပ်ကစ်တုန်း သူက ပြန်ချင်တယ်ဆိုတာနဲ့ ငါ့အိမ်ကိုလည်း ရောက်ပြီးပြီဆိုတော့ ပြန်အိပ်လို့ပြောလိုက်တာ၊ အဲဒါ အိမ်မှားသွားတယ်နဲ့တူပါတယ်ကွာ၊ ခွင့်လွှတ်ပါဇော်ကြီးရာ"

ဒီတော့ ဇော်ကြီးဆိုသောသူသည် ကျွန်တော့်ဘက်ကိုလှည့်ပြီး ကျေနပ်သောအမူအရာနှင့် ကြည့်သည်။

"မင်းကလည်းကွာ နာမည်လေးဘာလေးတောင် ပြောမထားဘူးလား"

"အေးကွာ . . . ငါ့အမှားပါ၊ ငါက သူ့ကိုသိနေတော့ ပြီးပြီလို့ သဘောထားပြီး နာမည်ကိုမပြောမိဘူး"

"စာရေးဆရာသာဆိုတယ်တော်၊ လူကလည်း သေးသေးကလေးပါလား"

"ဗျာ"

"ဟဲ့ကောင်မ . . . နင့်ပါးစပ်ကိုပိတ်ထားစမ်း၊ စာရေးဆရာဆိုတာက သေးသေးကြီးကြီး နင်နဲ့ဘာဆိုင်လို့လဲ၊ ကျွန်တော်တောင်းပန်ပါတယ်ဗျာ၊ ရိုးရိုးသားသားမှားတာဆိုရင် ကျွန်တော့်အပြုအမူက ရိုင်းသွားရင် ခွင့်လွှတ်ပါ။ ကျွန်တော့်မှာ ငယ်ငယ်တုန်းကရေးထားတဲ့ ကဗျာကလေးတွေလည်း ရှိပါတယ်"


www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့. . . "

ထိုအချိန်တွင် ကျွန်တော့်ဘက်ကကာကွယ်ပြောခဲ့သော ဟီးရိုးက ခါးကိုထောက်ပြီး သူ့ယောက်ျားကို မျက်စောင်းတစ်ချက်ထိုး၍ အနားမှထွက်သွားလေသည်။ အချိန်ကလည်း ခြောက်နာရီကျော်ကျော် အရက်ကျင်းချိန်ဖြစ်သည်။

ထို့ကြောင့် ကျွန်တော်တို့အားလုံး ဘာလုပ်ကြသည်ထင်ပါသနည်း။

ပဲပြုတ်တစ်ဆယ်သားဝယ်ပြီး ဘီအီးတစ်လုံးဝယ်၍ မောနင်းပက်ဆိုပြီး သောက်လိုက်ကြရာ အားလုံးပြောင်သွားသဖြင့် ထိုအိမ်တွင်ပင် မောနင်းအိပ်ကြီးလုပ်ပြီး နေ့လည်တစ်နာရီမှ နိုးပါတော့သည်။

ကျွန်တော့်ဘက်က ခုခံကာကွယ်ပြောခဲ့သော အိမ်ရှင်မကလေးနာမည်မှာ မတင်တင်မျိုးဟုခေါ်ပြီး ကျွန်တော်ကိုတီးမည့် သူ့ယောကျာ်းအမည်မှာ ဇော်ကိုကိုကြီးဟု သိရပါသည်။

ကျွန်တော်သည် သူတို့နှင့် တစ်ဝိုင်းတည်း အတူထမင်းစားပြီး ညနေလေးနာရီထိုးမှ သူတို့အိမ်မှ ပြန်ခဲ့ရပါသည်။

သိန်းမင်းဆိုသည့်ငတိကတော့ အားနာ၍ပဲလား၊ မျက်နှာပူ၍ပဲလားမသိ ကျွန်တော့်ထံရောက်မလာတော့ဘဲ တစ်နေ့လုံး ပျောက်၍နေပါသည်။

ထူးဆန်းသည်မှာ ကျွန်တော့်ကို "စာရေးဆရာ"ဟုသာသိပြီး ကျွန်တော့်ကလောင်အမည်ကို ပြောပြတော့လည်း သူတို့မသိ၊ ကျွန်တော်ရေးသောစာကိုလည်း တစ်ပုဒ်တစ်လေမှ ဖတ်ဖူးကြဟန်မရှိပါဘဲ ကျွန်တော့်ကို တစ်ခါတည်း ခင်မင်သွားကြခြင်းပင်ဖြစ်ပါသည်။

သို့သော်လည်း ကျွန်တော် ထိုနေရာ၊ ထိုအိမ်သို့ ယနေ့အထိ တစ်ကြိမ်မျှ ပြန်မသွားဖြစ်တော့ပါ။ ကျွန်တော် အခုသွားလျှင်လည်း မှတ်မိတော့မည်မဟုတ်ပါ။

ကျွန်တော် "အထီးကျန်"ပြီး "လူငတ်သောနေ့"က ဖြစ်ခဲ့ရသည့်





အဖြစ်အပျက်ကလေးတစ်ခုကို ပြန်လည်ရေးသားရင်း "လူငတ်သောနေ့"က တွေ့ကြုံခဲ့ရသည့် လူများအားလုံးကို ကျေးဇူးတင်ရှိပါသည်ခင်ဗျား။

■



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ကားဆရာ. . . "မိန်းမ"

လူတစ်ယောက်သည် ကိုယ့်စိတ်ခံစားချက်ကို အခြားလူတစ်ယောက်ထံတွင် အပ်နှံထားရသောအချိန်သည် ဘဝတွင် အပင်ပန်းဆုံးသောအချိန်ဖြစ်သည်ဟု ကျွန်တော် ပြောချင်ပါသည်။ သဘောမတူသူများရှိလျှင်ရှိစေ၊ ခံစားချက်တူသောလူတစ်ယောက်က "ဟုတ်လိုက်တာ" ဟု ခေါင်းတစ်ချက်ညိတ်လိုက်လျှင် ကျွန်တော် ကျေနပ်နိုင်ပါသည်။

ယခု ရက်ပိုင်းအတွင်း ကျွန်တော့်စိတ်ခံစားချက်ကို လူတစ်ယောက်ထံသို့ ပေး၍ထားရပါသည်။ ထိုသူ မည်သူလည်းဆိုတာကိုတော့ ကျွန်တော် မပြောချင်ပါ။ လူတစ်ယောက်ဘဝတွင် တစ်ခါတစ်ရံ ခံစားချက်ကလေးတွေကိုပဲ ပြောပြီး ထိုခံစားချက်ကိုပေးခဲ့သော လူ၏အမည်နာမကို မပြောခြင်းသည် အရသာရှိတတ်သည်ဆိုတာကို ကျွန်တော် တစ်ကြိမ်နှစ်ကြိမ် ခံစားဖူးသဖြင့် မပြောခြင်းဖြစ်ပါသည်။

ကျွန်တော့်ကို လူပါးဝသည် ဟုပြောချင်လျှင်လည်း ကျွန်တော် ခံနိုင်ပါသည်။

ကျွန်တော့်အတွေးကတော့ သူ့အတွက်လည်းလွတ်. . .၊ ကိုယ်လည်း ကိုယ့်ခံစားချက်ကိုသိရစေသဖြင့် ကျေနပ်နိုင်ကြောင်းကို နားလည်ပေးနိုင်လိမ့်မည်ထင်ပါသည်။ ထိုသို့ စိတ်ချုပ်တီးခြင်းသည်လည်း





လူ့ဘဝတွင် ပြုနိုင်ခဲ့သော ကုသိုလ်တစ်မျိုး. . . ဖြစ်သည်ဟု ကျွန်တော် ယုံကြည်သည့်အတိုင်း ပါးစပ်က ဘုရားစကားတွေပြောပြီး လူကလောဘဖော်တွေတက်နေသော လူမျိုးနှင့် တွေ့ရသည့်အခါ "သာဓု. . သာဓု" ဟု စိတ်ထဲက မခေါ်နိုင်သော်လည်း ကျွန်တော့်ဝိညာဉ်အတွင်းမှာ မုန်းတီးညိုငြင်ခြင်းမရှိခဲ့ပါ။

ထိုနေ့က ကျွန်တော် "ဟန်သစ်" မဂ္ဂဇင်းအယ်ဒီတာချုပ်ဖြစ်သော ကိုတင်ကိုအောင်အိမ်သို့ သွားခဲ့သည်။

ကျွန်တော်သည် စိတ်ကျဉ်းကြပ်သည့်အခါမျိုးတွင် ကိုယ့်စိတ်ကလေးကို ကိုယ် ထွက်ပေါက်ကလေးတစ်ခုရအောင်တော့ ကြံဖန်စဉ်းစားလေ့ရှိပါသည်။ ယခု ကျဉ်းကြပ်နေသည့်စိတ်အတွက် ထွက်ပေါက်ကို စဉ်းစားသောအခါ ကျွန်တော် ဘာလုပ်ချင်သနည်း. . .။ ဘယ်သူနှင့်တွေ့ချင်သနည်း. . .။ ဘယ်ကိုသွားချင်သနည်း. . .။ ဘာစားချင်သနည်း. . . ဟု စဉ်းစားပြီး. . . နောက်ဆုံး ညနေလေးနာရီခွဲလောက်မှာ အိမ်မှထွက်၍ "ဟန်သစ်" ၏ အယ်ဒီတာချုပ်အိမ်သို့ သွားမိခြင်းဖြစ်ပါသည်။

ဒီနေ့အဖို့တော့ ကျွန်တော်သည် ကိုတင်ကိုအောင် (ကိုချောနွယ်ကတော့ "ပျားရည်ကုန်းမောင်တင်" ဟု ခေါ်လေ့ရှိ၏၊ ဆရာတင်ကိုအောင်သည် အရင်တုန်းက ပျားရည်ကုန်းတွင်နေခဲ့ဖူးသည်) နှင့် အတူနေမည်။ ပြီးလျှင် သူနှင့်အတူ ထိုင်နေကျ နာမည်မရှိသော ဘီအီးဆိုင်ကလေးမှာ အရက်သောက်သည်။ အမြည်းခပ်များများကိုလည်း စားမည်။ ပြီးတော့ အနုပညာအကြောင်းတွေဘာတွေလည်း ကျွန်တော်က ထင်ရာမြင်ရာတွေပြောမည်ဟု စိတ်ကိုမကျောင်းတော့ဘဲ လွှတ်ပေးထားရန်အတွက် ဆရာတင်ကိုအောင်၏အိမ်ကို ရောက်သွားသည့်အခါ ဆရာက မြို့ထဲသို့သွားရန်အတွက် ဖြစ်၍နေသည်။

"ကောင်လေး. . . ငါ မြို့ထဲသွားမလို့. . . လိုက်ခဲ့. . ."

"ဟုတ်. . . အစ်ကိုကြီး"

ဟန်သစ်အယ်ဒီတာချုပ်က ကျွန်တော့်ပုခုံးကလေးကို ဖက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



သူနှင့် ကျွန်တော် ဘတ်(စ်)ကားဖြင့် မြို့ထဲသို့ထွက်ခဲ့ကြသည်။

ဆရာတင်ကိုအောင်သည် မြို့ထဲသို့သွားမည်ဟုပြောလျှင် ဘားလမ်းက ကိုထွန်းရီလက်ဖက်ရည်ဆိုင်ကိုပဲ သွားမည်ဆိုတာကို ကျွန်တော် သိပါသည်။

ကျွန်တော်ကလည်း စိတ်ကိုလွှတ်ပေးထားချင်သူမို့ ကြိုးပြတ်နေသော စွန်တစ်ကောင် လေယူရာသို့ မငြင်းနိုင်ဘဲ ပါသွားသလိုမျိုး ဆရာတင်ကိုအောင်၏နောက်သို့ ဘာတစ်ခွန်းမှမပြောတော့ဘဲ လိုက်၍ သွား၏။

ထိုအချိန်က ဘားလမ်းကိုထွန်းရီ၏ လက်ဖက်ရည်ဆိုင်သည် ပလက်ဖေါင်းဘေးတွင် ရောင်းသည်ဆိုသော်လည်း ထိုင်ခုံမရှိပါ။ ဒေသန္တရဆေးပေးခန်းတစ်ခု၏ရှေ့တွင် နှစ်ပေခန့်ရှိသော မြောင်းကလေးပေါ်တွင် လူတစ်ယောက်စာခင်းထားသော ဖျာကလေးတွေနှင့် ထိုင်ပြီး လက်ဖက်ရည်ထိုင်သောက်ရခြင်း ဖြစ်သည်။

လူတစ်ယောက်ဝင်လာလျှင် ထိုင်နေသည့်လူတွေက အလိုက်တသိ နေရာရွှေ့ပေးကြရ၏။

ဤသို့ ထိုင်ရတာကိုပင် မက်မောနေသလားတော့မသိ။ ထိုဆိုင်မှာ စာရေးဆရာတွေ၊ ကဗျာဆရာတွေ၊ ဆောင်းပါးဆရာတွေ၊ အယ်ဒီတာတွေ၊ ကျွန်တော်တို့လို အနုပညာဆိုတာကို ရိပ်မိယုံလူတွေ သတင်းသမားတွေ၊ စာရေးဆရာမတွေ (ခက်မာ၊ မိုချနှင့် နှင်းဝေမြိမ်းတို့ကို ဆိုလိုသည်. . .) ကာတွန်းဆရာတတွေ (ကိုဝင်းအောင်ပါခင်ဗျား) လာထိုင်လေ့ရှိကြသည်။

"ဟန်သစ်" ၏ အယ်ဒီတာချုပ် ကိုတင်ကိုအောင်မှာ ဘယ်တော့မှ ၃၃-လမ်းရှိ လေထန်ကုန်းတွင်မထိုင်တတ်ပါ။ ဘာကြောင့်မှန်းလည်း ကျွန်တော်မသိပါ။

သူ့ကို နားထင်ကို သေနတ်နှင့်ချိန်ပြီး "၃၃-လမ်းမှာ ထိုင်မလား" "အသေခံမလား" ဟုဆိုလျှင် ဆရာတင်ကိုအောင်သည် ပြုံးပြုံးကလေး အသေခံသွားမည့်လူမျိုးသာဖြစ်သည်ဟု ကျွန်တော့်စိတ်ထဲတွင် ခံစားရပါသည်။

ကျွန်တော် သူ့ကို အားကျတာတစ်ခုရှိသည်။

ဆရာတင်ကိုအောင်သည် သူ့စိတ်ခံစားချက်ကို အခြားလူတစ်ယောက်ထံတွင် ဘယ်တော့မှ အပ်နှံမည့်လူမဟုတ်ခြင်းပင် ဖြစ်သည်။

ထိုနေ့က ကိုထွန်းရီဆိုင်မှာ "ဆရာလူသာကျော်" နှင့် တွေ့ပါသည်။ ဆရာက ဟန်သစ်တွင် ဆောင်းပါးတွေရေးသည်မှာ လေးငါးနှစ်တိုင်ခဲ့ပြီဖြစ်ပြီးသော်လည်း သူတို့နှစ်ယောက်တွေ့ကြသောအခါ ဘာစကားမျှမပြောဘဲ "ဆရာလူသာကျော်" က စာမူတစ်ပုဒ်ကို ပေးသည်။ ဟိုကယူသည်။ သူတို့ကိစ္စသည် ပြီးလေပြီ။

စာမူပေးပြီးတော့ ဆရာလူသာကျော်က သူ့လက်မနှစ်ချောင်းကို အချင်းချင်းပွတ်ရင်း ပြုံး၍နေ၏။ ဘားလမ်း ညနေခင်းနေရောင်ကလည်း ရှင်းရှင်းလင်းလင်း ထွန်းပ၍နေသဖြင့် ဆရာလူသာကျော်၏ ရိုးရိုးသားသားကြီး ပြုံးတတ်သောအပြုံးသည် ဘားလမ်းညနေရီထဲမှာ လှလှပပကြီးရှိနေသည်ဟု ကျွန်တော် ခံစားရသည်။

"ကောင်လေး. . . မုတ်သုန်ကြီးကို ဒီစာမူသွားပေးကွာ"

ကိုတင်ကိုအောင်က သူလွယ်ထားရသော လွယ်အိတ်အလေးကြီးထဲက စာမူတစ်ပုဒ်ကို တောင်ရှာမြောက်ရှာနှင့် ရှာပြီး ထုတ်၍ ကျွန်တော့်ကို ကျောဘက်မှအုပ်၍ပေးသည်။

ကိုတင်ကိုအောင်သည် "ဟန်သစ်" မဂ္ဂဇင်းတွင်ပါမည့် စာမူကို လူအမြင်ခံလေ့ ဘယ်တုန်းကမျှမရှိပါ။ ကျွန်တော့်ကို လူအမြင်မခံရအောင်ပေးလျှင် ကျွန်တော်ကလည်း ထိုစာမူကို ကြည့်လေ့မရှိပါ။ ဒါကြောင့် ကိုတင်ကိုအောင်က "မင်းလည်း ဗြိစ္ဆာရာသီ (SCORPIO) ဖွား။ ငါကလည်း ဗြိစ္ဆာရာသီဖွား၊ သစ္စာနီကလည်း ဗြိစ္ဆာရာသီဖွားတွေကွ၊ ဒီတော့ လျှို့ဝှက်သင့်တာကိုလျှို့ဝှက်တာ ကောင်းတာပေါ့ကွာ" ဟု ပြောထားဖူးသောစကားရှိသဖြင့် ကျွန်တော် ထိုစာမူကို တစ်ချက်ကလေးမျှ လှန်မကြည့်ဘဲ လေထန်ကုန်းသို့ ထွက်၍လာခဲ့သည်။

လေထန်ကုန်းကိုရောက်တော့ ကျွန်တော်တို့ပန်းချီဆရာကြီး





www.burmeseclassic.com

www.burmeseclassic.com

မုတ်သုန်က မရှိ။ နည်းနည်းမေးမြန်းကြည့်လိုက်တော့ စိန်ပေါ(လ်) ကျောင်းဝင်းအပြင်ဘက်တွင်ဖွင့်ထားသော (7 , 11) ဆိုသည့်ဆိုင်မှာ တွေ့ခဲ့သည်ဆိုသဖြင့် ထိုသို့ ကျွန်တော် ဗိုလ်ချုပ်လမ်းမှ လမ်းလျှောက်ပြီးသွားတော့ ဆရာမုတ်သုန်ကို ကဗျာဆရာအောင်ချိမ့်နှင့် ထိုင်နေတာ တွေ့သဖြင့် ကျွန်တော်လည်း ဗိုက်ကဆာနေသောကြောင့် ပေါက်စီတစ်လုံးစားရင်း စာမူကို ဘိန်းပေးသလိုပေးခဲ့ရ၏။

ထိုအကြောင်းများကို ကျွန်တော်ရေးနေခြင်းမှာ ကျွန်တော်ကြုံခဲ့ရသောအဖြစ်များကို အမှတ်တရပြန်ရေးခြင်းသာ ဖြစ်ပါသည်။

ကျွန်တော်သည် ဤသို့လည်း နေခဲ့ဖူးသည်ဆိုတာကို ရိုးရိုးသားသားပင် ဖွင့်ဟ၍ပြောချင်ခြင်းမှတစ်ပါး အခြားရည်ရွယ်ချက် တစ်စုံတစ်ရာမျှမရှိပါ။ လွမ်းလို့ရေးမိတာတော့ ဖြစ်နိုင်ပါသည်။

ကျွန်တော် ဘားလမ်းကိုထွန်းရီဆိုင်ကိုပြန်ရောက်တော့ ကိုခင်ဇော်ရောက်နေပြီ၊ ကိုသန်းထိုက်လည်း ရောက်နေပြီဖြစ်သည်။ သူတို့နှစ်ဦးစလုံးက ဟန်သစ်မဂ္ဂဇင်း၏ အယ်ဒီတာများဖြစ်ပါသည်။ (ကိုခင်ဇော်မှာ စာရေးဆရာချစ်ဦးညို၏ ညီအရင်းခေါက်ခေါက်ကြီးဖြစ်ပြီး ကိုသန်းထိုက်မှာ မြန်မာစာကို မဟာဝိဇ္ဇာတန်းတက်နေသူတစ်ဦး ဖြစ်၏။)

ကျွန်တော်တို့ ဟိုကိစ္စ၊ ဒီကိစ္စတွေကို အားရပါးရပြောကြသည်။ (ဘာတွေလည်းဆိုတာတော့ မမှတ်မိတော့ပါ။)

ပြီးတော့ ချီတက်ကြမယ်ဆိုပြီး အောက်ဘက်ကမ်းနားလမ်းမှ (၃၁)သစ်သားဘတ်စကားကြီးကို စီးပြီး တာမွေမှ နာမည်မရှိသော ကျွန်တော်တို့ ဘီအီးဆိုင်ကလေးသို့ ရောက်ခဲ့ကြပါသည်။

ထိုဆိုင်ကလေးအကြောင်းကို ကျွန်တော် နည်းနည်းတော့ ပြောပြချင်ပါသည်။

အံ့သြလောက်အောင်မဟုတ်သော်လည်း အခြားအရက်ဆိုင်တွေနှင့် ကွဲပြားသော မတူသောအချက်ကလေးတွေ ရှိနေသောကြောင့် ဖြစ်ပါသည်။ ကျွန်တော်သည် နေရပ်လိပ်စာကိုမရေးတော့ပါ။ တာမွေ





က "အတယ်ကြီးဆိုင်" ဟုသာ ကျွန်တော်တို့က ခေါ်ကြသည်။ (ဆိုင်နာမည်လည်း မရှိချေ. . . )

ထိုဆိုင်၏ထူးခြားချက်မှာ ပဲခြမ်းသုပ်အလွန်ကောင်းခြင်း၊ ထိုင်ခုံမှန်သမျှ သစ်သားဘတ်(စ)ကား နောက်ဘက်တန်းကထိုင်ခုံများ ဖြစ်နေခြင်း၊ အရက်နှင့်အမြည်းများစားသောက်ပြီး Bill ရှင်းမည်ဆိုလျှင် အတယ်ကြီးက သူ့နားတွင်ညှပ်၍ထားသော မြေဖြူခဲကိုဖြုတ်ပြီး ကျွန်တော်တို့သောက်သော ထိုင်ခုံတွင်ပင် မြေဖြူခဲနှင့် Bill ကို တွက်ချက်ခြင်း၊ ထိုအတယ်ကြီးက တော်တော်ကြီးမူးနေသောသူဆိုလျှင် ဘယ်လောက်ပိုက်ဆံပေးပေး၊ တောင်းပန်၍ပြောပြော အရက်လုံးဝ ထပ်မရောင်းတော့ခြင်းတို့ ဖြစ်ပါသည်။

ထိုအကြောင်းအရာ တစ်ခုစီချင်းကို ကျွန်တော် ဝတ္ထုတိုတစ်ပုဒ်စီရေးမည်ဟု စိတ်ကူးထားသော်လည်း တစ်ခုစီပြန်တွေးလိုက်တိုင်း လုံးချင်းဝတ္ထုရေးမှပဲရမှာပဲဆိုကာ မရေးဖြစ်ခဲ့ပါ။ (ဘယ်အချိန်ကျမှ ရေးဖြစ်မည်မသိ)

ကျွန်တော်တို့ အတယ်ကြီးဆိုင်ရောက်တော့ စားစရာနှင့်သောက်စရာတွေမှာကြသည်။ အတယ်ကြီးသည် နေ့စဉ်လာသောက်နေသော ဖေါက်သည်ကိုလည်း စကားပြောလေ့မရှိပါ။ ပုံမှန်ပင် သူလုပ်စရာရှိတာကိုလုပ်ပြီး သူချပေးစရာရှိတာကိုချပေး၊ သူတွက်စရာရှိတာကိုတွက်၊ သူယူစရာရှိသောငွေကို ယူတတ်သူဖြစ်ပါသည်။

သူ့ဆိုင်ကလေးကတော့ (၁၀)ပေခန့်သာ ထိုစဉ်ကရှိပါသည်။ သို့သော် ကျွန်တော်တို့အဖွဲ့သားများ သူ့ဆိုင်တွင်ပျော်ကြ၏။ အတယ်ကြီးက မှာ၍သောက်နေသော အရက်မကုန်မချင်းတော့ ဘာကိုမျှမပြော။ ထိုအရက်ကုန်သွားပြီး နောက်ထပ် ထပ်မှာလျှင်တော့ "မရောင်းတော့ဘူး" ဟု တည်တည်ပြတ်ပြတ်ကြီး ပြောတတ်သည်။

သို့သော် ကိုတင်ကိုအောင်မှာလျှင်တော့ ဘာမျှမပြောဘဲ မှာသောအရက်ကို ထည့်ပြီး စားပွဲပေါ်သို့ "ဂွပ်"ခနဲ လာချသွားလေ့ရှိသည်ကို ကျွန်တော် အကြိမ်ပေါင်းများစွာ ကြုံခဲ့ရဖူးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့်လဲ" ဟု ကျွန်တော် အကြိမ်ကြိမ်စဉ်းစားသော်လည်း အဖြေမရခဲ့ပါ။ နောက်ဆုံး စဉ်းစား၍ရသည်က ကဗျာဆရာ ကိုချောနွယ်က ချစ်စနိုးဖြင့် ပျားရည်ကုန်းမောင်တင်ဟုခေါ်သော ဟန်သစ်အယ်ဒီတာချုပ် ဆရာတင်ကိုအောင်၏ အနေအထိုင်တည်မှုကြောင့်ပင် ဖြစ်လိမ့်မည်ဟုထင်ပါသည်။

အရက်မူးလာသည့်အခါတွင် လူတစ်ယောက်တွင် အကျင့် အမျိုးမျိုးရှိတတ်ကြသည်။

ထိုအကြောင်းကို နောက်ဝတ္ထုများတွင်မှ ကျွန်တော် အသေးစိတ်ရေးချင်ပါသည်။

ကျွန်တော်က အရက်မူးလျှင် သောက်စကားများချင်သည်။

(သောက်ထားပြီးမှ ပြောသောစကားများကို ဆိုလိုသည်)

ကိုတင်ကိုအောင်ကတော့ အဖိုးကြီးလက်ဖက်သုပ်စားရင်းမှ နှမ်းတွေ သူ့နှုတ်ခမ်းမှာကပ်နေတာကိုမသိတော့ဘဲ ခပ်တည်တည်ကြီးနှင့် နေနေတတ်သည်။

ကိုခင်ဇော်က အောက်သွားနှင့်အပေါ်သွားကို တဂတ်ဂတ်ရိုက်တတ်ပြီး ကိုသန်းထိုက်က စကားလုံးဝမပြောတော့ဘဲ ကိုညိုကတော့ အင်္ကျီလက်များကို ပုခုံးသို့ ပင့်၍ပင့်၍တင်ကာ "ဘာပြုသေးတုန်း" "ဒီလိုဖြစ်တော့ဘာပြုသေးတုန်း" ဟု ဘာကိုပြောမှန်းမသိဘဲ ပြောတတ်သည်။

ထိုနေ့က အတယ်ကြီးဆိုင်တွင် ကိုခင်ဇော်လည်း မေးရိုက်၊ ကိုသန်းထိုက်ကလည်း စကားမပြောတော့ဘဲ ဖိတွယ်၊ ကျွန်တော်ကလည်း သောက်စကားတွေများ၊ ကိုတင်ကိုအောင်ကလည်း နှုတ်ခမ်းမှာ နှမ်းတွေကပ်ပြီး ကိုညို့အင်္ကျီက ပြမှာတောင်စိုးရသည့်အထိ ပုခုံးပေါ်ရောက်နေတော့မှပင် ကျွန်တော်တို့ လမ်းခွဲကြ၏။

တာမွေထိပ်အထိ ကျွန်တော် ကိုတင်ကိုအောင်နှင့် ကိုညိုတို့အတူ လမ်းလျှောက်ပြီး ကိုသန်းထိုက်ကတော့ ကြည့်မြင်တိုင်ဘက်ကို သွားရမှာမို့ သူ့ကားရှိရာသို့ ခွဲထွက်သွားရသည်။



ကျွန်တော့်စိတ်ထဲမှာ ညနေတုန်းကရှိနေသော ခံစားချက်တွေ မရှိကြတော့ဘဲ ကမ္ဘာမြေကြီးသည် နိမ့်လိုက်မြင့်လိုက်ဖြစ်နေသည်ဟုသာ ထင်ပါတော့သည်။ တာမွေထိပ်သို့ရောက်သောအခါ "ဒဂုံမြို့သစ်. . . ဒဂုံမြို့သစ်. . ." ဟုအော်သော ဒိုင်နာကားတစ်စင်းကို တွေ့သဖြင့် ကိုခင်ဇော်က သူ့မေးကိုရိုက်ရင်း နှုတ်ဆက်ပြီး ကားပေါ်တက်၍သွားသည်။ သူတက်ပြီးသည်နှင့် ကားကလည်း ဒလကြမ်းကြီးကို မောင်းချသွားသဖြင့် တစ်ယောက်တော့ ကိစ္စအေးပြီဟု သဘောထားလိုက်ကြပါသည်။ (ထိုစဉ်မှာ အမူးသမားတို့၏ထုံးစံ စိတ်နှလုံးဖြစ်ပါသည်)

ကိုတင်ကိုအောင်နှင့် ကိုညိုတို့က "ယောက်ဖ"တွေဖြစ်သဖြင့် အိမ်ချင်း ဖင်ခြင်းပေါက်နေကြတော့ အတူတူပြန်ကြမည်ဖြစ်သည်။ ကျွန်တော်ပြန်ဖို့ သင်္ဃန်းကျွန်းကားကတော့ မရှိ။

ဒီတော့ ကျွန်တော့်မှာလည်း ငွေယားကလေးကပါလာသဖြင့် ကားငှားဖို့ဆုံးဖြတ်လိုက်ပြီး ကိုတင်ကိုအောင်တို့ကို ပြောတော့ သူတို့ကလည်း သဘောတူပြီး နှစ်ယောက်တစ်ယောက် လမ်းခွဲလိုက်ကြပါ၏။

အဲဒီမှာ . . .

ကျွန်တော့်ဇာတ်လမ်းက . . . စလေသည်။

•

ကျွန်တော်လည်း မူးမူးနှင့်လျှောက်လာရင်း တာမွေ မရိုးဆန်းရုပ်ရှင်ရုံထိပ် ထမင်းကြော်ဆိုင်တွေနားမှာ ရပ်ထားသော (ကက) ကားများထဲမှ ကားတစ်စင်းကိုတွေ့သောအခါ ဒရိုင်ဘာအခန်းတံခါးဖွင့်၍ထားသဖြင့် ငုံ့ကြည့်လိုက်မိရာ ကားရှေ့ခန်းတွင် အမျိုးသမီးတစ်ယောက်ထိုင်နေသည်ကို တွေ့ရသဖြင့် "အာ. . ." ဟုသာ အသံပေးရင်း လှည့်ထွက်မည့်အချိန်တွင်. . .

"ဆရာ. . . ဘယ်ကိုသွားမှာလဲ. . . ဆရာ"

"ရပါတယ်ဗျာ၊ ခရီးသည်နဲ့ဆိုနေပါ"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ပြောသောအစီပွါယ်က အချို့ကားဆရာများသည် ခရီးသည်တစ်ယောက်ကို ကားပေါ်တင်ထားပြီး နောက်လူကြုံခရီးသည် တင်၍ ပတ်မောင်းပို့တတ်လေ့ရှိရာ ထိုကဲ့သို့ကြုံရပြီး အိမ်အပြန်နောက်ကျခဲ့ရပေါင်းများလှပြီဖြစ်သောကြောင့် ကျွန်တော်က ရှောင်ခြင်းဖြစ်ပါသည်။ သို့သော် ကားဆရာက မောင်းခန်းထဲမှထွက်လိုက်ပြီး. . .

"ခရီးသည်မဟုတ်ပါဘူးဗျာ၊ သူက ကျွန်တော့်မိန်းမပါ။ ဆရာက ဘယ်ကိုသွားချင်တာလဲ"

"စံပြဈေးဂုံးကျော်တံတားကို သိတယ်မဟုတ်လား"

"ဟာ. . . သိတာပေါ့ဆရာရယ်၊ ဖွင့်တာမှ သိပ်မကြာသေးတဲ့ဟာကို"

"အိုကေ. . . ဒါဆိုရင် အဲဒီတံတားအဆင်းကလေးကိုပဲ သုဝဏ္ဏကြက်/ဘဲဈေးဘက်ကမောင်းရင် အဲဒီတံတားကို မရောက်ဘူး"

"အိုကေ. . . ကျွန်တော် ဘယ်လောက်ပေးရမလဲ"

ကားဆရာက တစ်ချက်စဉ်းစားသွားသည်။

ထိုအချိန်တွင် ခေါင်းခန်းထဲတွင်ထိုင်နေသော သူ့ဇနီးဆိုသည့် အမျိုးသမီးက ထွက်လာပြီး ကားဆရာ၏နံဘေးတွင်ရပ်ရင်း ကျွန်တော့်ကိုကြည့်သည်။

ကျွန်တော် အသက်ကိုအောင့်ထားမိသော်လည်း ထိုအမျိုးသမီးက ကျွန်တော် အရက်သောက်လာကြောင်းကိုတော့ သိသည်။ လက်ခလယ်နှင့် နှာခေါင်းကို တစ်ချက်သတ်လိုက်သည်။

မှန်ပါသည်။

အရက်မသောက်တတ်သော မိန်းကလေးများနှင့် အရက်သောက်ထားသော ယောကျ်ားလေးသည် ပေ(၂၀)အကွာလောက်က ခွာ၍ စကားပြောဦးတော့ ထိုမိန်းကလေးက ထိုငတိပါးစပ်မှအရက်နံ့ကို ကောင်းစွာရလေသည်။

ယခု ကျွန်တော်တို့စကားပြောနေရတာက ငါးပေတောင်မကွာတော့ဘူးဆိုတော့ ကျွန်တော်တီးလာတာကို ထိုမိန်းမက သိမှာသေချာ





ပါသည်။ ကားဆရာကတော့ ကားသော့ကလေးကို ရမ်းရင်းရမ်းရင်းဖြင့် ဈေးကိုစဉ်းစားနေသည်။ ကျွန်တော် သူတို့ကားကိုထားခဲ့ပြီး တစ်ခြားကားတစ်စင်းကို ငှားချင်နေသော်လည်း အားနာသည့်စိတ်ကြောင့် ပစ်ပြီးထွက်မသွားဖြစ်ချေ။

"ခြောက်ရာတော့ပေးဗျာ"

ထိုအချိန်တုန်းက ကားဈေးများကိုပြောလျှင် အခုစာဖတ်ပရိသတ်များက ရယ်ကောင်းရယ်ကြလိမ့်မည်။ ထိုအချိန်က နေ့ခင်းဘက်မြို့ထဲသို့ ကကငှားမည်ဆိုလျှင် အများဆုံးသုံးရာနှင့် သုံးရာ့ငါးဆယ်သာရှိ၏။ အခု ကားဆရာတောင်းသောဈေးကို မစီးချင်တော့သဖြင့် အတော်ဖြစ်သွား၏။

"အာ. . . အဲဒါဆိုများတယ်ဗျာ၊ နေပါစေတော့ဗျာ"

ကျွန်တော် ဝမ်းသာအားရလှည့်အထွက်တွင် ကားဆရာက ရှေ့မှဝင်ရပ်ရင်းနှင့် ကျွန်တော့်ကို အပြုံးဖြင့်ပြောသည်။

"အဲဒီလိုတော့မလုပ်ပါနဲ့ ဆရာရယ်၊ ဆရာက ဘယ်လောက်ပေးချင်လို့လဲ"

"မဟုတ်ပါဘူးဗျာ၊ ထားလိုက်ပါတော့. . ."

"အာ. . . ဆရာကလည်း. . . အဲဒီလိုမလုပ်ပါနဲ့၊ ဆရာပေးချင်တဲ့ဈေးကို ပြောပါဦး"

ကျွန်တော် စဉ်းစားရကြပ်၍သွားသည်။ နှစ်ရာတို့ သုံးရာတို့ဆိုလျှင်လည်း ညကနက်နေသဖြင့် မဖြစ်နိုင်မှန်း ကျွန်တော်သိသည်။ ကျွန်တော်လှမ်းကြည့်တော့ ဟိုဘက်မှာထိုးထားကြသော (ကက) ကားများကိုလည်း တွေ့နေရပြီး ထိုကားဆရာများကလည်း ထိုကားဆရာနှင့်ဈေးမတည့်လျှင် ဒီငတိ သူတို့ဆီရောက်လာမှာပဲဆိုသော သဘောမျိုးနှင့် လှမ်း၍ကြည့်နေကြ၏။

"မောင်လေး. . . ပေးနိုင်တဲ့ဈေးကိုပြောလေ"

သူ့အမျိုးသမီးဆိုသူက ဝင်ပြောသဖြင့် ကျွန်တော် အားနာ၍သွားသည်။ သို့သော် ဈေးမတည့်လည်းပြတ်တာပဲဟု သဘောထားရင်း



www.burmeseclassic.com

www.burmeseclassic.com

သူတို့ကိုမကြည့်ဘဲ ပြောချလိုက်၏။

"လေးရာဗျာ"

"မောင်လေးရယ်. . . နှစ်ရာကြီးတောင်ဆစ်တာတော့ လွန်တာပေါ့၊ ခြောက်ရာတန်တဲ့လမ်းကို နှစ်ရာဆစ်တော့. . ."

"အဲဒါဆိုလည်း ကျေးဇူးပါပဲဗျာ"

ကျွန်တော် အပြုံးဖြင့် ယဉ်ကျေးစွာပြောရင်း လှည့်အထွက်တွင်. . .

"ကိုယ့်ဆရာ. . . လာ. . . သွားမယ်. . . ကားပေါ်တက်၊ လေးရာနဲ့သွားမယ်"

ကားဆရာက ပြောပြောဆိုဆိုဖြင့် သူ့နောက်ခန်းတံခါးကို ဖွင့်၍ပေးသည်။

ထိုအချိန်တွင် ကျွန်တော် ဘာလုပ်ရတော့မည်နည်း။

ကိုယ်ဆစ်ထားသောဈေးကိုရလျှင် သဘောတူရုံသာရှိတော့သည့်အပြင် ရွေးချယ်စရာ ဘာမှမရှိတော့ဆိုတာကို နားလည်သဖြင့် သူဖွင့်ပေးသောကားထဲသို့ ဝင်ထိုင်လိုက်ပြီး တံခါးပိတ်သံတွေကြားကာ ကားက စ,ထွက်လေသည်။

"ရှင်. . . ဘယ်လိုလုပ်လိုက်တာလဲ၊ ဒီမှာ ကျွန်မက ဈေးစကားပြောနေတဲ့ဟာကို ရှင်က. . ."

"နင်. . . တိတ်တော့. . . ငါကိစ္စငါသိတယ်"

"အမလေး. . . ရှင့်ကိစ္စကိုလည်း ကျုပ်ကသိပါတယ်။ ညဘက်ကားကလေးထွက်ဆွဲ၊ အရက်ကလေးသောက်၊ မယားငယ်တွေနဲ့ ပျော်ပါး၊ မူးလာရင် ရတဲ့ဈေးနဲ့လျှောက်လိုက်၊ အိမ်ကမိန်းမကတော့ ပေးသမျှနဲ့ ရအောင်စားရပြီး ဝဋ်ခံနေရရတာ၊ အခုလိုလိုက်လာတော့လည်း မကျေနပ်တဲ့မျက်နှာမျိုးနဲ့. . ."

"ဟဲ့. . . နင့်ကို ငါ တိတ်တော့လို့ပြောနေတယ်မဟုတ်လား"

"ပိုက်ဆံနှစ်ရာကို ရှင်က ကားသော့ကလေးရမ်းပြီးတော့ လွှတ်ပစ်လိုက်တာမဟုတ်လား၊ နှစ်ရာဆိုတာ နည်းသလား"





"တော်. . . ဒီမိန်းမတော့ကွာ၊ နောက်မှာ ခရီးသည်ပါတယ်၊ ဒီလမ်းနဲ့ဒီလမ်းကို ငါတန်တယ်ထင်လို့လိုက်တာ၊ နင် ကားလောကအကြောင်း ဘာသိလို့လဲ"

"အေး. . . မသိဘူးဟော့မသိဘူး၊ ကားသမားအကြောင်း ဘာမှမသိဘူး၊ ကားသမားမယား ထမင်းငတ်နေတာပဲသိတယ်"

"နင်. . . တိတ်ဆိုမတိတ်ဘူးလား"

"အစ်ကို. . . ကျွန်တော် ခြောက်ရာပေးပါ့မယ်ဗျာ၊ တော်ကြပါတော့"

"မောင်လေးဆီက ခြောက်ရာလိုချင်လို့မဟုတ်ဘူး။ ဒီကောင် ဒီလိုလုပ်နေတာကြာပြီဆိုတာကို သိလို့ တမင် ညမအိပ်ဘဲ သူ့ကားနဲ့လိုက်နေရတာ ခြောက်ညရှိ. . ."

"ဟာ. . . ဒီကောင်မ. . ."

ကားက ကြက်/ဘဲဈေးအကျော်ကလေးနားမှာ ထိုးရပ်သွားပြီး ကားဆရာက ရှေ့ခန်းမှာ သူ့ဇနီးကို တီးပါလေတော့သည်။

"ဟင်. . . အမလေး. . . အမလေး. . . နင် ငါ့ကို ရက်စက်လှချည်လားဟဲ့၊ မောင်လေးရေ. . . ကယ်ပါဦး. . . မောင်လေးရဲ့"

ကားဆရာ၏ဇနီးသည် ရှေ့ခန်းမှ ကျွန်တော်ရှိရာနောက်ခန်းသို့ ဂျမ်းထိုး၍ဝင်ရောက်လာ၏။ ကျွန်တော်နှင့်သူ လုံးထွေးသွားတော့ ကားဆရာသည် ဆက်၍မတီးတော့သဖြင့် ကျွန်တော် သက်သာရာရပါသည် ။

"နောက်ကို နင် ယောကျ်ားတွေလုပ်နေတဲ့အလုပ်ကို ဘာမှ နားမလည်ဘဲနဲ့ ဝင်မပြောနဲ့၊ အဲဒါ. . . မှတ်ထား. . ."

ကားဆရာမိန်းမက ငို၍နေသည်။ ဘာစကားမှတော့ ထပ်မပြောတော့။ ကျွန်တော်လည်း စိတ်တွေညစ်ပြီး ကားပေါ်ကတောင် ခုန်ချချင်နေပြီဖြစ်သည်။ နောင်ကို ဘယ်တော့မှ အရက်မူးပြီးပြန်မယ်ဆိုလျှင် ကားဈေးကိုမဆစ်တော့။ ပြီးတော့ မိန်းမတစ်ယောက်ပါသော ကားကို မစီးတော့ဟု ယတိပြတ်ဆုံးဖြတ်လိုက်၏။


www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော် ခြောက်ရာပဲပေးပါ့မယ်အစ်ကိုရာ"

"မလိုပါဘူး. . . ကိုယ့်ဆရာရယ်၊ ယောကျ်ားဆိုတာ ပြောပြီးရင် ပြောပြီးတဲ့စျေးပေါ့"

ကျွန်တော့်လမ်းထိပ်ရောက်တော့ သောက်ထားတာလည်းမရှိတော့။ ကားခပေးပြီး ကားပေါ်ကဆင်းလိုက်ရသည်။ ပျော်ရွှင်မှုအရသာသည် ဘာနှင့်မှ မလဲနိုင်လောက်အောင်ကို ရှိပါတော့သည်။

●

နောက်ရှစ်လခန့်ကြာတော့ ကျွန်တော်လည်း ထုံးစံအတိုင်း ဘီအီးကစ်ပြီး တာမွေထိပ်မှအပြန်တွင် ထိုကားဆရာနှင့် သွားတွေ့သည်။ ကားကတော့ အရင်တုန်းကကားမဟုတ်တော့ဘဲ ပြောင်းသွား၏။

"ဟာ. . . ကိုယ့်ဆရာ. . . လာ. . . လာ. . . တက်၊ ကျွန်တော် လိုက်ပို့ပေးမယ်"

ကျွန်တော်က မမှတ်မိသော်လည်း သူက မှတ်မိနေသည်။ သူ နှုတ်ဆက်တော့မှ ကျွန်တော် သူ့ကို ပြန်၍မှတ်မိခြင်းဖြစ်၏။

ကျွန်တော် ကြောက်ကြောက်နှင့် ကားရှေ့ခန်းကို ငုံ့၍ကြည့်လိုက်သည်။

"ဘယ်သူမှမပါဘူးဆရာ၊ ကျွန်တော် အဲဒီမိန်းမနဲ့ ကွဲသွားပြီ၊ ကျွန်တော့်အခုမိန်းမက သူ့တူမကလေးလေ၊ အေးဆေးပေါ့ဆရာ. . . လာ. . . ကားပေါ်တက်. . ."

နီကိုရဲ



www.burmeseclassic.com